www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
အောင်မိုး

ကွန်ပျူတာ
ဆုဇေအေးအောင်၊ ကြည်စိုးဟန်

ဖလင်
Empire

စာအုပ်ချုပ်
ကိုတင်အေး(လှိုင်)

ပုံနှိပ်ခြင်း
၂၀၁၃၊ ဖေဖော်ဝါရီလ

အုပ်ရေ
၁၀၀၀

တန်ဖိုး
၂၀၀၀ ကျပ်

၈၀၈.၈၃
သတိုးဝေဇ၊ စာရေးဆရာ
ဆိုင်းမတီးရွာ
သတိုးဝေဇ။ ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၁၃
စာ - ၁၈၀ ၊ ၁၂.၅ × ၂၀ စင်တီမီတာ
ဆိုင်းမတီးရွာ

www.burmeseclassic.com

www.burmeseclassic.com


- ပုံနှိပ်သူ
  ဦးကျော်ငွေးမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

- ထုတ်ဝေသူ
  ဦးအောင်မိုး(ယာယီ-၁၄၆၃)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၅၂(ပ-ထပ်)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃


www.burmeseclassic.com

www.burmeseclassic.com



# သတိုးတေဇ

ဆိုင်းမဝီးရှာ

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

တပေါင်းလ၏ မွန်းတိမ်းနေရောင်ဖျော့ဖျော့သည် မှိုင်းဖျဖျညို့သော လီမွှော်ရောင်၊ မရမ်းရောင် ရောယှက်လျက် ပပ်ကြားအက်ထနေသည့် ခြောက်သွေ့လယ်ကွင်းများပေါ် ဖိတ်တစ်ဝက် စင်တစ်ဝက် ကျနေလေသည်။

တမာရွက်များကလည်း လေအဝှေ့တွင် အမှုန်အစအနတွေ ပင့်သက်ရှိုက်ထုတ်ခံလိုက်ရသလို ဖွားခနဲ လွင့်ကြွေသွား၏။ အလင်းဖျော့ချိန်မို့ အညာနွေ၏ အပူကလည်း အံကြိတ်ထားရာမှ လျော့လာလေသည်။

တပေါင်းလေရူးသည် လယ်ကွင်းပြင်နှင့် သချိုင်းအစပ်ဆီသို့ တစ်စုံတစ်ယောက်ကို ရှာဖွေနေသလိုမျိုး လူးလာဝေ့ဝဲ တိုက်ခတ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလေပြည်ထဲတွင် ငိုသံတွေ လွင့်ပါလာ၏။ အသုဘချရာတွင် တီးခတ်သော ဗျိုင်းတောင်ခေါက်သံသည် နွေအပူ၊ လေအပူတို့ထဲတွင် ကြေကွဲဆို့နင့်ဖွယ် လောင်မြိုက်နေလေသည်။

"အောင်မယ်လေး ... အဖေရဲ့ ... သမီးတို့ကို ထားခဲ့ပြီလား"

"အောင်မယ်လေး ကိုလူလှရေ ... ကိုလူလှရဲ့ ... ဒီ သားတွေ၊ သမီးတွေနဲ့ ကျုပ်တစ်ယောက်တည်း ဘယ်လို လုပ်ကိုင် စားသောက်ရပါ့မတုံး ... ထကြည့်လှည့်ပါဦးတော့"

ဘုန်းကြီးသုံးပါးနောက်မှ ရပ်ရွာသဘာဝအလျောက် လက်ဖြစ်လုပ်ထားသော အသုဘခေါင်းတစ်လုံးကို ရွာသားရှစ်ဦးတို့က ထမ်းပိုးလာသည်။ သည့်နောက်တွင်မှ ကျန်ရစ်သူမိသားစုတို့က အပူဖွဲ့လျက် ငိုကာ၊ ကြွေးကာဖြင့် အသုဘ လိုက်ပို့သူ အနောက်ဖီးပင်ကုန်းရွာသားတို့ကလည်း မျက်နှာအိုအို သက်ပြင်းဖိုဖိုတို့ဖြင့် • • •။

"တော် ... တော် ... တော် ... တီးတော် ... တီးတီးတော်"

အသုဘ မသာဆိုင်းကို တီးမှုတ်နေသည့်ဆိုင်းပိုင်းဆီမှ နဲသံက ရှည်လျားလေးတွဲ့သောအသံဖြင့် အငိုစပေးလိုက်ရာ ကြားရသူအားလုံး ရင်ထဲ၊ ဝမ်းထဲ လှိုက်လှိုက်တက်လာပြီး မျက်ရည်စို့လာကြလေသည်။

ဗုံနှင့် နဲသည်ကား အမင်္ဂလာတေးသွား ဗျိုင်းတောင်ခေါက်သံကို ဖွဲ့ဆဲ၊ နွဲ့ဆဲ သံစဉ်တေးသွားတို့ဖြင့် ငိုရှိုက်ဆဲ ...။

သူတို့သည် အနောက်ဖီးပင်ကုန်းရွာနှင့် အရှေ့ဖီးပင်ကုန်းရွာတို့ကြားတွင်ရှိသော သုသာန်ဆီသို့ အသုဘချဖို့ လာနေကြခြင်းဖြစ်သည်။

ထိုရွာနှစ်ရွာအပါအဝင် ဖီးလက်ဖြူ၊ ဖီးမဲကုန်း၊ ဖီးစဖို၊ ဖီးစ အစရှိသော ရွာစဉ်တန်းအားလုံးပေါင်း ဆယ်ရွာကို အုပ်ချုပ်ရန် ရွာသူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ယောက်ရှိ၏။ အားလုံးကလည်း တစ်ယောက်နှင့် တစ်ယောက် ဆွေရိပ် မျိုးရိပ် မကင်းကြပေ။ သူတို့အားလုံးထဲတွင်မှ အရှေ့ဖီးပင်ကုန်း နှင့် အနောက်ဖီးပင်ကုန်းကို အုပ်ချုပ်ရသောသူကြီးနှစ်ယောက်ကား ဩဇာအကြီးဆုံးပင်။

တကယ်ဆိုလျှင် ဖီးတောရွာ၏အပိုင် ရွာသချိုင်းသည် ဖီးစဖိုရွာ၏ အနောက်ဘက် တစ်မိုင်အကွာတွင် ရှိသည်။ အနောက်ဖီးပင်ကုန်းမှ သွားလျှင် ငါးမိုင်သာသာခန့် ခြေလျင်လျှောက်ရ၏။

မည်မျှပင် ဝေးစေကာမူ (အချိန်မလောက်မင စီစဉ်ရသော အခုလို အရေးပေါ် အသုဘကိစ္စမျိုးကလွဲလျှင်) ဖီးစဖိုရွာနောက်က သင်္ချိုင်း ဆီသို့သာ သွားကြစမြဲ ဖြစ်သည်။

ယခုတော့ ...

ယခုတော့ ...

၀



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဖီးပင်ကုန်းနှင့် အနောက်ဖီးပင်ကုန်းကြားရှိ သုသာန်ကား ချိုးချစဉ် အသုဘများ လာလေ့မရှိသောကြောင့် အုတ်ဂူ လေး ငါး ခြောက်လုံးခန့်သာ ရှိပြီး ခြောက်သွေ့တိတ်ဆိတ်နေလေသည်။ ထို အုတ်ဂူတို့အနီးတွင် ပေါက်နေသော ကုက္ကိုပင်အိုကြီးမှာလည်း မီးသင့် ထားသောကြောင့် အရွက်အခက်ကင်းမဲ့ကာ မည်းချိပ်လျက် ကျက်သရေ ကင်းမဲ့နေ၏။

အုတ်ဂူများနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ခြောက်ပင်ငါးခန်း ရင်ကွဲ ဇရပ်အိုကြီးကတော့ မည်သူမျှ တို့ရဲ့ ထိရဲသူ မရှိသဖြင့် အိုမင်းဟောင်း နွမ်းကာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးနေသည်မှလွဲလျှင် နဂို မူလဟန် မပျောက်သေးချေ။

တကယ်တော့ . . . ။

အရှေ့ဖီးပင်ကုန်းရွာနှင့် အနောက်ဖီးပင်ကုန်းရွာနှစ်ခုကြားသည် ဟိုဘက်ဒီဘက် လယ်တစ်ရိုးနှင့် တစ်ရိုး အနားသတ်ထားခြင်းခံရသော ကွင်းပြင်ကြီးသာ ဖြစ်၏။ တရားဝင်အခေါ်အဝေါ်အားဖြင့်တော့ ထိုရွာ နှစ်ရွာကြားရှိ ကွင်းကို ဖီးတောကွင်းဟု ခေါ်ကြသည်။

အရှေ့ဖီးပင်ကုန်းမှဖြစ်စေ၊ အနောက်ဖီးပင်ကုန်းမှဖြစ်စေ သူတို့ ရွာနှစ်ရွာ အလယ်ရှိ ဖီးတောကွင်းကို လှမ်းကြည့်လျှင် မမြင်ရတတ်ချေ။ အဘယ်ကြောင့်ဆိုသော် ရွာနှစ်ရွာနှင့် ဖီးတောကွင်းတို့အကြား လယ် ကန်သင်းရိုးအစပ်တွင် တမာပင်များ၊ လက်ပံပင်များ၊ သန်း၊ ဒဟတ်နှင့် ဖီးပင်များ ထူထပ်စွာ ပိတ်ဆို့ပေါက်ရောက်နေသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖီးတောကွင်း၏ မြေသားမှာလည်း စိုက်၍ ပျိုး၍ သင့်တော်လျောက်ပတ်သည့် မြေအမျိုးအစားမဟုတ်ဘဲ ညစ်ထေးထေး နီကျင်ကျင်အရောင်သမ်းနေသည့် မြေပုပ်၊ မြေဆိုး ဖြစ်လေသည်။ မြူပင်စုစုများဆူးပင်များသာ ကျိုးတိုးကျဲတဲ ပေါက်ရောက်နေ၏။ ထိုဖီးတောကွင်းတစ်ခုလုံး၏ အကျယ်အဝန်းမှာ ခရီးတစ်တိုင်(နှစ်မိုင်နီးပါး) ထွထပ်စွာ ပိတ်ဆို့ပေါက်ရောက်နေသောကြောင့် ဖြစ်သည်။

ထိုမျှလောက်ကျယ်ဝန်းသော ကွင်းပြင်ထဲတွင် အုတ်ဂူ သုံး လေးငါးလုံးမျှသာ ဟိုနားစုစု၊ သည်နားစုစု ရှိနေသောကြောင့် တော်ရုံအားဖြင့် သတိပြုမိစရာ မရှိချေ။ အကြောင်းမသိသူများအဖို့ သုသာန်မြေဟုပင် အောက်မေ့ထင်မှတ်လိမ့်မည် မဟုတ်ပေ။

သို့သော် . . . အကြောင်းသိနေကြသော ဖီးတောဆယ်ရွာမှ ရွာသားအားလုံးတို့သည် ထိုဖီးတောကွင်းကို ရှောင်ရှားကြသည်။ အဘယ်ကြောင့်ဆိုသော် ဖီးတောကွင်းသည် မြွေကိုက်ခံရသူ၊ ထန်းလျောသူ၊ ဓားဖြင့် ခုတ်၊ တုတ်ဖြင့် အရိုက်ခံရသူ စသည်ဖြင့် ဥပက္ကမအကကံဖြင့် သေဆုံးသည့် မသာအလောင်းများကိုသာ မြှုပ်နှံသဂြိုဟ်ရသောနေရာဖြစ်သောကြောင့်ပင်။

ကြေးရတတ်ရွာမိသားစုဝင်အချို့က ဂူသွင်းသည်မှလွဲလျှင် ကျန်သည့် ဥပက္ကမအကကံဖြင့် သေဆုံးရသော အလောင်းများကို ရွာထုံးစံအရ မီးရှို့သဂြိုဟ်ပစ်သည်က များ၏။ ထိုကြောင့်ပင်လားမသိ . . . ဖီးတောကွင်းရှိမြေကြီးခဲများနှင့် ဝန်းကျင်ရှိ သစ်ရွက်ခက်လက်များ အားလုံးသည် မီးဒဏ်သင့်ကာ ညိုညစ်ညစ်နှင့် မည်းနက်သွေ့ခြောက်ပြီး မီးခိုးမှိုင်းများကပ်ငြိနေသလို ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း မြေကြီးကိုက်၍သေဆုံးရသော အနောက်ဖီးပင်ကုန်းမှ အလောင်းကို ဖီးတောကွင်းအလယ်တွင် မီးရှို့သင်္ဂြိုဟ်ရန် ပြင်ဆင်နေကြပြီ ဖြစ်သည်။ အသုဘချသော လူတန်းကြီးက တစ်စတစ်စဖြင့် ဖီးတောကွင်းအစပ်ဆီသို့ နီးကပ်လာသည်။

"အောင်မယ်လေး ကိုလှလှရဲ့ . . . ထားခဲ့ပြီလား အီး . . ဟီး . . . ဟီး . . ."

"မြုန်း တုတ် တုတ် . . . ပလုတ်လုတ် . . . မြုန်း"

"တော် . . . တီးတီး . . . တော် . . . တော်တီး . . . တီး . . တော်"

ငိုကြွေးသံများနှင့် မသာဆိုင်းတီးသံတို့က ဝမ်းနည်းမှုချင်း ပြိုင်နေကြသည်။ ထိုစဉ် ရပ်ရွာထဲမှ သြဇာတိက္ကမ ရှိသူတစ်ယောက်က . . .

"ဟေ့ကောင်တွေ . . . ဟေ့ . . . ဟေ့ . . . ဆိုင်းတီးနေတဲ့ ကောင်တွေ . . . မင်းတို့ တီးတာ၊ မှုတ်တာတွေကို ရပ်ကြတော့။ ဖီးတောကွင်းအစပ်ရောက်နေပြီကွ။ ဒုက္ခဖြစ်သွားချင်လို့လား၊ ရပ်ဆို အခု ရပ်စမ်း"

ထိုအမိန့်ပေးသံကြောင့် တီးမှုတ်နေကြသော ဗုံတိုနှင့် နဲတို့သည် မီးကို ရေနှင့် သတ်လိုက်သကဲ့သို့ တိခနဲ အသံတိတ်ဆိတ်သွားလေ၏။ ထို့ပြင်မက တခြားတစ်ယောက်က . . .

"မင်းတို့လက်ထဲက ဆိုင်းတွေ၊ ဗုံတွေ၊ တူရိယာတွေအကုန်လုံး ဟောဒီကွင်းအစပ်မှာပဲ ထားခဲ့ရင်ကောင်းမယ် ထင်တယ်"

"ဟုတ်တယ်ဗျို့ . . . ဟုတ်တယ် . . . ကွင်းထဲအထိ သယ်သွားပြီးမှ မတော်တဆ တစ်ယောက်ယောက်က လက်နဲ့ တို့မိထိမိလို့ ဆိုင်းသံ၊ ဗုံသံထွက်သွားရင် တစ်ခါတည်း အကျိုးနည်းကုန်ကြလိမ့်မယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုလည်း စောဒက တက်ဝံ့သူမရှိ၊ တညီတညွတ်တည်း လက်ခံလိုက်ကြပြီး မုံ၊ လင်းကွင်း၊ နှဲ၊ စည်း၊ ဝါးတို့ကို ကွင်းထဲမဝင်မီ မြေပေါ်တွင် နေရာသတ်သတ်မှတ်မှတ် စုပုံလိုက်ကြ၏။ လက်မခံချင်လို့လည်း မရ။ သူတို့အားလုံး နာမည်ကျော်ဖိုးတောကွင်း၏အကြောင်းကို ကြားဖူးထားပြီးသား မဟုတ်ပါလား။

ဖိုးတောကွင်းကို သူတို့အားလုံး တိုးတိုးတိတ်တိတ်ပေးထားသည့် အမည်တစ်ခု ရှိ၏။ ထိုအမည်ကား . . .

**'ဆိုင်းမတီးရွာ'**ပင် ဖြစ်လေသည်။

ဟိုးရှေးအစဉ်အလာကတည်းက ဖိုးတောကွင်းထဲတွင် ဆိုင်းမုံတီးခြင်း၊ တူရိယာပစ္စည်းတီးခတ်ခြင်းများ၊ ယုတ်စွအဆုံး လေချွန်ခြင်းပင် လုံးဝ မပြုလုပ်ရပေ။ ဒီအကြောင်းကိုလည်း ဖိုးတောရွာဆယ်ရွာမှအပ အပြင်အပ ဒိစတြိတ်နယ်၊ ခရိုင်နယ်များသို့ သတင်းမပေါက်ကြားအောင် ဖုံးဖုံးဖိဖိနေခဲ့ကြသည်။ ဖိုးတောကွင်းအကြောင်း စကားစပ်မိလျှင် ယောင်လို့တောင် မဟာခဲ့။

သို့သော် . . .

၁၉၂၇ ခု မေလတွင် ဘုရင်ခံချုပ် ဆာဟာကုတ်ဘတ္တလာက ယူနီဗာစီတီ ရန်ပုံငွေအတွက် အခွန်တော်ငွေ ဆင့်လိုက်သောအခါတွင်ကား ဆိုင်းမတီးရွာ၏ ချောက်ချားဖွယ်ရာအဖြစ်ဆိုးကြီးသည် ဖိုးတော (၁၀)ရွာမှ သူကြီးတို့ ဖုံးဖိ၍ မရနိုင်အောင် ဘွားဘွားကြီး ပေါ်လာလေတော့သည်။

❑

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဗျို့ . . . သူကြီး . . . ၊ သူကြီးဦးဖိုးဆိုင် ရှိလားဗျို့ . . . "

ရုတ်တရက်ကြားလိုက်ရသည့်ခေါ်သံကြောင့် အနောက်ဖီးပင်ကုန်းရွာအတွင်း ခွေးဟောင်သံတွေ၊ ကြက်ကတော်သံတွေက တစ်ခဏအတွင်းမှာ ကျွတ်ကျွတ်ညံကုန်သည်။ အသံက ကြားဖူးနေကျအသံမဟုတ်သလို ယခုလို ရွာသူကြီး ဦးဖိုးဆိုင်ကို နာမည်တပ်ပြီး ခေါ်လိုက်ပုံက အနောက်ဖီးပင်ကုန်းရွာသားများအဖို့ ထိုပြီးထူးဆန်းနေသလို ဖြစ်နေ၏။

"အလို . . . မြို့အုပ်မင်း ဦးသာညာဏ်တို့ပါလား . . . ကြွပါကြွပါ။ အကြောင်းထူးရှိလို့ ကြွလာကြတယ် အောက်မေ့တယ် . . . "



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခြံဝိုင်းအတွင်းသို့ အူယားဖားယား ပြေးထွက်လာသော သူကြီး ဦးဖိုးဆိုင်မှာ မြင်းကိုယ်စီနှင့် အထူးအဆန်းရောက်လာကြသော မြို့အုပ်မင်းနှင့်အဖွဲ့ကို ခရီးဦးကြို ပြုလိုက်၏။ သူတို့အားလုံးမှာ ဦးသာညဏ် အပါအဝင် ငါးယောက်ဖြစ်ပြီး ထိုအထဲမှ ခပ်ရှုယ်ရှုယ်လူ တစ်ယောက်ကိုတော့ သူကြီးဦးဖိုးဆိုင်က မြင်ဖူး၊ တွေ့ဖူးသလိုလို ခပ်ရေးရေး ဇဝေဇဝါ ဖြစ်နေမိ၏။

"အကြောင်းထူးရှိလို့ မြင်းခြံအရေးပိုင်ကိုယ်တိုင် မိန့်မှာလိုက်တဲ့ ကိစ္စပေကိုးဗျ"

ပြောပြောဆိုဆို မြို့အုပ်မင်း ဦးသာညဏ်တို့လူစုက သူကြီးဦးဖိုးဆိုင် အိမ်ရှေ့ခြံဝိုင်းအတွင်းမှ ခုံတန်းလျားနှင့် ကွပ်ပျစ်တို့တွင် အသီးသီး ဝင်ရောက်ထိုင်လိုက်ကြသည်။

"ဘယ် . . . ဘယ်လို . . ."

သူကြီးဦးဖိုးဆိုင်၏ စကားသံတွေက တုံ့ဆိုင်းလေးလံသွားသလို ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ရှိသမျှ အကြောအခြင်တွေ တောင့်ခဲသွား၏။ တကယ်တော့ ဦးဖိုးဆိုင်တို့လို ရိုးသားသည့် တောသူတောင်သား များမှာ အခုလို မင်းရေးစိုးရေးကိစ္စများနှင့်ပတ်သက်လာလျှင် အလိုလို နေရင်း တွန့်ဆုတ်နေမိတတ်ကြလေသည်။

"ဒီလိုဗျ ဦးဖိုးဆိုင်ရဲ့ . . . ကျုပ်တို့ မြင်းခြံအရေးပိုင် ကာနယ်လော့က ကျုပ်တို့ ဟောဒီနယ်တစ်ဝိုက်ကို ယူနီဖာစိတီ ရန်ပုံငွေအတွက် အလှူခံလိုက်တဲ့ ကိစ္စပေပဲဗျို့ . . ."

"ဗျာ . . .၊ ဘယ် . . . ဘယ်လို မြို့အုပ်မင်း"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြားလိုက်ရသော အထူးအဆန်းစကားကြောင့် ဦးဖိုးဆိုင်မှာ ခေါင်းပေါ် ပတ်ပေါင်းထားသော ဖျင်တဘက်ကို ကပျာကယာပင် ဖြည်ချလိုက်မိ၏။

"အေးဗျာ ...၊ ဒီကိစ္စကို ခင်ဗျားတို့ သူကြီးတွေကို ပြောရတာလည်း ကျုပ်အနေနဲ့ အင်မတန်မှ စိတ်မကောင်းပါဘူး။ သို့ပေတဲ့ ဒီအမိန့်ဟာ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာကိုယ်တိုင် ထုတ်ပြန်လိုက်တဲ့ ကိစ္စဖြစ်နေလေတော့ ..."

ပြောပြောဆိုဆို မြို့အုပ်မင်း ဦးသာညဏ်က အသင့်လိပ်ယူလာသော သူရိယသတင်းစာတစ်စောင်ကို ဦးဖိုးဆိုင်ရှေ့သို့ တွန်းပို့ပေးလိုက်လေသည်။

ထိုသတင်းစာကို ကပျာကယာဖြန့်ကာ ဦးဖိုးဆိုင်က အသံထွက်၍ပင် ဖတ်လိုက်၏။

"ယူနီဗာစီတီသိပ္ပံရန်ပုံငွေ ...

မြန်မာပြည်ရှိ လူ့ဒါနီးရာတွင် ရက်ရောသောသူများသို့ ယခုအချိန်အခါတွင် များပြားစွာ ဝမ်းမြောက်ဝမ်းသာနှင့် ယူနီဗာစီတီ ရန်ပုံငွေ ထည့်ဝင်လှူဒါန်းကြပါ။ မြန်မာပြည်၏ နောင်ရေးသည် သိပ္ပံကျောင်းရန်ပုံငွေ လုံလောက်စွာ ရခြင်းအပေါ်တွင် မှီလျက်ရှိ၏။ ရန်ကုန်မြို့က အခြားမြို့များကို စံနမူနာ ဖြစ်ပါစေ။

ဆာဟာကုတ်ဘတ္တလာ

တစ်ထောင့်ကိုးရာ နှစ်ဆယ့်ခုနစ်ခု

မေလ၊ ဆယ်ရက်နေ့"



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသော ဘုရင်ခံဆာဟာကုတ်ဘတ္တလာ၏ တက္ကသိုလ်ရန်ပုံငွေထည့်ဝင်ရန် မေတ္တာရပ်ခံချက်အဆုံးတွင် ဦးဖိုးဆိုင်မှာ သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးတွဲ့စွာ ချလိုက်မိ၏။ တစ်ချိန်တည်းမှာပင် အရှေ့ဇီးပင်ကုန်းရွာသူကြီးအပြင် ဇီးလက်ဖြူ၊ ဇီးမဲကုန်း၊ ဇီးစဖို၊ ဇီးစမ အစရှိသော ဇီးတော (၁၀)ရွာမှ သူကြီးများကိုလည်း လူလွှတ်၍ အခေါ်ခိုင်းလိုက်လေသည်။

ထို့နောက် သူကြီးဦးဖိုးဆိုင်က မြို့အုပ်မင်း ဦးသာညွှန့်ကို မဝံ့မရဲနှင့် လှမ်းကြည့်လိုက်ရင်း . . .

"ဒီရန်ပုံငွေကိစ္စကို ကျွန်တော်တို့ မြင်းခြံခရိုင်တစ်ခုတည်းကပဲ ထည့်ဝင်ပေးရမယ်ဆိုတဲ့ သဘောများလား။ မြို့အုပ်မင်းရဲ့ . . . နို့ . . . ပြီး အလှူငွေကရော ဘယ်လောက်သတ်မှတ်ထားလို့လဲ"

"အိုး . . . မဟုတ်ပါဘူး သူကြီး။ ကျုပ်တို့ မြင်းခြံခရိုင်အပြင် တခြား မိတ္ထီလာခရိုင်တို့၊ ပျော်ဘွယ်တို့လို ခရိုင်တွေကပါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မဖြစ်ဖြစ်အောင် အလှူငွေထည့်ဝင်ပေးကြရမှာပါ။ အဲ . . . အလှူငွေကတော့ ခင်ဗျားတို့ဇီးတောရွာဆယ်ရွာအတွက် ငွေသား ကျပ်တစ်သောင်း သတ်မှတ်ထားတယ်"

"ဗျာ . . ."

သူကြီးဦးဖိုးဆိုင်၏နှုတ်မှ 'ဗျာ' ဆိုသည့်အသံက အတန်ငယ် ကျယ်လောင်သွားသည်ဟု ထင်ရသည်။ တကယ်တော့ ငွေကျပ် တစ်သောင်း ဆိုသည့်ပမာဏမှာ ဆင်းရဲသူ တောသူတောင်သားများအဖို့ လွန်စွာမှ များပြားနေလေရာ ခေါင်းအရှုပ်ကြီး ရှုပ်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ သူကြီးဦးဖိုးဆိုင်တို့ ခြံဝိုင်းအစပ်အနားဆီမှ မယောင်မလည် ပုန်းလျှိုးကွယ်လျှိုးနှင့် နားထောင်နေကြသော အနောက်ဇီးပင်ကုန်းရွာသားများမှာ တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောဆိုကြပြီး လှုပ်လှုပ်ရွရွတွေ ဖြစ်ကုန်ကြသည်။

ထို့နောက် မြို့အုပ်မင်း ဦးသာဉာဏ်က ...

"တကယ်တော့ ဘုရင်ခံရဲ့မေတ္တာရပ်ခံတဲ့ ရန်ပုံငွေကိစ္စဟာ ရန်ကုန်မြို့နဲ့ တခြားမြို့ကြီးသုံးလေးမြို့က မြို့မျက်နှာဖုံး ငွေရှင်၊ ကြေးရှင်တချို့ကလွဲပြီး ဘယ်သူမှ အရေးတယူနဲ့ လာထည့်ကြမှာ မဟုတ်ဘူး။ ဒါကိုလည်း ဘုရင်ခံက သိပြီးသားဖြစ်မှာပါ"

ထိုစကားကြောင့် သူကြီးဦးဖိုးဆိုင်မှာ ဘုရင်ခံ၏ လက်အောက်မှ အင်္ဂလိပ်တိုင်းမင်းကြီးတွေ၊ အင်္ဂလိပ်အရေးပိုင်ကြီးတွေ၊ အင်္ဂလိပ် ပုလိပ်မင်းကြီးတွေ၊ ရာဇဝတ်ဝန်တွေက မနေနိုင်၊ မထိုင်နိုင်ဖြစ်ပြီး ဘုရင်ခံအလိုရှိသည့် ရန်ပုံငွေကို မျက်နှာလို မျက်နှာရ ရှာပေးဖို့ ချက်ချင်း ဖုတ်ပူမီးတိုက် စီစဉ်လိုက်ကြကြောင်း အလိုလို သိလိုက်ရလေတော့သည်။

မကြာမီ ...

သူကြီးဦးဖိုးဆိုင် လှူလွှတ်ပြီး ခေါ်ထားသည့် ဇီးတော (၁၀)ရွာမှ သူကြီးများ မြင်းကိုယ်စီနှင့် ရောက်လာကြ၏။ ထိုအခါမှ သူကြီးဦးဖိုးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကတစ်ဆင့် ရွာသူကြီးများအားလုံးကို မြို့အုပ်မင်း ဦးသာညဏ် ယူဆောင်လာသည့် ရန်ပုံငွေကိစ္စအား အသိပေးပြောပြလိုက်လေသည်။

ထိုဇီးတောဆယ်ရွာမှ သူကြီးများသည် ပေးဆောင်ရမည့် ငွေကျပ်တစ်သောင်းကြောင့် လွန်စွာမှ မျက်စိမျက်နှာပျက်တွေ ဖြစ်ကုန်ကြလေသည်။

ထို့နောက် အရှေ့ဇီးပင်ကုန်းရွာသူကြီး ဦးပျော့က

"ကျွန်တော်တို့ လက်လုပ်လက်စား ယာသမား၊ ထန်းသမားတွေဟာ ဆင်းရဲကြပါတယ် မြို့အုပ်မင်း၊ ငွေတစ်သောင်းရဖို့ အင်မတန်မှ ခဲယဉ်းပါတယ်။ နို့ပြီး အလှူခံတယ်ဆိုတဲ့ကိစ္စဟာလည်း ထင်သလောက် လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့ ဇီးတောဆယ်ရွာက လူတွေဟာ လက်ဖြန့်ခံ လူတန်းစားလို့တောင် ခေါ်ဖို့ကောင်းပါတယ်။ ဒီအထိ ဆင်းရဲကြရှာပါတယ်"

အသက်ပင် မရှူလိုက်မိသလို မျက်စိကို စုံမှိတ်လျက် တရစပ်ပြောလိုက်သော ဦးပျော့၏စကားကြောင့် အနောက်ဇီးပင်ကုန်းရွာသူကြီး ဦးဖိုးဆိုင်အပါအဝင် အခြားဇီးတောဆယ်ရွာမှ သူကြီးများမှာ မြို့အုပ်မင်း ဦးသာညဏ်၏ မျက်နှာကို မဝံ့မရဲနှင့်ပင် အကဲခတ်ကြည့်လိုက်ကြ၏။

မြို့အုပ်မင်း ဦးသာညဏ်မှာလည်း ဗြိုတိသျှကရေစီဝါဒအရ အထက်မှ အင်္ဂလိပ်အရေးပိုင်ကို ကြောက်ရသလို သက်ဆိုင်ရာ ကျေးရွာသူကြီးမင်းများမှာလည်း မြို့ပိုင်၊ မြို့အုပ်မင်းကို ကြောက်ရသည့် ကိုးနိုင်ငံယ်ကြောက် အုပ်ချုပ်ရေးယန္တရားကြီးကြောင့် ဘာကိုမှ မပြောသာဘဲ ဖြစ်နေလေသည်။

ထို့နောက် မြို့အုပ်မင်းဦးသာညဏ်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ သူကြီးတို့ သိပ်လည်း စိတ်ရှုပ်၊ ခေါင်းရှုပ်တွေ ဖြစ်မနေကြပါနဲ့။ ကျုပ်လည်း ခင်ဗျားတို့နယ်တစ်ဝိုက်မှာ ဒီငွေတစ်သောင်းကို ဖြုန်းခနဲ အလှူခံဖို့ မဖြစ်နိုင်ဘူးဆိုတာ အစကတည်းက သိပြီးသားပါ။ အဲ . . . ကျုပ်စဉ်းစားထားတာ တစ်ခုတော့ရှိတယ်၊ အဲဒါကတော့ . . ."

ဦးသာညွန့်၏ စကားကြောင့် ဖီးတောရွာမှ သူကြီးများအားလုံးမှာ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်ကြသည်။

"အဲဒါကတော့ ဖီးတောကွင်းကြီးထဲမှာ အာဝါဒေးပွဲ ကျင်းပမယ်၊ ကစားဝိုင်းမျိုးစုံနဲ့ ဇာတ်ပွဲလည်း သွင်းမယ်၊ ဘယ့်နှယ့်လဲ"

"ဟင် . . . "

ဖီးတောဆယ်ရွာမှ သူကြီးများအားလုံးမှာ ထိုစကားကြောင့် တစ်ယောက် မျက်နှာကို တစ်ယောက် ထိတ်ထိတ်ပျာပျာနှင့် ကြည့်လိုက်ကြသည်။

ကစားဝိုင်းများကျင်းပမည်ကို စိုးရိမ်သောကြောင့်မဟုတ်။ သူတို့ကြောက်သည်က 'ဖီးတောကွင်း'။ အဲသည် ဖီးတောကွင်းထဲတွင် ဆိုင်းတွေ၊ ပုံတွေနှင့် အတီး၊ အမှုတ်လုပ်ကြမည်ကို သေမတတ် ကြောက်ရွံ့ခြင်းသာ ဖြစ်သည်။

တစ်ချိန်တည်းမှာပဲ ဆယ်ရွာသူကြီးတို့ ခေတ်အဆက်ဆက် ဖုံးဖိလာခဲ့ကြသည့် ဖီးတောကွင်း သို့မဟုတ် ဆိုင်းမတီးရွာ၏ ချောက်ချားထိတ်လန့်စရာ အဖြစ်ဆိုးကြီးက မကြာခင် အချိန်အတောအတွင်း တိုင်းသိပြည်သိ ကော်မုချ ဘွင်းဘွင်းကြီးပေါ်တော့မည့်အဖြစ်ကြောင့် လွန်စွာမှ စိုးရိမ်ကြောက်လန့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ . . . ဒီလိုရှိပါတယ် မြို့အုပ်မင်း . . . "

အနောက်ဖီးပင်ကုန်း ရွာသူကြီးဦးဖိုးဆိုင်၏ အထစ်ထစ်အငေါ့ငေါ့ လေသံမဆုံးမီမှာပင် မြို့အုပ်မင်း ဦးသာညဏ်က လက်ကာပြလိုက်ရင်း

"ဒီကိစ္စအတွက် ခင်ဗျားတို့ဘက်က ဘာမှပူစရာ မလိုပါဘူး။ ကျုပ်နဲ့အတူ အခုပါလာတဲ့ ဟောဒီက မောင်စံတင်ကိုယ်တိုင် အစစ အရာရာ အားလုံးစီစဉ်သွားမှာပါ"

ပြောပြောဆိုဆို မြို့အုပ်မင်းက မလှမ်းမကမ်းတွင် ရှိနေသော လူရွယ် တစ်ယောက်ထံသို့ လက်ညှိုးထိုးပြလိုက်လေသည်။ ထိုလူရွယ် မောင်စံတင် ဆိုသူမှာလည်း လူရည်လည်သည့် ရုပ်ရည်မျိုးရှိသူဖြစ်ပြီး မြင်းခြံခရိုင် တစ်ခုလုံးတွင် ဂျင်ခြေလည်အောင် လှည့်ပတ်သွားလာနေသူ ဖြစ်သဖြင့် အားလုံးက သူ့မျက်နှာကို မြင်တွေ့ဖူးသလို ဖြစ်နေကြ၏။

ထို့နောက် မောင်စံတင်က မြို့အုပ်မင်း၏ အထူးအခွင့်အရေးပေး ခြင်းခံထားရသူလို လေသံမျိုးဖြင့် . . .

"ဒီမှာ . . . ခင်ဗျားတို့ ဘာမှစဉ်းစားမနေနဲ့၊ အခွင့်အရေးဆို တာ နှစ်ခါမရဘူး။ အခုဟာက ငွေတစ်သောင်းကို လွယ်လွယ်လေး ရမယ့်နည်း၊ ဒီနည်းပဲရှိတယ်၊ ပျော်ဘွယ်ခရိုင်တို့၊ ရမည်းသင်း ခရိုင်တို့မှာလည်း မြို့အုပ်တွေက ဒီအတိုင်း လုပ်ကြတာချည်းပဲ"

အနောက်ဖီးပင်ကုန်းနှင့် အရှေ့ဖီးပင်ကုန်းအပါအဝင် အခြား ဖီးတောရွာများမှ သူကြီးများအားလုံးတို့မှာ ရုတ်ချည်းဆိုသလို ငိုင်ကျ သွားပြီး အချင်းချင်း တွတ်ထိုးပြောဆိုကုန်ကြလေသည်။

"ဘယ့်နှယ့်လုပ်ကြမတုံး... ကိုဖိုးဆိုင်တို့၊ ကိုပျော့တို့ရေ... ဒီလိုသာဆို ကျုပ်တို့တော့ ဒုက္ခတွေ ရောက်ကုန်ကြတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ ဒီအကြောင်းတွေကို မြို့အုပ်မင်းကို ပွင့်ပွင့်လင်းလင်းသာ လျှောက်တင်လိုက်ချင်တော့တာပဲ"

"ဘယ်ဖြစ်မလဲဗျ . . . ၊ ဟိုးအရင်ကတည်းက ဖုံးဖိလာခဲ့တဲ့ ကိစ္စကြီးတို့ အခုအချိန် ဖွင့်ပြောလိုက်ရင် ကျုပ်တို့အားလုံး ဒုက္ခရောက်ကုန်ကြမှာပေါ့"

တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်းရိုက်ကာ တိုင်ပင်ကြပြီးနောက် သူကြီးတစ်ဦးက အရဲစွန့်၍

"ဟို . . . ဟို ကစားဝိုင်းတွေပဲ လုပ်ပြီး ဓာတ်ပွဲမထည့်ရင်ရော မဖြစ်ဘူးလား၊ မြို့အုပ်မင်း"

ဟု အသနားခံသလို လေသံဖြင့် လျှောက်ထားလိုက်ရာ မြို့အုပ်မင်းက ဘာတစ်ခွန်းမှ မပြောသေးမီ မောင်စံတင်ဆိုသူက လေသံမာမာဖြင့် . . .

"ခင်ဗျားကြီးတို့ကလည်းဗျာ . . . စကားရှည်ရန်ကော။ အရေးပိုင်မင်းတို့၊ မြို့အုပ်မင်းတို့ လက်နဲ့ရေးတာကို ခြေနဲ့ဖျက်ချင်ကြသလား . . . ဟင်"

ဩဇာသံပါသော မောင်စံတင်၏စကားကြောင့် ရိုးအသော ဇီးတောဆယ်ရွာသူကြီးတို့မှာ အထိတ်ထိတ် အပျာပျာဖြစ်ကာ ဦးခေါင်းကိုသာ ငုံ့ထားကြရရှာတော့သည်။

တကယ်တော့ မောင်စံတင်ဆိုသူသည် မြို့အုပ်နှင့် အရေးပိုင်ကို တံစိုးလက်ဆောင်ထိုးပြီး ဒီအကွက်ကို ဆင်ခဲ့ခြင်းဖြစ်သည်။ ကစားဝိုင်းတို့မှရမည့် အကျိုးအမြတ်ကို သူနှင့် စီးပွားဖက် တရုတ်သူဌေး တစ်ယောက် လေလံရအောင် တစ်ဖက်လှည့်ဖြင့် စီစဉ်ထားပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ကြောင့် သူက ဇီးတောကွင်းတွင် လောင်းကစားဝိုင်းနှင့် ဖာတင်ပွဲ မပါ ပါအောင် ခြေရှုပ်ကုလားဖန်ထိုးနေခြင်း ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ရွာသူကြီးဦးဖိုးဆိုင်တို့ ခြံဝိုင်းအစပ်ဆီမှ မငုံမရဲ ချောင်းမြောင်းနားစွင့်နေကြသော အနောက်ဇီးပင်ကုန်းရွာသားများမှာလည်း လှုပ်ရှုလှုပ်ရှုတွေဖြစ်ကုန်ကြကာ သွေးပျက်ထိတ်လန့်သွားကြသည်။

ထို့နောက် မြို့အုပ်မင်း ဦးသာညွန့်က ထိုင်ရာမှထကာ . . .

"ကိုင်း . . . ကျုပ်တို့လည်း အချိန်က မနည်းလင့်နေပြီ ဒီ ကိစ္စကို ဟောဒီက မောင်စံတင်ကပဲ ပွဲခင်းနေရာအတွက် မြေကွက်ကြည့်တာတို့၊ ဆိုင်ခန်းနေရာသတ်မှတ်တာတို့၊ ဖာတ်စင်ဆောက်တာတို့ ညွှန်ကြားပေးလိမ့်မယ်။ အစစအရာရာအားလုံး ဖြစ်မြောက်အောင်သာ လုပ်ကြပေတော့"

မြို့အုပ်မင်း၏ စကားအဆုံးတွင် ဇီးတော (၁၀)ရွာမှ သူကြီးများအားလုံးနှင့် ရွာသားများမှာ သက်ပြင်းကိုယ်စီ ခိုးပြီးချလိုက်ကြတော့သည်။ တချို့ကလည်း မိသားစုလိုက် မြို့ပေါ်ကို ခေတ္တခဏ သွားရောက်လည်ပတ်နေထိုင်ကြရန် အကြံတွေ ဖြစ်ပေါ်ကြသလို တချို့သောသူတွေကလည်း မိမိတို့ ဓားမဦးချ နေလာခဲ့သည့်ရွာကို ရာသက်ပန် ကျောခိုင်းထွက်ခွာသွားကြလျှင် ကောင်းမည်လားဟုတွေးကာ ချီတုံချတုံတွေ ဖြစ်ကုန်ကြလေသည်။

ထိုအဖြစ်အပျက်များဖြစ်ပြီး နောက်တစ်ရက်တွင်တော့ မြို့အုပ်မင်း၏ အထူးအခွင့်အရေးပေးခြင်းခံရသူ မောင်စံတင်မှာ မြင်းခြံမြို့ပေါ်ရှိ တရုတ်သူဌေးကြီး အရှောင်ကို ငွေသားတစ်သောင်းနှစ်ထောင်နှင့် ပွဲလေလံ ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတာရှုတ်သူဌေးကြီး အရှောင်မှာလည်း ဖီးတောကွင်းကြီးအတွင်း ကစားပိုင်းတွေကို အကွက်လိုက် နေရာချထားပေးခြင်း၊ ဇာတ်စင်ဆောက်ပေးခြင်းနှင့် ဇာတ်အဖွဲ့သားများ နားနေရန် မလှမ်းမကမ်းရှိ ခြောက်ပင်ငါးခန်း ရင်ကွဲဇရပ်ကြီးကို ရှင်းလင်းပေးခြင်းတို့ကို ပြုလုပ်ပေးလေသည်။

ဖီးတောဆယ်ရွာမှ ရွာသူကြီးများနှင့် ရွာသူရွာသားများကတော့ မကြာမီရက်အတွင်း ဒိဋ္ဌမမြွှတွေ့ကြုံရတော့မည့် အဖြစ်ဆိုးကြီးတစ်ခုကြောင့် အခါမလပ် သွေးပျက်ကြောက်လန့်နေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

တံလျှပ်တွေ ချောင်းချောင်းထနေသော အညာနေပူပြင်းကြီးအောက် ဓာတ်အဖွဲ့သားများ၏ လှည်းခုနစ်စီးက ဖုန်လိပ်၊ ဖုန်လုံးကြီးများကြားတွင် တရွေ့ရွေ့ တအိအိ ခရီးနှင်လာ၏။ လှည်းပေါ်မှဖွင့်လာသော ဓာတ်စက်သီချင်းသံကလည်း နွေအပူ၊ လေအပူတွေကို အံတုနေသလို မြူးကြွကြွနိုင်လှသည်။

ထိုလှည်းတန်းကြီးထဲကမှ တစ်စီးစ၊ နှစ်စီးစ၏ လှည်းယဉ်တိုင်တွေမှာတော့ ပတ်လုံးတွေ အစီအရီ ချိတ်ဆွဲထားသလို ပေါင်းမိုး မိုးထားသော ကျူဖျာပေါ်မှာလည်း 'ရွှေဒေါင်းယဉ်ဓာတ်အဖွဲ့' ဆိုသည့် ဓာတ်နာမည်ကို ထုံးဖြူဖြူနှင့် ရေးသားထားလေသည်။

"နဘူးဆို ဟိုချုံစပ်က ... မြည်သံ ငယ်ဆန်းလိုက်ပါတဲ့ ... ခါနှစ်ကောင်ရယ်တော် ... ခါနှစ်ကောင်ရယ်တော်"



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးလှည်းပေါ်မှာ ပါလာကြသည့် ယိမ်းသမတွေကတော့ သီချင်းတကျော်ကျော်သီဆိုကာ တစ်ယောက်နှင့်တစ်ယောက် စကြ၊ နောက်ကြရင်း ပျော်ရွှင်စွာ လိုက်ပါလာကြလေသည်။ သူတို့လှည်းပေါ်မှာလည်း ထန်းခေါက်ဖာတွေက အကြီးအသေး အရွယ်စုံ ပါလာကြရုံမက အခြား တိုလီမိုလီဇာတ်ပစ္စည်းတွေကလည်း တိုးလိုးတွဲလောင်းနှင့် ပါလာကြလေသည်။

ထိုလှည်းတန်းကြီး၏ ထိပ်ဆုံးမှ လှည်းပေါ်တွင်တော့ ရွှေဒါင်းယဉ် ဇာတ်အဖွဲ့ကြီး၏ ဇာတ်ဆရာ တိုင်းချစ်ရွှေမြှားက လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းကာ ဆေးပေါ့လိပ်ကြီးကို တွင်တွင်ဖွာပြီး လှည်းဦးက လိုက်ပါလာလေသည်။

ပြီးခဲ့သည့်ရက်က မောင်စံတင်ဆိုသည့်ပွဲစားက သူတို့ဇာတ်အဖွဲ့ကြီးကို သုံးရက်စာ ပုတ်ပြတ်ငှားကာ ဒီရွာကို လွှတ်လိုက်ခြင်းဖြစ်ပြီး မြင်းခြံမြို့ပေါ်မှ လူတွေက ယခုဇီးတောကွင်းအထိရောက်အောင် လှည်းနှင့်နွားကို တစ်ခါတည်း ပြင်ပေးလိုက်ကြခြင်း ဖြစ်သည်။

"တကယ်ဆို ငတို့က ပွဲသိပ်ကရတဲ့ ဇာတ်မှမဟုတ်တာ။ ချောက်ချိုးချောက်ချက် စပါးပေါ်ချိန်လေး အလှူပေးမှ ဗလာပွဲလေးတွေကရတဲ့ ဇာတ်ပဲ။ ကျေးဇူးကြည့်ရတာ မောင်စံတင်ဆိုတဲ့လူက ငါတို့လို ဈေးပေါပေါနဲ့ ရတဲ့ဇာတ်ကို ရွေးငှားပြီး ပိုတဲ့ပိုက်ဆံ သူ့အိတ်ထဲ ထည့်လိုက်တာဖြစ်မယ်"

ဇာတ်ဆရာ တိုင်းချစ်ရွှေမြှား၏အတွေးက တစ်လမ်းလုံး တအုံ့နွေးနွေး ဖြစ်နေ၏။

www.burmeseclassic.com



"ငတို့ဇာတ်က ဒီတစ်ကြိမ် ချိုကောက် လိုက်ကရတာ အဖွဲ့သား ဆိုလည်း စုံစုံလင်လင် မပါဘူး။ ဒါတောင် ရွှေ့ထွက်မင်းသား ပသီစိန်တို့၊ တောကျော်တို့၊ ခေါင်းဆောင်မင်းသား ရွှေဒေါင်းယဉ် တို့ကို မရမက ခေါ်လာနိုင်လို့သာ ဒီလောက် ရှပ်မပျက် ရတာ . . . အင်း . . . နို့မို့ဆို ခက်ရချည်ရဲ့"

လှည်းမောင်းသူ၏ 'တဟဲ့ဟဲ့'နှင်သံနှင့်အတူ ဆီမဝတော့သည့် လှည်းဝင်ရိုးမှ 'တအီအီ တကျွီကျွီ' မြည်သံက ဇာတ်ဆရာ၏ အတွေးများ ကြားတွင် မြုပ်တစ်ချက် ပေါ်တစ်ချက်။

"အင်း . . . အပွဲပွဲကလာခဲ့တာ ဖြစ်ချင်တော့ ဒီတစ်ခါမှ လူရွှင်တော် တွေကလည်း အစုံအလင်တောင် မပါခဲ့ကြဘူး။ တော်ပါသေးရဲ့ ကြာစိ တို့၊ ဗန်းကြီးတို့တွေ ရှိလို့သာပေါ့။ နို့ပြီး . . . ဇာတ်သမား စဉ်အရ . . . မင်းသားတစ်ဆိုင်းကို လူရွှင်တော်နှစ်ယောက် ထွက်နေ ကျမို့ စုံပါစေတော့ရယ်လို့ ကြိုးရာနှစ်ယောက်ပါ ဆွဲထည့်လာခဲ့ရ သေး . . . ဖြစ်ပုံများတော့ မပြောချင်တော့ဘူး"

တစ်လမ်းလုံး တွေးလာခဲ့သည့် ဇာတ်ဆရာဦးရွှေမြား၏ အတွေး တွေက ဆေးလိပ်မီးပွား ပုဆိုးပေါ်ကျရာမှ ရုတ်တရက် ယောင်ယမ်း ခါထုတ်ရင်း တစ်စစီ လွင့်စင်ပျောက်ကွယ်သွားလေသည်။

"ဟဲ့ . . . ဟဲ့ သောက်ပလုတ်တုတ် . . . အမလေး ပူလှချေရဲ့ ကရို"

"ဖျန်း . . . ဖျန်း . . . ဖျန်း . . . "

၀



www.burmeseclassic.com

www.burmeseclassic.com





သည်လိုနှင့်…

ဓာတ်ဆရာ တိုင်းချစ်ရွှေမြှား ဦးဆောင်သော ရွှေဒေါင်းယဉ်ဓာတ်အဖွဲ့ လှည်းတန်းကြီးမှာ လေပူတွေ၊ ဖုန်လုံးတွေကြား၊ တရွေ့ရွေ့ တအိအိ ခရီးနှင်လာကြရာမှ အရှေ့ဖီးပင်ကုန်းရွာအဝင် လမ်းသို့ချိုးကွေ့ဝင်ရောက်လာလေသည်။

"ဝုတ် . . . "

"ဝုတ် . . . "

"ဝုတ် . . . "

သူတို့အဖွဲ့ လှည်းတန်းကြီး ရွာအတွင်း ဝင်လာကြသည်နှင့် ခွေးနစ်ကောင်က စူးစူးဝါးဝါး ထိုးဟောင်တော့၏။

ထိုအချိန်မှာပဲ လှည်းဦးမှာ တင်ပလ္လင်ချိတ်ထိုင်ရင်း လိုက်ပါလာသည့် ဓာတ်ဆရာ ဦးရွှေမြှားက ဓာတ်စက်ဖွင့်နေသည့် ကားဆွဲ တုတ်ဖြိုးကို

"ဟေ့ကောင် တေုတ်ဖြိုး ဓာတ်စက်ကို ကျယ်ကျယ်ဖွင့်စမ်း၊ ဒါမှ ဟောဒီရွာတန်းရှည်တစ်ခုလုံး ဓာတ်လှည်းကြီးတွေ လာတာကို သိမှာ။ မင်းနှယ်ကွာ အလိုက်ကမ်းဆိုး မသိတတ်ရန်ကော"

သို့သော် တိုင်းချစ်ဦးရွှေမြှားတစ်ယောက် မှန်းချက်နှင့်နမ်းတော မကိုက်ရှာ။ အရင့်အရင်တုန်းက ရွာတွေကို ဓာတ်ကသွားပြီဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှည်းတန်းကြီး ရွာကို ဖြတ်လာသည်နှင့် ကလေးရော လူကြီးပါ မကျန် လှည်းတွေနောက်မှ ပြေးလိုက်လာကြသည်။ ပြီးလျှင် ဘယ်သူရေ . . . ဘယ်ဝါရေနှင့် ဘယ်မင်းသား ရောပါရဲ့လား . . . ဘယ်နှည ကမှာလဲ စသည်ဖြင့် ဆူလို့ ညံလို့။

အခုတော့ဖြင့် အဲသည်လိုမဟုတ်၊ ဟိုနားတစ်အိမ်စ၊ သည်နားတစ်အိမ်စလောက်သာ ကြခတ်ဝါးစည်းရိုးနောက်မှနေ၍ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးကြီးတွေနှင့် ကြည့်နေကြသည်။ ဒါတင်မက တချို့ကလေးတွေက ဓာတ်လှည်းတွေနောက် ပြေးလိုက်မည်ပြုသည်ကိုပင် လူကြီးတွေက လက်ကို ဖမ်းဆုပ်ကာ ကြိမ်းမောင်းမာန်မဲနေကြ၏။

ထိုအထူးအဆန်းမြင်ကွင်းကြောင့်

"ဟဲ့ . . . ငွေခင် . . . ဒီတောဆယ်ရွာကလူတွေက တစ်မျိုးပါလား။ ဓာတ်ပွဲမကြိုက်ကြဘူးထင်ပါ့"

မင်းသားခေါင်းဆောင်ဦးက သူ့နောက်မှ ကပ်ပါလာသော လှည်းအတွင်းရှိ မင်းသမီးအောင်လံတော် မငွေခင်ကို လှမ်းအော်ပြောလိုက်ပေသည်။ မငွေခင်ကလည်း

"ဟုတ်ပါရဲ့ . . . မင်းသားရယ် . . . ကျုပ်တို့အရပ်နဲ့တော့ ကွာပါ့တော်"

ဓာတ်ဆရာ တိုင်းချစ်ရွှေမြားကတော့ ဒီအဖြစ်တွေကို တစ်ချက်ကလေးမှ စိတ်ဝင်စားဟန်မပြ . . .။ သူ့အဖို့ ပျော်ဒီဖီးတောကွင်းမှာ သုံးည ကပြီးလျှင် ပြီးရောဟူ၍သာ အတွေးပေါက်လျက် ဆေးပေါ့လိပ်ကြီးကိုသာ တွင်တွင်ဖွာရင်း လိုက်ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် သူတို့အဖွဲ့ကြီးမှာ ခွေးဟောင်သံ ချောက်ချီးချောက်ချက် ကလျှံပြီး ဘယ်သူမှမရှိသည့် ဇီးတောကွင်းပြင်ကြီးဆီသို့ ရောက်လာခဲ့ကြလေသည်။

ဇီးတောကွင်းကြီး၏ ဘေးပတ်လည်တွင်လည်း ကျီးသံ၊ ငှက်သံဟူ၍ တစ်ချက်လေးမှ မကြားရ၊ ညို့ညို့မှိုင်းမှိုင်းပေါက်ရောက်နေကြသော လက်ပံပင်ကြီးများ၊ တမာပင်ကြီးများက အသက်မဲ့လျက် မတ်တတ်နှင့်ပင် ငိုက်မြည်းနေသလိုထင်ရသည်။

"ရောက်ပြီဟေ့။ ကြာစိတို့ ဗန်းကြီးတို့ရေ . . . အရက်ဆိုင်ကလေး၊ ထန်းရည်ဆိုင်ကလေးများ ရှာကြပါဟ။ ငါတို့မှာ ရေငတ်လို့ ဒုက္ခတွေ့နေပေါ့"

"အံမာ . . . အရက်သောက်ချင်တာကို သောက်ချင်တယ် မပြောဘူး။ ရေငတ်သလေး ဘာလေးနဲ့၊ သေချင်းဆိုးက"

လူရှင်တော်တွေ လိုက်ပါလာသည့် လှည်းကတော့ ပတ်ဝန်းကျင်အခြေအနေကိုလည်း ဘာမှစိတ်မဝင်စား။ တစ်ယောက်တစ်ပေါက် အော်ကြ၊ ဟစ်ကြရင်း ဇာတ်စင်နှင့် မလှမ်းမကမ်းရှိ ခြောက်ပင်ငါးခန်းရင်ကွဲဇရပ်ကြီးရှေ့သို့အရောက်တွင် လှည်းပေါ်မှခုန်ဆင်းလိုက်ကြသည်။

"ဟေ့ . . . အဲဒီပစ္စည်းတွေ ဒီဘက်ကို သယ်လာကြဟေ့ . . . ကွဲစရာ၊ ရှစရာတွေကို ဂရုစိုက်ပြီး သယ်ကြ၊ အေး . . . ပြောထားရက်သားနဲ့ ဖြစ်သွားရင်တော့ ညကြေးထဲက ဖြတ်မှာနော့"

သူတို့အဖွဲ့လှည်းပေါ်မှခုန်ဆင်းလိုက်သည်နှင့် ဇာတ်ဆရာ တိုင်းချစ်ရွှေမြား၏ အသံဝါဝါကြီးကို စပြီးကြားလိုက်ရသည်။

၀



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသူအဖွဲ့တွေကလည်း လှည်းအောက်ရောက်သည်နှင့် တစ်လမ်းလုံး အလိမ်းလိမ်းကပ်ပေလာသည့် ဖုန်တွေကို တဘက်ဖျင်တွေနှင့် တဖျန်းဖျန်း ခါနေကြလေသည်။ ထိုအထဲမှ အချို့ယိမ်းသမတွေက ကိုယ်နိုင်စားရာ ဆိုင်းအဖွဲ့ထဲမှ ဆိုင်းသမားတွေကို လေချိုသွေးပြီး အမျိုးမျိုးနိုင်းစေနေကြ၏။

"ဒီမှာရှင့် ... ကြေးတီးဆရာ ကျုပ်ကို ဟောဒီတောင်းကလေး မ ပေးစမ်းပါတော်"

ဇီးတောကွင်းအတွင်း ဓာတ်သူ ဓာတ်သားတွေ၏ ရုန်းရင်းဆန်ခတ် အသံတွေက တစ်ခဏအတွင်းမှာ ပွက်ပွက်ညံကုန်ကြသည်။ ပွဲလေလံ တရုတ်ကြီးအရှောင် ရှင်းလင်းပေးထားသော ရင်ကွဲဇရပ်အိုကြီးပေါ် မှာလည်း ချက်ချင်းဆိုသလို ဓာတ်ပစ္စည်းတွေနှင့် ပြည့်နှက်သွား၏။

တစ်ချိန်တည်းမှာ ရွာစားစိန်ဆေးရိုး၏ ဆိုင်းအဖွဲ့ကလည်း ကြိုတင် ဆောက်လုပ်ပေးထားသော ဓာတ်စင်ရှေ့တွင် ဗုံ ကြေးနောင်၊ ခြောက်လုံး ပတ်နှင့် ပတ်မကြီးတို့ကို နေရာတကျ ပြင်ဆင်နေကြလေသည်။

အချို့ယိမ်းသမတွေကလည်း ဇရပ်နံရံနှင့် တိုင်များကို ကြိုးဖြင့် သွယ်တန်းနေကြပြီး ထိုကြိုးတန်းများပေါ်တွင် ပခုက္ကူစောင် ခြုံထည်



www.burmeseclassic.com

www.burmeseclassic.com


တွေကို ဒေါင်လိုက်လျှားကာ အကာအရံတွေ ပြုလုပ်လိုက်ကြသည်။ အရပ်တကာ နယ်တကာလှည့်လည်သွားလာရင်း ဇာတ်ကနေရသည့် ဇာတ်သူ ဇာတ်သားတွေအဖို့ ထိုသို့သော ယာယီနေရာထိုင်ခင်းလေးတွေကို ကြံဖန်ပြီး ပြုလုပ်တတ်ကြစမြဲ။

ဘာမှ မကြာလိုက်။ ပခုက္ကူစောင်ခြုံထည်တွေကို ဒေါင်လိုက်လှွားပြီး အသီးသီး အကာအရံတွေ ပြုလုပ်လိုက်သည့်အခါ တစ်ယောက်စာ အခန်းများ ရကြရလေသည်။

ဇာတ်ဆရာ တိုင်းချစ်ရွှေမြှားကတော့ သူတို့ဇာတ်အဖွဲ့ကြီး စတည်းချရမည့် ဇရပ်အိုကြီးပတ်ပတ်လည်ကို လက်နှစ်ဖက်နောက်ပစ်ရင်း လိုက်လံကြည့်ရှုနေလေသည်။ ဇရပ်အိုကြီးနှင့် မလှမ်းမကမ်း မြေကြီးပေါ်တွင်တော့ ရာဝင်အိုးလွတ်ကြီး လေးလုံးကို တွေ့ရပြီး ထိုရာဝင်အိုးများက မြေကြီးအတွင်း တစ်တောင်သာသာခန့် နစ်မြုပ်၍ နေလေသည်။

ထို့နောက် ဇာတ်ဆရာတိုင်းချစ်ရွှေမြှားက သူ့အနီးမှ လူရွှင်တော်နှစ်ယောက်ကို

"ရေကတော့ ဒီစဉ့်အိုးကြီးတွေထဲ ထည့်ပြီး သောက်ရေ၊ ချိုးရေ လုပ်ရမှာပဲကွ။ ခက်တာက ဒီနားတစ်ဝိုက်မှာ ဘာရေတွင်း၊ ရေကန်မှ မတွေ့ရတာပဲ"

"အမလေး . . . ဇာတ်ဆရာရယ်၊ ကျုပ်တို့ လှည်းဖြတ်မောင်းလာတဲ့ ဟောဟိုရွာအစပ်နားမှာ ရေတွင်းကြီးတစ်တွင်းတွေ့ခဲ့ပါ့၊ အဲဒီတုန်းက ကျုပ်တောင် လှည်းပေါ်ကဆင်းပြီး ကိုယ်ရေလေး ဘာလေး သပ်ဖို့ တွေးမိသေး"


www.burmeseclassic.com

www.burmeseclassic.com



လူ့ရှင်တော် ကြာစိတ်၏စကားကြောင့်

"ကိုင်း . . . ကိုင်း ဒါဆိုလည်း မင်းတို့နှစ်ယောက် အဲဒီရွာနားမှာ ရေထမ်းသမားရအောင် ငှားပြီး အိုးတွေအကုန်လုံး ဖြည့်နိုင်းစမ်းကွာ။ ဒီစဥ့်အိုးကြီးတွေထဲကရေကိုတော့ မိန်းမတွေ ချိုးဖို့နဲ့ ထမင်းချက်၊ ဟင်းချက်ကလေး သုံးဖို့ထား။ ယောက်ျားသားတွေကတော့ အဲဒီ ရေတွင်းမှာပဲ ချိုးပစေ"

လူ့ရှင်တော် ကြာစိနှင့် ဗန်းကြီးတို့နှစ်ယောက် ရေတွင်းရှိရာသို့ ထွက်သွားချိန်တွင် ဇာတ်ဆရာ ဦးရွှေမြှားက ယိမ်းသမတွေတစ်သိုက်ကြား ဟေးလားဝါးလားလုပ်နေသော ထမ်းဆင့်သမား သောမောင်ကို

"ဟေ့ . . . သောမောင် မင်း ဘာလုပ်နေတာလဲကွ၊ အချိန်ရှိတုန်း မီးလေး၊ ဘာလေး မွှေးပါတော့လား။ မင်းနှယ်ကွာ . . . ဇာတ်ထဲ ရောက်တာလည်း ကြာပြီ၊ အခုအချိန်ထိ ကိုယ်လုပ်ရမယ့်အလုပ်ကို သူများက လိုက်ပြောနေရတုန်းလားကွ"

"ဟုတ် . . . ဟုတ်ကဲ့ပါ ဘကြီး"

ထမ်းဆင့်သောမောင်မှာ လူက နုံအသလောက် အလုပ်လုပ်ရာတွင်လည်း ဘာတစ်ခုမှ စေ့စပ်သေချာမှုမရှိသဖြင့် ဇာတ်ဆရာက မကြာခဏဆိုသလို အော်ငေါက်နေရသူလည်း ဖြစ်လေသည်။ တကယ်တော့ သူ့အလုပ်က ဇာတ်အတွက် ပစ္စည်းပစ္စယတို့ကို ထမ်းပိုးပေးရသော ထမ်းဆင့်အလုပ်သမားဖြစ်သော်လည်း လူနည်းနည်းနှင့် ကျဲကျဲ ပိုင်းထားရသည့် ဦးရွှေမြှားဇာတ်ထဲတွင်တော့ ထမင်းချက်၊ ဟင်းချက် အလုပ်ကိုပါ ပူးတွဲပြီးလုပ်ပေးရသော အောက်ခြေသိမ်း အလုပ်သမားတစ်ဦးလည်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖာတ်ဆရာ ဦးရွှေမြှားတစ်ယောက် သောမောင့် ကျောပြောင်ပြောင်ကို ကြည့်ကာ သက်ပြင်းတစ်ချက်ကို လေးလေးကန်ကန်ချလိုက်ရင်း အနားမှ လှည့်ထွက်လာခဲ့၏။

ထိုအချိန်မှာပဲ ရှေ့ထွက်မင်းသား ပသီစိန်က

"ဗျို့ . . . အုပ်ကြီး . . . ညကျရင် ဘာဇာတ် ကမှာတုန်းဗျ"

"အေးကွာ . . . အဲဒါတော့ မင်းတို့ခေါင်းဆောင်မင်းသား ရွှေဒေါင်းယဉ်ကိုသာ သွားမေးပေတော့၊ ငါ ဒီနား လှည့်ပတ်ကြည့်လိုက်ဦးမယ်"

ဟုဆိုကာ ဦးရွှေမြှားက ဇာတ်စင်နှင့် ကပ်လျက်ရှိသော ရင်ကွဲရေပ်အိုကြီး၏ နောက်ဘက်ဆီသို့ ဆက်လျှောက်သွားလေသည်။


ရေပ်အိုကြီး၏ အနီးပတ်ဝန်းကျင်တစ်ခုလုံးမှာ မီးခိုးမှိုင်းတွေ ဝနေသလို သစ်ပင်ချုံနွယ်တွေကအစ နီစွေးစွေး မွဲခြောက်ခြောက်နိုင်နေ၏။ ထိုအုံ့ဆိုင်းနေသော ကုက္ကိုပင်၊ ဓီးပင်၊ လက်ပံပင်ကြီးများပေါ်မှာလည်း ကြီးမားသော နွယ်ကြိုးနွယ်မျှင်ကြီးတွေက ဇရာမ တောပင့်ကူကြီး တစ်ကောင် အိမ်ဖွဲ့ထားသလို တစ်ပင်နှင့်တစ်ပင် တွယ်ယှက်နေကြသည်။

ထိုတွယ်ယှက်နေကြသော နွယ်ကြိုးကြီးတွေက လူကြီးပေါင်လုံးသာသာလောက် ဖြစ်နေရုံမက အဆစ်လိုက်၊ အရစ်လိုက် ဖုဖုလုံးလုံးကြီးများ။ ကွေ့ကွေ့ကောက်ကောက်ကြီးများ ဖြစ်နေသဖြင့် ရုတ်တရက်ကြည့်လိုက်လျှင်ပင် ခြေဆံ၊ လက်ဆံကြီးမားသော လူကြီးတစ်ယောက်ပျင်းရိ၊ ပျင်းတွဲ ခွေခေါက်၍ ထိုင်နေပုံနှင့်သာ ပိုပြီးတူသေးတော့၏။

တချို့ နွယ်မျှင်တွေကလည်း မြေပြင်အထိရောက်အောင် တွဲလျားကျနေပြီး ကုပ်စရာ၊ တွယ်စရာ မရှိသေး၍ တလှုပ်လှုပ် ရမ်းခါနေ၏။

www.burmeseclassic.com






ထိုအချိန်မှာပဲ ဖာတ်ဆရာ ဦးရွှေမြှား၏ မျက်လုံးတွေက ဇရပ်အိုနှင့် ဖာတ်စင်ကြားမှမြေပြင်ကို ငုံ့ကြည့်လိုက်လေရာ . . .

"ဟာင် . . . "

ထိုမြေပြင်တွင်တော့ ဆူးချုံ ဆူးခက်တွေကြား ပျက်စီးစပြုနေသော အုတ်ဂူနှစ်လုံးကို အစီအရီတွေ့လိုက်ရ၏။

ထို့နောက် ဦးရွှေမြှားက ရှေ့သို့ နှစ်လှမ်း၊ သုံးလှမ်းမျှ တိုးကပ်သွားပြီး အုတ်ဂူပေါ်တွင် ရေးထိုးထားသော နာမည်များကို အသံထွက်ပြီး ဖတ်ကြည့်လိုက်၏။

"မောင်ဘစီ အသက် နှစ်ဆယ့်ရှစ်နှစ်"

"ဒါကဘာတဲ့၊ မောင်ဖေရှား အသက် သုံးဆယ့်တစ်နှစ် . . . ဆိုပါလား"

တစ်ချိန်တည်းမှာပဲ ဖာတ်ဆရာ ဦးရွှေမြှား၏စိတ်တွေက မသိမသန် နှင့် ထင့်ခနဲ ဖြစ်မိသွား၏။

"တောက် . . . ဒီလူတွေနှယ် ဖာတ်စင်ကို ဆောက်စရာရှားလို့ သချိုင်းထဲမှာ လာဆောက်ရသလား"

၀



www.burmeseclassic.com

www.burmeseclassic.com

ခါးစောင်းသာသာလောက်မြင့်သော အုတ်ရေတွင်းမှာ လေးတိုင်စင်ဆောက်ကာ သွပ်ပြားဟောင်းများဖြင့် အုပ်မိုးထားသဖြင့် ကွင်းပြင်ထီးထီးကြီးမှ လေပူတွေ ဝှေ့တိုက်လိုက်တိုင်း သွပ်သံချပ်တွေက ရှန်းကြွကာ တမြုန်းမြုန်း မြည်နေလေသည်။

ဒါတင်မက အုတ်ရေတွင်းလေး၏ နံဘေးတွင် ပေါက်ရောက်နေသော မန်ကျည်းပင်ကြီးမှာလည်း လေတိုက်တိုင်း မန်ကျည်းရွက်တွေ ဖွေးဖွေးလှုပ်လှုပ် ကြွေကျနေရာ နေပြောက်ပင်မထိုးရသော ထိုရေတွင်းလေးတစ်ဝိုက်မှာ တိတ်ဆိတ်အေးချမ်းလျက်ပင် ရှိနေသည်။

လူရှင်တော်ဗန်းကြီးနှင့်ကြာစိတို့မှာ ထိုနေရာကလေးသို့ ရောက်သည်နှင့် အင်္ကျီအဝတ်အစားများကို ကပျာကယာနှင့် ချွတ်လိုက်ကြပြီး ရေတွင်းဘေးတွင် အခန့်သင့်တွေ့လိုက်ရသည့် ရေခင်ပုံးဖြင့် အလုအယက် ခပ်ချိုးလိုက်ကြသည်။

သူတို့နှစ်ယောက်၏ ဂူးဂူးဝါးဝါး အော်ကြီးဟစ်ကျယ် စကားပြောသံတွေနှင့်အတူ ရေသံတဗွမ်းဗွမ်းက ရေတွင်းတစ်ဝိုက်မှာ တစ်ခဏအတွင်း ပွက်လောရိုက်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်ယောက်လျှင် လေးငါးဆယ်ပုံးမက အားရပါးရ ချိုးလိုက်ပြီးသောအခါ . . .

''ရေကတော့ အေးပါရဲ့ . . . တွင်းနက်တော့ ရေငင်ရတာ လက်မောင်းတောင် အောင့်လာပြီ''

''ဟုတ်ပါရဲ့ ဗန်းကြီးရာ အခုနေများ ငေတို့နှစ်ယောက်ကို ရေလေး ငင်ပေး ကြေး(ကိုး)လေးတွန်းပေးမယ့် လုံမပျိုလေးတစ်ယောက်လောက် ရွာထဲက ထွက်လာရင် သိပ်ကောင်းမှာ''

ထိုအချိန်မှာပင် သူတို့နှစ်ယောက်ရှိရာ ရေတွင်းဆီသို့ အပေါ်အင်္ကျီ ဗလာကျင်းလျက် ရေထမ်းပိုးကိုယ်စီနှင့် ရောက်လာသော လူရွယ်နှစ်ဦးကို တွေ့လိုက်ရ၏။

ထိုအခါမှ ဗန်းကြီးနှင့် ကြာစိတို့မှာ ဇာတ်ဆရာမှာလိုက်သည့် ရေထမ်းသမား ငှားရန်ကိစ္စကို သတိရသွားပြီး

''ဒီက နောင်ကြီးတို့က ရေလာထမ်းကြတာ ထင်ရဲ့''

''ဟုတ်ပါ့ဗျ . . . ''

ဗန်းကြီးအမေးကို ထိုလူရွယ်နှစ်ယောက်က ပြိုင်တူဆိုသလို ပြန်ဖြေ လိုက်ကြပြီး သူတို့ပခုံးပေါ်မှ ထမ်းပိုးဆိုင်းထမ်းနှင့် ရေပုံးတွေကို ရေတွင်း ဘေးမှာ ချွတ်ဖြုတ်လိုက်ကြသည်။

''ဒီလိုဆိုရင်ဖြင့်ဗျာ . . . ကျုပ်တို့ကို တစ်ဆိတ်လောက် အကူ အညီပေးပါလား။ ကျုပ်တို့က ဟောဟို ဇီးတောကွင်းမှာ ဇာတ်လာ ကကြတဲ့ သူတွေပါ။ ကျုပ်က လူရွှင်တော် ကြာစိ၊ သူက လူရွှင်တော် ဗန်းကြီးတဲ့၊ သိတယ်မဟုတ်လား . . . ဟဲ . . . ဟဲ''



www.burmeseclassic.com

www.burmeseclassic.com

**အကျီကျွတ်ရှင့် ရေထမ်းသမားနှစ်ဦးကတော့** ဇာတ်ပွဲရှိသည်ကို **လည်း သိပုံမရ** လူရှင်တော်တွေကိုလည်း တစ်စက်ကလေးမှ သိဖူး **ကြားဖူးပုံ မပေါ်ဘဲ** တွေတွေကြီးသာ ပြန်စိုက်ကြည့်နေကြ၏။

ထို့နောက် ကြာစိက သူ့စကားကို ဆက်ကာ . . .

"အဲဒါဗျာ . . . ကျုပ်တို့ ဇာတ်အဖွဲ့ကြီးအတွက် ရေထမ်းသမား နှစ်ယောက်လောက် လိုချင်လို့ နောင်ကြီးတို့များ အကူအညီပေး နိုင်မလားလို့ပါ။ အဲ . . . ပြီးတော့ ရေထမ်းတဲ့အဖိုးအခကိုလည်း ဘယ်၍ ဘယ်မျှ ယူမယ်ဆိုတာလည်း တစ်ခါတည်းသာ ပြောပါ။ ကျုပ်တို့ စီစဉ်ပေးပါ့မယ်"

ရေထမ်းသမားနှစ်ယောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက် ပြန်စိုက်ကြည့်လိုက်ကြရင်း . . .

"ရပါတယ် . . . ရပါတယ်၊ ကျုပ်တို့ထမ်းပေးနိုင်ပါတယ်။ ဒါပေမဲ့ အဖိုးအခကိုတော့ စေတနာရှိသလောက်သာ ပေးပါ"

ကြာစိနှင့် ဗန်းကြီးတို့မှာလည်း ထိုလူရွယ်နှစ်ယောက်၏ စကား ကြောင့် ဝမ်းပန်းတသာဖြစ်ကာ ရေတွင်းမှရေကို ဆက်ပြီး ခပ်ချိုးနေကြ ၏။

ထိုအချိန်မှာပင် ရေထမ်းသမားတစ်ယောက်က . . .

"ပေးပါ . . . ကျုပ်ငင်ပေးပါ့မယ်၊ ခင်ဗျားတို့နှစ်ယောက်သာ ဝအောင် ချိုးကြပါ . . . ပေး . . . ပေး"

ဟု ဆိုကာ ဗန်းကြီး၏လက်ထဲမှ ရေငင်ပုံးကိုယူကာ ရေတွင်းမှ ရေကို ငင်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းကြီးနှင့် ကြာစိတို့မှာလည်း အနယ်နယ်အရပ်ရပ်လှည့်ပြီး ဓာတ်လှူရှင်တော်လုပ်လာခဲ့ကြသူပီပီ ရပ်သူ၊ ရွာသားတွေ၏ အရေးပေးမှုကို အခွင့်အရေးယူတတ်သော ပါးရည်နပ်ရည်ရှိပြီးသူတွေ ဖြစ်ကြသဖြင့် အားနာဟန်ပင်မပြဘဲ လက်ထဲမှ ရေငင်ပုံးကို ရေထမ်းသမားအား ပေးလိုက်လေသည်။

ထိုနောက် ရေထမ်းသမားခပ်ပေးသော ပုံးထဲမှ ရေကို အားပါးတရ ချိုးရင်း . . .

"သာဓုဗျာ . . . သာဓု ကျေးဇူးတင်လိုက်တာ၊ ကျုပ်တို့ နှစ်ယောက်များ ဒီရေတွင်းအနက်ကြီးထဲက ရေကို ဘယ်ညာလက်နှစ်ဖက်နဲ့ လေးငါးဆယ် ပြန်ဆွဲခပ်နေရတာ၊ ခင်ဗျားဖြင့် လက်တစ်ဖက်တည်းနဲ့ တစ်ချက်တည်းငင်လိုက်တာ အံ့ပါရဲ့"

ကြာစိနှင့်ဖန်းကြီးတို့မှာ စောစောက သူတို့နှစ်ယောက် လက်မောင်းတွေ ပြုတ်ထွက်လုမတတ် ငင်နေရသောရေပုံးကို ထိုသူက လက်တစ်ဖက်တည်းနှင့် ရေတွင်းထဲမှရေကို ဆွဲငင်လိုက်သည်ကို ကြည့်ရင်း အထူးအဆန်းသဖွယ် အံ့အားသင့်နေကြ၏။

"ဒါနဲ့ နေပါအုံးဗျ . . . ခင်ဗျားတို့ နာမည်တွေလည်း ကျုပ်တို့ကို ပြောပြထားဦးလေ"

ဖန်းကြီး၏ အမေးစကားကြောင့် ရေထမ်းသမားနှစ်ဦးတို့မှာ သွားမည်းမည်းကြီးများပေါ်အောင် ပြုံးလိုက်ကြရင်း . . .

"ကျုပ်နာမည်က မောင်ဖေရှား . . . သူ့နာမည်က မောင်ဘာစိတဲ့"

❑



www.burmeseclassic.com

www.burmeseclassic.com



ကြူး ကြာနီ တာ၀ပ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ရင်ကွဲဇရပ်အိုကြီးပေါ်တွင် ဇာတ်သမားတွေ သုံးလေ့သုံးထရှိသော ကတ္တီကူရာ ပေါင်ဒါနှင့် သနပ်ခါးနံ့တွေ လှိုင်လှိုင်ထနေ၏။

ထို့အပြင် ပခုက္ကူစောင်ကြားကြီးတွေကို တန်းပေါ်လွှားကာ ကန့်ပြီး ကာရံထားသည့် ယာယီအခန်းငယ်လေးတွေအတွင်းမှ ယိမ်းသမတွေ၏ သီချင်းညည်းသံ၊ တေးသွားအလိုက် ပါးစပ်ဆိုင်းဖြင့် ညည်းနေသံတို့က ဟိုမှ၊ ဒီမှ ထွက်ပေါ်နေကြသည်။

မင်းသမီးကြီး ဟံသာမယ် တင်တင်စိန်ကတော့ တစ်ကိုယ်တည်း ဖျာကြမ်းပေါ်တွင် လဲလျောင်းရင်း ဇာတ်စာတစ်ပုဒ်ကို အသံနေ၊ အသံထားဖြင့် ရွတ်ဖတ်ကျက်မှတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မေကညာ မေးကာ မစက်နိုင်ရ၊ လင်ရတနာ တဖေဖေးကွာတဲ့ အချက်ရယ်ကြောင့်၊ အဆွေးမျှာပါတွေ ဖက်လာလို့ ရတက်မွှေလှိုင်၊ မေးကာမှ မစက်နိုင်ဘု မျက်ရည်တွေအိုင်"

ရှေးခေတ်မင်းသမီးကြီး မထွေးလေး၏ ဆိုဟန်ဆိုပေါက်အတိုင်း အတုခိုးကာ လေ့ကျင့်နေခြင်းဖြစ်သောကြောင့် နားထောင်၍ တစ်မျိုး စွဲမက်စရာ ဖြစ်နေသည်။

ထိုစဉ် . . .

ဟသ်ာမယ်တင်တင်စိန်နှင့် စောင်တစ်ထည် နံရံခြားထားသော တစ်ဖက်မှ ရွှေခြိသန်းသန်းက . . .

"မမတင်ရေ ဒီဘက်မှာ သနပ်ခါးသွေးလက်စနဲ့မို့ မမတင်ရဲ့ တို့ဖတ်ပဝါလေး ခဏလောက် လှမ်းစမ်းပါဦးတော်"

ရွှေခြိသန်းသန်းက သနပ်ခါးသွေးလက်စနှင့် ကျောခိုင်းထားရင်း ပြောလိုက်သည့်စကားကို စောင်အကာအရံတစ်ဖက်တွင်ရှိသော ဟသ်ာမယ် တင်တင်စိန်က မကြားလိုက်ပေ။ ကျက်လက်စ ဇာတ်စာထဲတွင်သာ အာရုံရောက်နေသည်။

"အို . . . ဖော်ကွာဝေးသူမို့ ဆွေးပူလိမ့်မယ်၊ မြင်တော်လာစမ်း ပါလှည့် နန်းနေညွှန့်နွယ်"

မင်းသမီး မထွေးလေး၏ ကျော်ကြားလှသော ဖော်ကွာဝေးပြောင့် ခြေဆင်းကိုသာ တုံးလုံးလဲလျှောင်းလျက် အသံနေအသံထားဖြင့် ရွတ်မြဲ ရွတ်ဆိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေခြံသန်းသန်းကလည်း ဟာသ်ာမယ်တင်တင်စိန် ကြားလိမ့်မည် အထင်ဖြင့် ဘာမှထပ်မပြောတော့ဘဲ သနပ်ခါးကို ဆက်သွေးရင်း လိမ်းနေလိုက်သည်။

ရွှေခြံသန်းသန်း သနပ်ခါးလိမ်းပြီးခါနီးတွင် . . .

ဟာသ်ာမယ်တင်တင်စိန်၏ အခန်းဘက်မှနေ၍ စောင်ကိုဖြန့်လှမ်းထားသော ကြိုးတန်းကိုကျော်ကာ လက်တစ်ဖက်က ရွှေခြံသန်းသန်းဘက် အခြမ်းဆီသို့ ကမ်းပေးလာသည်။

ထိုလက်ထဲတွင် တို့ဖတ်ပဝါတစ်ခုကို ကိုင်လျက်သား . . .။

ရွှေခြံသန်းသန်းကလည်း တို့ဖတ်ပဝါကမ်းပေးလာသော လက်ကို မျက်လုံးထောင့်မှ ခပ်ရိပ်ရိပ်သာ မြင်လိုက်သည်။ သို့သော် သနပ်ခါးလိမ်းလက်စမို့ အကြည့်ကို မှန်ဆီမှမခွာဘဲ တန်းပေါ်မှ ကျော်ပေးလာသော လက်ထဲမှ တို့ဖတ်ပဝါကိုသာ အမှတ်တမဲ့ ဆွဲယူလိုက်သည်။

ထို့နောက် စွန်လည်ပြန် မျက်နှာချေမှုန့်ထုပ်ကို ထုတ်ယူကာ တစ်ဖက်ခန်းမှကမ်းပေးလာသော တို့ဖတ်ပဝါဖြင့် မျက်နှာကို တဖတ်ဖတ်ရိုက်ပြီး မှန်နေအောင် စိတ်တိုင်းကျအလှပြင်နေလေတော့သည်။

ဟာသ်ာမယ်တင်တင်စိန်က ဖော်ကွာဝေးဒိုခြင်းကို အထပ်ထပ်၊ အပြန်ပြန် ဆိုကြည့်ပြီး ကွမ်းတစ်ရာညက်ခန့်အကြာတွင် လဲလျောင်းနေရာမှ လူးလဲထလိုက်သည်။

ထုံးစံအရ ဇာတ်အဖွဲ့ရောက်ပြီး မရှေးမနှောင်းဆိုသလို ရွာထဲမှ လာရောက်ကြ၊ မိတ်ဖွဲ့ကြ၊ စားစရာ၊ သောက်စရာများ ပို့ကြ စသည်ဖြင့် လုပ်လေ့ရှိကြသောကြောင့် နည်းနည်းပါးပါး အလှပြင်ထားလျှင် ကောင်းမည်ဟု အောက်မေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာသ်ာမယ်တင်တင်စိန်က သူမ၏ထန်းခေါက်ဖာကြီးကို ချည်ထားသည့် ကြိုးကိုဖြေပြီး အထဲမှ တောင်ဆုတ်ခန့်ရှိသော ထန်းခေါက်ဖာအသေးတစ်လုံးကို ထုတ်ယူလိုက်သည်။

ထန်းခေါက်ဖာအကြီးက အဝတ်အစားများထည့်ရန်ဖြစ်ပြီး အသေးတစ်လုံးတည်းတွင်တော့ သနပ်ခါးတုံး၊ ကြည့်မှန်၊ မျက်နှာချေထုပ်၊ ပေါင်ဒါမှုန့်၊ တို့ဖတ်ပဝါ၊ ဘီး၊ ကလစ်၊ ရင်ထိုး အစရှိသည့် အလှပြင်ပစ္စည်းများ ထည့်ထား၏။

ဟာသ်ာမယ်တင်တင်စိန်က သနပ်ခါးကျောက်ပြင်ကို နေရာချလိုက်ပြီး ကြည့်မှန်ကို ကျောက်ပြင်နှင့် နံရံကြားတွင် ထောင်ထားလိုက်သည်။ ထို့နောက် ထန်းခေါက်ဖာအသေးထဲမှ အလှပြင်ပစ္စည်းများကို ဆွဲထုတ်ယူရင်း . . .

"ဟင် . . . ငါ့ တို့ဖတ်ပဝါလေး ဘယ်များရောက်သွားပါလိမ့်။ ထည့်ယူလာခဲ့ဖို့များ မေ့ခဲ့ပြီလား မသိဘူး . . . ဟင် ဟုတ်သေးပါဘူး ငါ သေသေချာချာ ထည့်လာပါတယ်။ ဘယ်ပျောက်သွားတာပါလိမ့်"

ဟု တအံ့တသြဖြင့် အသံထွက်အောင်ပင် ရေရွတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရေရွတ်လိုက်သံကို စောင်တစ်ထည်သာ ခြုံထားနေသော တစ်ဖက်မှ ရွှေခြိသန်းသန်းက ကြားလိုက်ရသောကြောင့်

"မမတင်ရဲ့ တို့ဖတ်ပဝါက ကျွန်မဆီမှာလေ"

"ဟဲ့ . . . ငါ့တို့ဖတ်ပဝါက နင့်ဆီကို ဘာလို့ရောက်နေတာလဲ သန်းသန်းရဲ့"

ဟသ်ာမယ်တင်တင်စိန်၏ ရန်တွေ့သံဆန်ဆန် ဘောက်ဆတ်ဆတ် စကားကြောင့် ရွှေခြိသန်းသန်းက

"အလိုတော် . . . စောစောကပဲ ကျွန်မငှားလို့ မမတင်က လှမ်းပေးလိုက်တာလေ၊ မမတင်ကလည်း မေ့တတ်ရန်ကော"

ဟသ်ာမယ်တင်တင်စိန်က မျက်လုံးအဝိုင်းသားဖြစ်သွားပြီး

"ပေါက်ပေါက်ရှာရှာဟယ် . . . နင်တောင်းတာလည်း ငါမကြားဘူး။ တို့ဖတ်ပဝါကိုလည်း ငါမပေးမိပါဘူးအေ"

"မမတင်မပေးရင် ဒီတို့ဖတ်ပဝါကို ဘယ်သူကလာပေးမှာတုံး . . . တကတဲ မမတင်လည်း ဇာတ်စာတွေကျက်၊ အိပ်ရေးတွေ ပျက်ပါများပြီး စိတ်တွေ ဂယောက်ဂယက်ဖြစ်နေပြီ တူပါရဲ့ . . . ဟင်းဟင်း"

ရွှေခြိသန်းသန်းက ရယ်သံစွက်ကာ အရွှန်းဝေဖက်ပြောလိုက်သော်လည်း ဟသ်ာမယ်တင်တင်စိန်ကတော့ ပြူးကျယ်သည့် မျက်လုံးအစုံဖြင့်

"မဟုတ်သေးဘူး . . . မဟုတ်သေးဘူး"


ချောက်ချားစွာ ရေရွတ်ရင်း တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲ ထသွား၏။

၀



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ထွက်မင်းသားဖြစ်သူ တောကျော်က နံရံတွင် ခပ်ငိုက်ငိုက်ထောင်ထားသည့် ကြည့်မှန်ထဲမှ မိမိ၏မျက်နှာသွင်ပြင်ကို စောင်းကာ တစ်ချီ၊ ငဲ့ကာ တစ်လှည့်ကြည့်လိုက်သည်။ ထို့နောက် ခြစ်ပြီးသား မီးခြစ်ဆံအကျွမ်းဖြင့် မျက်ခုံးမွေးကို ခပ်ဖိဖိ ထပ်ဆွဲလိုက်၏။

မျက်ခုံးမွေးပါးသော သူ့ရုပ်ရည်မှာ ထိုသို့ထပ်ဆွဲလိုက်တော့မှ ပိုပြီးကြည့်ပျော်၊ ရှုပျော်ရှိလာသည်။

မင်းသားတောကျော်က သူဆွဲထားသော မျက်ခုံးမွေးနှစ်ဖက်ဘယ်ညာ ညီ၊ မညီကို ကြည့်နေစဉ်မှာပင် မှန်ထဲ၌ အရိပ်တစ်ခု ထင်ဟပ်လာ၏။

မိန်းကလေးတစ်ဦး . . .

တင်ပျဉ်ခွေထိုင်နေသော တောကျော်၏ နောက်ဘက်မှာရပ်လျက်လှမ်းကြည့်နေသည်။ သို့သော် ကြည့်မှန်က သနပ်ခါးစက်တွေ အစင်းရာ၊ အခြစ်ရာတွေ ထင်နေသောကြောင့်လား မပြောတတ်၊ ထိုမိန်းကလေး၏မျက်နှာကို ကြည့်ရသည်မှာ ထင်ထင်ရှားရှားမရှိ မှုန်မွှားမွှား၊ ဖုံဝါးဝါးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒီမိန်းကလေးက ဘယ်နှယ့်လုပ်ပြီး ဟောဒီဇရပ်ပေါ် ရောက်လာတာပါလိမ့်"

မင်းသားတောကျော်က နောက်ကျောဘက်ဆီသို့လှည့်မကြည့်ဘဲ မှန်ထဲမှ တစ်ဆင့်မြင်နေရသော မိန်းမပျို၏ပုံရိပ်ကို ကြည့်ကာ ...

"ဒီရွာနီးချုပ်စပ်က ဇာတ်ပွဲရှိတယ် ကြားလို့ ထင်းခွေရင်း ရေခပ်ရင်း ဇာတ်မင်းသား၊ မင်းသမီးတွေကို လာချောင်းဟန်တူပါရဲ့"

ဟု သာမန်ကာလျှံကာ အောက်မေ့လိုက်မိ၏။ ထို့ကြောင့်

"ငါ့နှမက မောင်ကြီးကို မိတ်ဖွဲ့ချင်လို့ များလားကွဲ့"

ရှေ့ထွက်မင်းသားတောကျော်က မိန်းမဆိုလျှင် ပျိုပျိုအိုအို မရှောင်ဘဲ ပရောပရည်လုပ်ချင်သူပီပီ စကားစလိုက်၏။

သူ့နောက်ကျောဆီမှ ဆံပင်ဖားလျားနှင့် မိန်းမပျိုကတော့ ဘာမှ ပြန်မပြော။ တုံဏှိဘာဝေ။

မင်းသားတောကျော်က အားမလို အားမရဖြင့် ညွတ်ကွင်းထဲ ဝင်လာသော သားကောင်ကို အလွတ်မပေးလိုသည့် မုဆိုးတစ်ယောက်၏ ပြုံးတည်တည်မျက်နှာမျိုး ပြုံးလိုက်ပြီး မိန်းကလေးကို သူ့အနားသို့ လာရန် ဖိတ်ခေါ်လိုက်သည်။

"ငါ့နှမက ဒီဇီးတောဆယ်ရွာကပဲလား ... လာပါ ထိုင်ပါဦး နှမရယ်"

ဟု ဆိုကာ နောက်ကျောဘက်သို့ လှည့်ကြည့်လိုက်လေ၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မှန်ထဲကတစ်ဆင့် တစ်ချိန်လုံး စိုက်ကြည့်နေခဲ့သည့် ဆံပင်ဖားလျားနှင့် မိန်းကလေးမှာ ရုတ်ချည်းဆိုသလို ပျောက်ချင်းမလှ ပျောက်ကွယ်သွား၏။

သူ့မျက်လုံးကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသော တောကျော်မှာ ဖြီးလိမ်းပြင်ဆင်နေသည့်နေရာမှ ထကာ ဘေးဘီကို ပျာပျာသလဲနှင့် ရှာဖွေကြည့်လိုက်သလို စောစောက မှန်ထဲကိုလည်း အဖန်ဖန်အလီလီ ပြန်လှည့်ကြည့်လိုက်၏။

"နှမ . . . ၊ ဟေ့ နှမ . . . ့ ။ အလို . . . ဘယ်များရောက်သွားပါလိမ့် . . . ငါ့နှယ်"

ထိုအချိန်မှာပဲ တောကျော်၏ အခန်းပေါက်ဝနားတွင် မတ်တတ်ရပ်နေသော ရှေ့ထွက်မင်းသား ပသီစိန်က

"ဟင် . . . ဘယ်ကနှမလဲ . . . ဘယ်သူ့ကို ပြောတာလဲ"

"ဟို . . . ဟို . . . ကျုပ်အခန်းပေါက်မှာ စောစောက ရပ်ကြည့်နေတဲ့ မိန်းကလေးလေဗျာ"

ပြောပြောဆိုဆို တောကျော်က ဇာတ်မကာခင် အခန်းအပြင်ဘက်မှာ တရုန်းရုန်းဖြစ်နေကြသည့် ဇာတ်သူဇာတ်သားများအကြား ကျီးကန်းတောင်းမှောက် မျက်လုံးတွေနှင့် ရှာဖွေနေ၏။ သို့သော် . . . ထို မိန်းကလေးကိုတော့ အရိပ်အယောင်မျှပင် မတွေ့ရတော့။

"နို့ နေပါဦး တောကျော်ရ . . . ငါလည်း မင့်အခန်းပေါက်ဝနားမှာ ရပ်နေတာကြာပါပြီ၊ ဘယ်မိန်းကလေးကိုမှ မတွေ့လိုက်ရပါလား"

"မ . . . မဟုတ်ဘူး ကိုပသီစိန်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဖြီးလိမ်းနေတဲ့ နောက်ကနေ ဒီမိန်းကလေးက အကြာကြီးကို ရပ်ကြည့်နေတာ . . . ဗျ။ အဲဒါ ကျုပ်က သူ့ကို မှန်ထဲကတစ်ဆင့် မြင်လိုက်ရပြီး စကားတွေ၊ ဘာတွေတောင် ပြောလိုက်သေးတယ်"

"မင်းနေယ်ကွာ . . . မဟုတ်ကဟုတ်က"

တောကျော်၏ မရေမရာစကားတွေ အဆုံးတွင်တော့ မင်းသား ပသီစိန်မှာ ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း အနားမှ လှည့်ထွက်သွားလေသည်။

တကယ်တော့ အခုလို နေ့ခင်းကြောင်တောင်အချိန်မျိုးကြီးမှာ ဖျတ်ခနဲ တွေ့ပြီး မြုန်းခနဲ ပျောက်ကွယ်သွားရသည့်အဖြစ်က ရှေ့ထွက် မင်းသား တောကျော်အဖို့ အထူးအဆန်းတစ်ခု ဖြစ်နေလေရာ အခြား သူ တစ်ဦးဦးကို ယုံအောင် ပြန်ပြီးပြောပြရန်ပင် အခက်တွေ့နေတော့၏။

၀



www.burmeseclassic.com

www.burmeseclassic.com



ဖာတ်ဆရာ တိုင်းချစ်ဦးရွှေမြားကြီးကတော့ ဆေးတံကြီးခဲကာ လက်နှစ်ဖက်ကို နောက်ပစ်ရင်း ရင်ကွဲဇရပ်အိုကြီးပေါ် အရှေ့လျှောက်လိုက်၊ အနောက်လျှောက်လိုက်လုပ်နေ၏။ သူ့ပုံစံက တစ်စုံတစ်ရာကို စိတ်ထဲတွင် မတင်မကျဖြစ်နေသလို၊ တစ်ခုခုကိုပဲ စိတ်က ထင့်နေသလို၊ မျက်မှောင်ကြီး ကျုံ့ထားလေသည်။

ဦးရွှေမြား လှမ်းမြင်နေရသော မြင်ကွင်းထဲတွင်ကား၊ အင်္ကျီဗလာ ကျင်းထားကြသော ရေထမ်းသမားနှစ်ယောက်တို့က ဇရပ်ရှေ့မှ စဉ့်အိုးကြီးလေးလုံးကို ရေဖြည့်နေကြ၏။

ထိုအချိန်မှာပဲ စောစောက သူ ထမင်းချက်ဖို့ တာဝန်ပေးထားသည့် ထမ်းဆင့်သာမောင်က မီးပင်မမွှေးသေးဘဲ ယောင်တောင်ပေါင်တောင် လုပ်နေသည်ကို လှမ်းတွေ့လိုက်ရ၏။

''ဟေ ••• သာမောင် ••• မင်းအခုအချိန်အထိ ထမင်းချက်ဖို့ ဘာတစ်ခုမှ မပြင်ဆင်ရသေးဘူးလားကွ။ တောက် ••• ဒီကောင်တော့ကွာ။ မင်းအမေ့လင်တွေက ထမင်းစားနောက်ကျလို့ ဒုက္ခပွစိတွေ လုပ်ကုန်ကြလိမ့်မယ်ကွ၊ ငါမပြောလိုက်ချင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ဆရာ တိုင်းချစ်ရွှေမြွား၏ ဆဲသံ ဆိုသံ ကြားလိုက်သည်နှင့် ထမ်းဆင့်သောမောင်မှာ ပျာခနဲဖြစ်သွားပြီး မငံ့မရဲလေသံဖြင့်..

"ဟို... ဟို... ထ.. ထမင်းချက်တဲ့ ယောက်မကြီး ပျောက် ပျောက်... နေလို့ပါ ဘကြီး"

"ဘာ"

ဦးရွှေမြွား၏ မျက်ခုံးနှစ်ဖက်က အပေါ်သို့တွန့်တက်သွားပြီး သောမောင့် အနားသို့ ခြေလှမ်းကျဲကြီးများနှင့် တိုးကပ်သွား၏။

"ဓာတ်ထဲမှာ ထမင်းချက်တဲ့ ယောက်မကြီး ပျောက်ရအောင်၊ ဒီယောက်မက သေးသေးကွေးကွေးမို့လို့လား သွား.. တွေ့အောင်ရှာ၊ ငါ... တယ် လုပ်လိုက်ရ"

ပြောပြောဆိုဆို ဦးရွှေမြွား၏ လက်တစ်ဖက်က သောမောင်၏ ဖက်ပိုးကို ရိုက်ရန် လှမ်းပြီး ရွယ်လိုက်လေသည်။

တကယ်တော့ သူတို့ဓာတ်အဖွဲ့တစ်ခုလုံးအတွက် အချိန်တန်လို့မှ မစားရ မသောက်ရဖြစ်လျှင် တပူပူ တဆူဆူလုပ်တတ်ကြသော ဓာတ်အဖွဲ့သားများ၏ အထာကိုလည်း ဦးရွှေမြွားက သိထားပြီးဖြစ်၏။ ဒီအချိန်မှာမှ တစ်လံသာသာလောက်ရှိသည့် ယောက်မကြီးက ပျောက်နေသည်ဟုဆိုသောအခါ ပိုပြီး ဒေါသထွက်မိလေသည်။

ထို့နောက် ထမ်းဆင့်သောမောင်မှာ မျက်လုံး ပေကလတ် ပေကလတ်လုပ်ရင်း

"ကျွန်... ကျွန်တော်... နေရာအနှံ့ လိုက်ရှာပြီး... မ... မတွေ့..."

"တောသားဖြစ်ပြီး ဒီလောက် နုံ၊ ဒီလောက် အရသာမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ဦးရွှေမြှားက မျက်လုံးတွေကို ဟိုဟိုဒီဒီ ဝေ့ကစား လိုက်ပြီး ဇရပ်နောက်ဘက်ဆီသို့ ခြေလှမ်းပြင်းပြင်းဖြင့် တဒုန်းဒုန်း လျှောက်သွား၏။

ထို့နောက် ဇရပ်နောက်ဘက်မှ သံချက်ပြုတ်ပြီး တွဲလျားကျနေ သည့် နဖူးစည်းပျဉ်ချပ်မည်းမည်းကြီးကို စိတ်မြန်လက်မြန်အားဖြင့် ဆောင့်ဆွဲ ကလော်ထုတ်လိုက်လေသည်။

"မြုန်း ..."

"ဖျောင်း ..."

"ကိုင်းရော့ ...၊ ဒါကြီးကို ယောက်မ မဖြစ်ဖြစ်အောင် ဓားနဲ့ခုတ် ပေတော့"

ဟု ဆိုကာ ဦးရွှေမြှားက သောမောင်ကို နိုင်းလိုက်လေသည်။ သောမောင်မှာလည်း ဦးရွှေမြှား ဖြုတ်ချလိုက်သော တစ်လံသာသာ ပျဉ်ချပ်မည်းမည်းကြီးပေါ်မှာ ရေးထိုးထားသည့် ကမ္ဗည်းစာတမ်းကို မြင်မိသွားပြီး . . .

"ဟင် ... ဘကြီး ...၊ ဒီပျဉ်ချပ်ပေါ်မှာ ကမ္ဗည်းတွေ ထိုးထား တယ်၊ ခုတ်ထစ်ပစ်လို့ သင့်တော်ပါ့မလား ... တော်ကြာ ..."

"ဟေ့ကောင် ... မင်းစကားမရှည်နဲ့ လုပ်မှာသာ လုပ်စမ်း"

ပြောပြောဆိုဆို ဦးရွှေမြှားက ထိုပျဉ်ချပ်ကြီးကို သောမောင်ရှိရာသို့ ခြေဖြင့် ကန်ပြီး ပစ်ပေးလိုက်လေသည်။

ထိုပျဉ်ချပ်မည်းမည်းကြီးပေါ်တွင်တော့ ရှေးနှစ်ပေါင်းများစွာ ကတည်းက ရေးထိုးထားခဲ့သည့် ကမ္ဗည်းစာတမ်းတစ်ခုက ပြည့်ပြည့် စုံစုံပင် မထင်ကျန်တော့ဘဲ ဇရပ်ဒါယိကာ 'ဦး'ဟု အစချီထားကာ



www.burmeseclassic.com

www.burmeseclassic.com



နငယ်အသတ်ရှေ့မှ နာမည်စာလုံးအစက ပျက်စီးနေပြီး ထို့နောက်မှ 'ဖိုးသာ' ကောင်းမှုဟူ၍သာ ကျန်ရှိတော့သည်။

"ဇရပ်ဒါယိကာ ဦး . . နှ် ဖိုးသာ ကောင်းမှု"

သောမောင်ကတော့ ပျဉ်ချပ်ကြီးကို ဓားဖြင့် တစ်ချက်ခုတ်ထွင် လိုက်တိုင်း ဇရပ်ဒါယိကာကြီး၏နောက်မှာ ပျက်စီးပျောက်ကွယ်နေသည့် နငယ်အသတ်ရှေ့က အက္ခရာစာလုံးကို စိတ်ထဲမှမှန်းကာ အမျိုးမျိုး ဖြည့်တွေး ရွတ်ကြည့်နေမိတော့သည်။

ထိုအချိန်မှာပဲ . . .

"တိန် . . . တိန် . . . ဗျောင်"

"တိန် . . . ဗျောင် . . .၊ တိန် . . . ဗျောင်"

ဇရပ်အိုနှင့်ကပ်လျက်ရှိ ဇာတ်စင်ဆီမှ ဆိုင်းဆရာ ရွာစား စိန်ဗေဒရိုး ၏ ပတ်စမ်းသံ တတိန်တိန်ကို စပြီးကြားလိုက်ကြရလေတော့သည်။

ထိုအသံက သူတို့ဇာတ်အဖွဲ့သားများအားလုံးအတွက် မကြာမီအချိန် ကာလအတွင်း ကျရောက်လာတော့မည့် ချောက်ချားစရာအဖြစ်တို့ကို သတိပေးလိုက်သည့်ဆိုင်းသံဖြစ်မှန်း ဘယ်သူမှ သတိထားမိလိုက်ကြ မည် မဟုတ်ချေ။

❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နေဝင်ဖျိုးဖျဆည်းဆာ၏ ဖျော့တော့သော ခရမ်းနီရောင် တိမ်သားကောင်းကင်ကြီး တစ်ခုလုံးမှာ ထိုနေ့မှ မြူခိုးတွေပဲ ဝေ့ဝဲနေသလိုလို။ မီးခိုးမှိုင်းတွေပဲ ဖြာကျနေသလို ရီဝေဝေနှင့် မှိုင်းမှုန်နေ၏။ ဖီးတောကွင်းပြင်ကြီးတစ်ခုလုံးမှာလည်း နဂိုကမှ ညိုပုပ်ပုပ် ဖြစ်နေရသည့်အထဲ ကောင်းကင်မှ တိမ်ရောင်တို့ကြောင့် ပိုပြီး ညစ်ညစ်ထေးထေးပင် ဖြစ်နေ၏။

ထိုအချိန်အထိ ဖီးတောကွင်းပြင်ကြီးမှာ ပွဲကြည့်လာသူဟူ၍ တစ်ယောက်တလေမျှ မတွေ့ရဘဲ ပွဲလေလံတရုတ်ကြီး အရှောင် ပွဲသွင်းသည့် လေးကောင်ဂျင်ဝိုင်း၊ အန်စာဝိုင်း၊ အနီထောင်ဝိုင်း စသော လောင်းကစားဝိုင်းတွေမှာသာ ထိုးသားတွေ ချောက်ချီးချောက်ချောက် ရောက်နေကြပြီဖြစ်၏။ ထိုထိုးသားများလည်း မိတ္ထီလာဘက်နှင့် ပျဉ်းမနား၊ သာစည်ဘက်မှနယ်လှည့်ကာ လောင်းကစားလုပ်နေသည့် သူများသာ ဖြစ်ပြီး ဖီးတောဆယ်ရွာအနီးတစ်ဝိုက်ကသူတွေကိုတော့ တစ်ယောက်တလေမျှ မတွေ့ရပေ။


www.burmeseclassic.com

www.burmeseclassic.com



အချိန်က တဖြည်းဖြည်း မှောင်ရိပ်သမ်းလာသည်နှင့် ကစားဝိုင်းများ အသီးသီးက အောက်လင်းမီးတွေ ထိန်နေအောင် ထွန်းညှိနေကြပြီး ဇာတ်ဆရာတိုင်းချစ်ဦးရွှေမြှား ဦးဆောင်သည့် ရွှေဒေါင်းယဉ်ဇာတ်အဖွဲ့ကြီး ရှိရာ ရင်ကွဲဇရပ်နှင့် ဇာတ်စင်ကြီးပေါ်မှာလည်း အောက်လင်းမီးတွေ ဟိုဟိုဒီဒီ ချိတ်ဆွဲထွန်းညှိလိုက်ကြလေသည်။

ထိုအချိန်မှာပဲ ရင်ကွဲဇရပ်အိုကြီးရှေ့သို့ နွားလှည်းလေးငါးစီးက မြူသံ မကြား၊ ဘာမကြားနှင့် တိတ်တဆိတ် ရောက်လာ၏။

"ဗျို့ . . . ဇာတ်ဆရာ၊ ဇာတ်ဆရာ"

ထိုလှည်းများ၏ထိပ်ဆုံးတွင် လိုက်ပါလာသော ခေါင်းပေါင်းအနီစကြီး ပေါင်းထားသူ ခန့်ခန့်ထည်ထည်လူကြီးတစ်ဦးက လှည်းပေါ်မှပင် မဆင်းဘဲ ဇာတ်ဆရာကို အလောတကြီး လှမ်းခေါ်နေ၏။

ဇာတ်ဆရာ ဦးရွှေမြှားမှာလည်း ဇရပ်ပေါ်မှ ကပျာကယာနှင့် ပြေးဆင်းသွားကာ ထိုလှည်းရှေ့တွင် ရပ်လိုက်ပြီး၊

"ကျုပ်က . . . ဟောဒီဇာတ်အဖွဲ့ကြီးရဲ့ခေါင်းဆောင် ဦးရွှေမြှားပါ ဘာ အကြောင်းများပါလိမ့်"

"ပြော် ဟော် ဟော် အခြားကိစ္စထူးတော့ မရှိပါဘူး။ ကျုပ်တို့က ခင်ဗျားတို့အဖွဲ့ကို ထမင်းစား လာဖိတ်တာပါ။ ကျုပ်က ဟောဒီ အနောက်ဖီးပင်ကုန်းရွာသူကြီး ဦးဖိုးဆိုင်၊ ဟော ဟိုနောက်က လှည်းပေါ်က အရှေ့ဖီးပင်ကုန်းရွာသူကြီး ဦးပျော့ . . . ပဲ၊ ကိုင်း . . . ခင်ဗျားတို့အဖွဲ့တွေ ကျုပ်တို့နဲ့ တစ်ပါတည်း ရွာကို လိုက်ခဲ့ကြပေရော့။ ဒီဖီးတောကွင်းကြီးက ကျုပ်တို့နှစ်ရွာနဲ့ အနီး ဆုံးမို့လည်း ဧည့်ဝတ်ပြုရတာဗျို့"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးဖိုးဆိုင်၏စကားကို ကြားလိုက်ရမှ ဓာတ်ဆရာ ဦးရွှေမြွား နှင့်အတူ တအံ့တသြနှင့် ပိုင်းကြည့်နေကြသည့် ဓာတ်အဖွဲ့သားများမှာ ဝမ်းပန်းတသာတွေနှင့် ဖြစ်ကုန်ကြ၏။

ထိုအခါမှ ဓာတ်ဆရာဦးရွှေမြွားက ထမင်းချက်နောက်ကျ၍ ဓာတ်တစ်ဖွဲ့လုံး ဆာလောင်နေကြသည်ကို တွေးမိသွားပြီး

"ကိုင်း ... ဒါဖြင့်လည်း ကျုပ်တို့ လိုက်ခဲ့ရတာပေါ့ဗျာ။ ဟေး ... ဟေး ငါတို့အဖွဲ့က လူတွေ၊ ထမင်းဆာတဲ့လူရှိရင် ... ဒီလှည်းတွေပေါ် တက်ကြဟေ့။ တို့ကို ရွာတွေက ထမင်းစား လာဖိတ်တာတဲ့ဟ"

တစ်ခဏအတွင်း တရုန်းရုန်းဖြစ်ကုန်ကြသော ဓာတ်အဖွဲ့ကြီးမှာ ရွာထဲသို့ ထမင်းစားလိုက်ရမည်ဆိုသောအခါမှ ဝတ်ကောင်းစားလှတွေ လဲသူက လဲ၊ မိတ်ကပ်၊ ပေါင်ဒါဖို့သူက ဖို့နှင့် သူတို့ ရင်းရင်းနှီးနှီး တွေ့ခွင့်ရတော့မည့် ပရိသတ်ကြီးရှေ့မှာ အလှဆုံး အပဆုံးဖြစ်အောင် ပြီးလိမ်းပြင်ဆင်နေကြလေသည်။

ထိုအချိန်မှာပဲ လှည်းပေါ်မှသူကြီးနှစ်ယောက်နှင့် လှည်းသမားတွေက အလောတကြီးနှင့် လှမ်းအော်လိုက်ကြ၏။

"မြန်မြန်လုပ်ကြပါဗျို့ ..."

"ဟေ့ ဆရာတို့ ... မပြီးသေးဘူးလား"

"ကြာလိုက်တာဗျာ ... ခင်ဗျားတို့ကလည်း"

သူတို့မျက်နှာတွေက တစ်စုံတစ်ရာကြောင့် အလျင်လိုနေကြသလို နောက်ကြောင်း မအေးသည့် အမူအရာတွေနှင့် ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ••• လိုက်မယ့်လူတွေ မြန်မြန်လုပ်ကြပေါ့၊ ရွှေဒေါင်းယဉ်တို့၊ တောကျော်တို့၊ ပသီစိန်တို့ မြန်မြန်လာကြဟ"

ဓာတ်ဆရာ ဦးရွှေမြှားမှာ လှည်းပေါ်မှသူကြီးမင်းများ အလော သုံးဆယ် လုပ်နေသည်ကို အားနာပြီး သူ့အဖွဲ့သားများအား တစ်ဆင့် ထပ်၍ လောလိုက်ရသည်။

"ဒါနဲ့ ••• ဘိုးစံဖျားနဲ့ ဘိုးလေးထွန်းတို့ရော မလိုက်ကြဘူးလား။ လှည်းတွေပေါ် တက်ကြတော့လေ"

"ဟင့်အင်း မလိုက်တော့ပါဘူး ဓာတ်ဆရာရယ်၊ ငါတို့တော့ အိုကြီး၊ အိုမနဲ့ ကလေးတွေလို မျက်နှာပွင့်ရတော့မယ့် အရွယ်တွေ လည်း မဟုတ်တော့ပါဘူးကွာ။ ငတို့နှစ်ယောက် ဒီက သောမောင် ချက်တဲ့ ဓာတ်ထမင်း၊ ဓာတ်ဟင်းနဲ့ပဲ စားပါတော့မယ်၊ သွားကြ၊ သွားကြ"

တိုင်းချစ်ဦးရွှေမြှား၏ ဓာတ်အဖွဲ့ထဲမှာ အသက်အကြီးဆုံးလည်း ဖြစ်၊ ဓာတ်ထွက်တိုင်း ဝန်မင်းနှစ်ပါးအဖြစ် ပွဲထွက်ရသည့် ဘိုးစံဖျားနှင့် ဘိုးလေးထွန်းတို့မှာ အတွေ့အကြုံရင့်ကျက်သော ရှေ့မီ၊ နောက်မီ ပုဂ္ဂိုလ် ကြီးများ ဖြစ်ကြပြီး အရာရာကို ချင့်ချိန်နိုင်းဆတတ်သည့် ရှေးလူကြီးများ ဖြစ်ကြသည်။

အခုလည်း ရွာထဲမှ ထမင်းစားဖိတ်သည်ကို သူတို့နှင့်မဆိုင်သလို ခေါင်းလေးတဆတ်ဆတ်တုန်ကာ ငြင်းဆန်နေ၏။

ခဏအကြာ အနောက်ဖီးပင်ကုန်းရွာသူကြီးဦးဖိုးဆိုင်က အရင်လို နေသည့် အသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ... ဇာတ်ဆရာနဲ့ မင်းသားတွေက ကျုပ်တို့အနောက် ဇီးပင်ကုန်းကို သွားမယ့် လှည်းတွေပေါ်တက်ကြ၊ မင်းသမီးတွေနဲ့ ယိမ်းသမတွေက ဟောဟိုက အရှေ့ဇီးပင်ကုန်းဘက်သွားမယ့် လှည်းတွေပေါ် တက်ကြ ... ဟေ့၊ မြန်မြန်"

ဟု ဆိုလေရာ ...

ဇာတ်ဆရာ ဦးရွှေမြှားက

"နေပါဦး သူကြီးရဲ့ ... ကျုပ်တို့ကို ဘာကြောင့်များ ဒီလောက် တောင် လောနေရတာလဲ ... ဗျ"

ထိုအခါမှ သူကြီးနှစ်ဦးနှင့် ထမင်းစားလာခေါ်သူ လှည်းသမားများမှာ ရေးကြီးသုတ်ပျာနိုင်နေသော သူတို့၏မျက်နှာအမူအရာတွေကို ချက်ချင်း ပြင်လိုက်ပြီး

"မဟုတ်ပါဘူး ... ကျုပ်တို့က ခင်ဗျားတို့ ပွဲထွက်နောက် ကျမှာစိုးလို့ လောနေရတာပါ"

ထမင်းစားလိုက်ကြမည့် ဇာတ်သူ၊ ဇာတ်သားအချို့မှာ လှည်းတွေ ပေါ် အသီးသီးတက်ကာ နေရာတကျ ထိုင်လိုက်ကြရင်း ဘယ်သူရေ ဘယ်ဝါရေဟု ကျန်နေသေးသည့်သူတွေကို အော်ဟစ်ခေါ်နေကြပြန်၏။

ထိုစဉ်မှာပင် ...

ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့နှစ်ယောက်မှာ အနောက်ဇီးပင်ကုန်း ရွာသူကြီးရှိရာ လှည်းဘေးသို့ လျှောက်သွားရင်း

"ဒါနဲ့ သူကြီးရဲ့ ... ရွာက တိတ်ဆိတ်လှချေလားဗျ၊ ခုချိန်ထိ ပွဲကြည့်လာမယ့်သူတွေ ရောက်မလာသေးပါလား။ ကျုပ်ကြားမှာ တော့ အရင်တုန်းက ဟောဒီ ဇီးတောဆယ်ရွာက သိပ်စည်တာဆို ..."

www.burmeseclassic.com



ဘိုးစံဗျား၏စကားကြောင့် ကွက်ခနဲပျက်သွားသော သူကြီးဦးဖိုးဆိုင်၏ မျက်နှာမှာ အထားရခက်၊ အနေရခက်ဖြစ်သွားပြီး ဘာတစ်ခွန်းမှ ပြန်မဖြေနိုင်ဘဲ ရှိနေ၏။

ထိုအခါမှ ဘိုးစံဗျား၏ဘေးမှ ဘိုးလေးထွန်းက စကားရောဖောရော နှင့် . . .

"ဒီလိုလည်း မဟုတ်သေးပါဘူး ကိုစံဗျားရယ်၊ အခုချိန်က ရွာသူရွာသားတွေ အလုပ်ရှုပ်နေတဲ့အချိန်ဗျ၊ မြို့ပေါ်တက်ပြီး ပဲလေး၊ ပြောင်းလေး ရောင်းနေကြရှာမှာပေါ့ . . . ဟုတ်တယ် မဟုတ်လား"

ဟု ဖာဖာထေးထေး ဝင်ပြီးပြောဆိုလိုက်ကာ အနောက်ဖီးပင်ကုန်းရွာသူကြီး ဦးဖိုးဆိုင်ဘက်သို့ လှည့်မေးလိုက်ပြန်သည်။ ထိုအခါမှာလည်း သူကြီး ဦးဖိုးဆိုင်၏နှုတ်မှ ဘာတစ်ခုမှ ဖွင့်ဟပြန်ဖြေခြင်းမရှိဘဲ တိတ်တိတ်ဆိတ်ဆိတ်နှင့် ရှိနေပြန်သည်။

မကြာမီ . . .

လူစုံသလောက် ဖြစ်သွားသော ထမင်းစားသွားကြမည့် လှည်းတန်းကြီးမှာ တဟဲ့ဟဲ့ နွားမောင်းသံတွေနှင့်အတူ ရင်ကွဲဇရပ်ကြီးအနီးမှ တက်သုတ်ရိုက် မောင်းနှင်သွားကြလေသည်။

ထိုလှည်းတန်းကြီးမှာ ဖီးတောကွင်းပြင်ကြီးကို ကန့်လန့်ဖြတ်မောင်းသွားလျှင် အနောက်ဖီးပင်ကုန်းရွာနှင့် အရှေ့ဖီးပင်ကုန်းရွာတို့ကို တန်းတန်းမတ်မတ်ပင် ရောက်နိုင်သော်လည်း ယခုကဲ့သို့ ထိုကွင်းပြင်ကြီးကို တမင်ရှောင်ခွာကာ ကွေ့ပတ်ပြီးမောင်းနေသည်မှာ ဖာတ်ဆရာဦးရွှေမြားတို့အဖို့ အထူးအဆန်းပင် ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

သူတို့လှည်းတန်းကြီး အတော်အတန်သွားမိသောအခါ ဖာတ်ဆရာ တို့ လိုက်ပါလာသည့် ရှေ့လှည်းတွေ၏နောက်မှ မင်းသမီးများ လိုက်ပါ လာသည့် လှည်းတချို့က အရှေ့ဖီးပင်ကုန်းရွာ ရှိရာသို့ လမ်းခွဲပြီး မောင်းနှင်သွားလေသည်။

ထိုစဉ်မှာပင် ဖာတ်ဆရာဦးရွှေမြှားက

''ဒါနဲ့ . . . သူကြီးတို့ရွာကို ပောဒီဖီးတောကွင်းကြီးက ဖြတ် မောင်းသွားရင် အနီးကလေး မဟုတ်လားဗျ။ ဘယ့်နှယ်ကြောင့် ကွင်းပြင်ကပတ်ပြီး မောင်းရတာလဲ . . . ''

ဖာတ်ဆရာဦးရွှေမြှား၏ အမေးစကားကို သူနှင့်ကပ်လျက်မှ လိုက် ပါလာသည့် သူကြီးဦးဖိုးဆိုင်က ဘာတစ်ခုမှပြန်မဖြေရုံမက လှည်းမောင်း နေသည့် လှည်းသမားကလည်း မကြားသလိုနှင့် သူ့နွားတွေကိုသာ တဟဲ့ဟဲ့ မောင်းနှင်၍ နေလေသည်။

လှည်းတန်းကြီး ထွက်သွားပြီး နောက်မကြာမီမှာပင် ပတ်ဝန်းကျင် ကြီး တစ်ခုလုံးမှာလည်း တဖြည်းဖြည်းနှင့် မှောင်စပြုလာလေသည်။ ထိုအချိန်မှာတော့ ရင်ကွဲဇရပ်အိုကြီးပေါ်တွင် ကျန်ခဲ့ကြသည့် ဖာတ်သူ ဖာတ်သားအချို့နှင့် ဆိုင်းသမားများမှာ ထမ်းဆင့်သောမောင် ချက်သည့် ထမင်းနှင့်ဟင်းကို ငှက်ပျောရွက်များပေါ် ခူးခပ်ပြီး ကြုံရာနေရာတွင် ဖြစ်သလို ဖြန့်ခင်းစားသောက်နေကြတော့သည်။

ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့ကတော့ ဇရပ်အိုပေါ်မှာ ထိန်ထိန် ညီးညီး ထွန်းညှိထားသည့် အောက်လင်းမီးဝါဝါကြီးအောက်သို့သွားကာ ထမင်းထုပ်ကို ကြမ်းပြင်ပေါ် ဖြန့်ခင်းပြီး ထိုင်စားကြလေသည်။

www.burmeseclassic.com



ထိုအချိန်မှာပဲ ဘိုးစံဖျားက ဖရပ်ကြမ်းပြင်ပေါ်မှာ တင်ပလ္လင်ကို ကျကျနန ခွေထိုင်လိုက်ပြီး

"ဒီမှာ ကိုရင်ရဲ့၊ ကိုရင်ပြောသလို တစ်ရွာလုံးတော့ မြို့တက်ပြီး ဈေးရောင်းမသွားလောက်ဘူး ထင်တယ်ဗျ။ ကျုပ်တော့ အခုလို ထူးထူးခြားခြားနဲ့ တိတ်ဆိတ်နေပုံကြီးကို မသင်္ကာဘူးဗျ"

"ဟုတ်တယ်၊ ကျုပ်လည်း စောစောက သူကြီးရှေ့မှာ ပြောသာ ပြောလိုက်ရတာ၊ တကယ်တော့ ဟောဒီနေရာကြီးဟာ တစ်မျိုးပဲလို့ အကဲခတ်ကြည့်နေတာဗျ။ နို့ပြီး ... ခင်ဗျားကမေးတော့ ဟိုသူကြီး ဆိုတဲ့လူက ဖြေချင်ပုံမရတာလည်း သိတယ်။ အင်း ... ဒီနေရာကြီးက ကျုပ်အထင်တော့ အကြောင်းတစ်ခုခု ရှိထားဖူးလို့ ဒီလူတွေ အပြောရခက်နေသလား အောက်မေ့တယ်၊ ကိုစံဖျားရာ"

ဘိုးလေးထွန်း၏ ခပ်တိုးတိုးစကားသံ မဆုံးခင်မှာပင် ဘိုးစံဖျားက "အေးဗျာ ... တကယ်ဆို ပွဲကရိုးကစဥ်အရ နေ့လယ်ကတည်းက ပွဲခင်းမှာ လူတွေ ရောက်နေရမှာ၊ ပြီးတော့ ဟောဟိုက ကစားဝိုင်းတွေကိုပဲ ကြည့်ဦး၊ လူတွေက ချောက်ချီးချောက်ချက်နဲ့၊ ထူးတော့ အတော်လေးကို ထူးဆန်းနေတာပဲ။ ကုန်ကုန်ပြောပြမယ်ဗျာ၊ ရွာထဲက ခွေးလေခွေးလွင့်တွေတောင် ဒီကို ရောက်မလာကြတာသာ ကြည့်"

ဘိုးလေးထွန်းကတော့ ထိုအခြေအနေတွေ အကုန်လုံးကို သူ၏ ရင့်ကျက်သော အတွေ့အကြုံတွေအရ ချိုင့်ပြီး သုံးသပ်လိုက်မိသလိုနှင့် ခေါင်းကို ဖြည်းညင်းစွာ တညိတ်ညိတ် လုပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့နှစ်ဦး ဇရပ်ကြီးပေါ်တွင် ထမင်းစားရင်း တီးတိုးပြောဆိုနေကြသည်ကို ခပ်လှမ်းလှမ်းမှ ပတ်မတီးဆရာ ဆရာညိုကတော့ ကြားပုံမရ။ သူ့ပတ်မကြီးကို လက်သီးဆုပ်ဖြင့် ထုလိုက်၊ ပတ်မကြီး၏မျက်နှာပြင်ပေါ် ဖိကပ်ထားသည့် ပတ်စာကို တံတွေးဆွတ်ထားသော လက်မဖြင့် ဖိလိုက်၊ တို့လိုက်နှင့် အသံစမ်းနေ၏။

"ထီ ..."

"ထီ ..."

"ဗေ ... ထီ ... ထီ"

ပတ်မတီးဆရာ ဆရာညို ပတ်စမ်းနေသည့်အချိန်တွင် ဆိုင်းအဖွဲ့မှ ရွာစားအပါအဝင် အခြားတူရိယာသမားတွေ အကုန်လုံးမှာ တစ်ယောက်မကျန် ထမင်းသွားစားနေကြလေရာ ထိုဆိုင်းဝိုင်းရှိနေရာ နေရာတွင် ဆရာညိုတစ်ယောက်သာလျှင် ရှိနေလေသည်။

ထိုစဉ်မှာပင် ထမ်းဆင့်သမားထမင်းချက်သောမောင်က

"ဗျို့ ... ကိုကြီးညို ... ထမင်းမစားသေးဘူးလားဗျ။ ဒီမှာ ရွာစားတို့တောင် စားနေကြပြီ။ တော်ကြာ ခင်ဗျားအတွက် အရိုးအရင်းပဲ ကျန်နေလို့ ခက်နေဦးမယ်"

ဟု အော်ဟစ်သတိပေးလိုက်လေရာ ပတ်မတီးဆရာ ဆရာညိုမှာ ပတ်မတီးခွင်မှ ထကာ ထမင်းဝိုင်းရှိရာဘက်သို့ ထွက်လာခဲ့လေသည်။

ထိုသို့ ဆရာညို ထမင်းဝိုင်းရှိရာဆီ ထအသွား ခြေလှမ်း လေးငါးလှမ်းပင် မရှိသေး ...

"ပတ် ... ဗေ ... ထီ"

ဟူသော ခြောက်လုံးပတ်နှင့် ပတ်မကြီးကိုတွဲလျက် တီးခတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com


သည့် အသံကြီးကို သူနောက်ကျောဘက်ဆီမှ ရုတ်တရက် ကျယ်ကျယ် လောင်လောင်ကြီး ကြားလိုက်ရလေသည်။

"ဟင်"

ချက်ချင်းဆိုသလို ဆရာညို၏ မျက်လုံးတွေက သူ့ပတ်မကြီးရှိရာကို လှည့်ကြည့်လိုက်လေရာ ဘယ်လိုမှ တွေးထင်မထားမိသော မြင်ကွင်း ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေညွှတ်ကျမတတ် ဖြစ်သွား၏။

ထိုပတ်မကြီးကတော့ တီးသူတစ်စုံတစ်ယောက်မှမရှိသော ဆိုင်း ဝိုင်းကြီးအတွင်း တဆတ်ဆတ်ခါယမ်းနေကာ ဘေးမှ ခြောက်လုံးပတ် ဗုံလေးများမှာလည်း တစ်လုံးနှင့်တစ်လုံး အချင်းချင်း ထိရိုက်၍ပင် လှုပ်ယမ်းနေသည်။

ဝ


www.burmeseclassic.com

www.burmeseclassic.com



ရင်ကွဲဇရပ်အိုကြီးပေါ်တွင် စားရင်း သောက်ရင်း စကားပြောဆိုနေကြသည့် ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့မှာ တီးသူ တစ်စုံတစ်ယောက်မရှိဘဲ ကြားလိုက်ရသည့် ပတ်မကြီး၏မြည်သံကို အမှုမဲ့အမှတ်မဲ့နှင့် ဂရုမပြုမိလိုက်ကြ။ သူတို့နှစ်ဦး၏အတွေးတွေက ဒီဇီးတောကွင်းကြီးနှင့် ထူးခြားနေသော အနီးပတ်ဝန်းကျင်မှ ရွာများအကြောင်းသာ ...။

ဘိုလေးထွန်းက ထမင်းလုံးများ ပေကျံနေသည့်လက်ကို ပုဆိုးအောက်နားစနှင့် ဖြစ်သလိုသုတ်လိုက်ရင်း လက်စသတ်လိုက်၏။ ထို့နောက် ဇရပ်အိုပေါ်မှ အပြင်ဘက် အမှောင်ထုအတွင်းသို့ ငေးငေးရီရီ လှမ်းကြည့်ရင်း

"ကျူပ်ထင်ရင် လွဲခဲတယ် ကိုစံဗျား၊ မဟုတ်မှလွဲရော ဟောဒီနေရာကြီးဟာ မသန့်ရှင်းတဲ့ ဖုန်းဆိုးမြေတွေ ဘာတွေများ ဖြစ်နေသလားလို့"

ဟု ဆိုလိုက်လေရာ ဘိုးစံဗျားကလည်း ဆက်၍ မစားနိုင်တော့သည့် ထမင်းကျန်တွေကို ငှက်ပျောဖက်ပေါ်မှာ လက်ချောင်းများနှင့် ယက်စုလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ကျုပ်တို့အဖွဲ့ကြီးတော့ နေရာလွဲပြီး ရောက်လာခဲ့ ကြပြီ ထင်ပါရဲ့ ကိုလေးထွန်းရာ"

ပြောပြောဆိုဆို ဘိုးစံဖျားက ထမင်းကျန်ဟင်းကျန်များ စုထည့်ထားသည့် ငှက်ပျောဖက်ကိုယူကာ ဇရပ်အိုး၏ နောက်ဘက်မှ လှေကားအတိုင်း ဆင်းသွား၏။

မည်းမှောင်စပြုနေသော ဇရပ်နောက်ဘက်မှာလည်း သစ်ပင်ချုံနွယ်တွေက ဟိုတစ်စု ဒီတစ်စု ရှိနေလေရာ ဘိုးစံဖျားက သူ့လက်ထဲမှ ငှက်ပျောဖက်ကို ချုံအစပ်တစ်ခုအနီးတွင်ပင် ပြီးစလွယ် ပစ်ချလိုက်လေသည်။

"ဟင်"

သူပစ်ချလိုက်သော ငှက်ဖျောဖက်က မြေပေါ်မကျဘဲ တစ်စုံတစ်ခုပေါ် တင်နေသဖြင့် ငုံ့ကြည့်လိုက်တော့မှ အုတ်ဂူတစ်ခု၏ ခေါင်းရင်းဖြစ်မှန်း သိလိုက်ရ၏။

တစ်ချိန်တည်းမှာပဲ ဘိုးစံဖျား၏ မျက်လုံးတွေက ထိုအုတ်ဂူအနီး တစ်ဝိုက်ကို မျက်လုံးဝေ့ပြီး ကြည့်လိုက်လေရာ ထိုနေရာနှင့် ကပ်လျက်ရှိနေသည့် နောက်ထပ်အုပ်ဂူတစ်လုံးကို ထပ်ပြီးတွေ့လိုက်ရပြန်သည်။

အုတ်ဂူတွေပေါ်မှာ နွယ်ကြိုး၊ နွယ်မျှင်တွေက ရှုပ်ထွေးလိမ်ယှက်နေကာ အုတ်အကျိုးအကြေအစအနတို့က ချုံပုတ်၊ မြက်ဖုတ်များကြားတွင် ဟိုဒီပြန့်ကျဲလျက် ရှိနေသည်။ ထိုအုတ်ဂူနှစ်ခုစလုံးမှာလည်း နှစ်ကာလ မည်၍မည်မျှကတည်းက ရှိနေခဲ့သည်မသိ၊ ဟောင်းလောင်းပေါက်ကြီးတွေပင် ဖြစ်၍နေပေပြီ။

ထို့နောက် ဘိုးစံဖျားမှာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို သချိုင်းအို၊ သချိုင်းပျက်တွေရှိနေတဲ့ နေရာမှာမှ ဇာတ်လာကရတယ်လို့ကွာ"

ဟု စိတ်ပျက်လက်ပျက်နှင့် ရေရွှတ်ကာ ရင်ကွဲဇရပ်ကြီးဆီသို့ လှည့်ပြန်လာခဲ့လေသည်။ ထို့နောက် ဘိုးစံဗျားက ဇရပ်ပေါ်တွင် အဖန်ရည်သောက်နေသည့် ဘိုးလေးထွန်းနံဘေးမှာ ဝင်ထိုင်လိုက်ပြီး . . .

"ကိုလေးထွန်းရေ ကျုပ်တို့ အဖွဲ့ကြီးတော့ နေရာလွဲပြီး ရောက်လာခဲ့ကြတာ အမှန်ပဲဗျို့"

"ဘာဖြစ်လို့တုန်းဟ"

"ဘာဖြစ်ရမှာတုန်း၊ ဟောဒီ ဇရပ်ကြီးနောက်မှာက အုတ်ဂူတွေနဲ့ဗျ။ လက်စသတ်တော့ ဒီနေရာဟာ သချိုင်းကုန်းကြီးကိုး . . ."

"ဘယ်လိုဗျ၊ သချိုင်းကုန်းကြီး ဟုတ်လား"

ကိုလေးထွန်းမှာ ကြားလိုက်ရသည့် စကားကြောင့် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားပြီး သောက်လက်စ အဖန်ရည်ခွက်ကို လင်ပန်းကြီးထဲသို့ ပြန်ချလိုက်လေသည်။

ထိုအချိန်မှာပဲ သူတို့ရှိရာဇရပ်ကြီးပေါ်သို့ လူရွယ်နှစ်ယောက် တက်လာကြသည်ကို တွေ့လိုက်ရင်း ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့မှာလည်း ထိုအခါမှ ပြောလက်စ စကားကိုရပ်ကာ . . .

"ဩော် . . . ညနေက ရေထမ်းပေးကြတဲ့ မောင်ရင်နှစ်ယောက်ပါလား . . . လာ . . . လာ . . . လာကြ၊ အဖန်ရည်လေး ဘာလေးသောက်ကြဦး၊ အမောပြေပေါ့ကွာ"

ဟုဆိုကာ သူတို့ သက်ာမကင်းဖြစ်နေသည့် ဇီးတောကုန်းကြီး၏ အကြောင်းကို တစေ့တစောင်း သိလိုသည်နှင့် ထို ရေထမ်းသမား



www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်အား အကြောင်းမရှိ အကြောင်းရှာကာ မေးစမ်းကြည့်မည်ဟု ပင် စိတ်ကူးလိုက်ကြ၏။

သို့သော် ဘိုးစံဖျားတို့ရှိရာကို ဦးတည်ပြီး လျှောက်လာနေသော ရေထမ်းသမားနှစ်ယောက်မှာ ဘာတစ်ခုမှ တုံ့ပြန်ပြောဆိုခြင်းမရှိဘဲ အကြောင်းတစ်စုံတစ်ရာ ကိစ္စရှိ၍ သူတို့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာကြသည့်ပုံစံမျိုး။

ထိုရေထမ်းသမားနှစ်ယောက်မှာ ဘိုးစံဖျားနှင့် ဘိုးလေးထွန်းတို့ အဖန်ရည် ထိုင်သောက်နေသည့် နေရာရှေ့သို့ ရောက်လာသောအခါမှ ခြေစုံရပ်လိုက်ကြ၏။ ဘိုးစံဖျားတို့နှစ်ယောက်မှာလည်း ထိုရေထမ်းသမား နှစ်ယောက်ကို ဘာစကားမှ ဆက်မပြောမိဘဲ ကြောင်စိစိနှင့် မော့ကြည့် လိုက်ကြသည်။

ထိုအချိန်မှာပဲ . . . ရေထမ်းသမားလူရွယ်တစ်ယောက်က ဘိုးစံဖျား ၏မျက်နှာကို ငုံ့ကြည့်ပြီး . . .

"ဘကြီးကလည်း သူကျတော့ ထမင်းကျွေးပြီး ကျုပ်ကို ဘာကြောင့် မကျွေးရတာလဲ . . . ဗျ"

"ဟော . . ."

လေယူလေသိမ်း အတက်အကျမရှိ တစ်ဆက်တည်းပြောလိုက်သော ရေထမ်းသမား၏စကားကြောင့် ဘိုးစံဖျားရော၊ ဘိုးလေးထွန်းပါ ပါးစပ်က ဟောခနဲပင် အသံထွက်သွားမိလေသည်။ တစ်ချိန်တည်းမှာပဲ ဘိုးလေးထွန်း ကလည်း ဘိုးစံဖျား၏မျက်နှာကို တစ်လှည့်၊ ထိုလူရွယ် ရေထမ်းသမား နှစ်ယောက်၏ မျက်နှာတွေကို တစ်လှည့်ကြည့်ရင်း ဘယ်လိုမှ နားမလည် နိုင်အောင် ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘိုးစံဖျားက

"ဘဘ၊ ဘယ်လို မောင်ရင် ...။ မောင်ရင်က ဘဘကိုပြောတာလဲ၊ ဘဘထမင်းလဲ"

ဟု ကြောင်အမ်းအမ်း အမူအရာနှင့် ပြန်မေးလိုက်၏။ ထိုအခါမှ ရေထမ်းသမားနှစ်ယောက်မှာ ဘိုးစံဖျားနှင့် ဘိုးလေးထွန်းတို့၏မျက်နှာကို ကြည့်ကာ တဟားဟားနှင့် ကျယ်ကျယ်လောင်လောင်ကြီး ရယ်မောလိုက်ကြလေသည်။

"ဟား ... ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား ... ဟား"

သူတို့၏ရယ်သံတွေက အသက်မဲ့လျက် ခြောက်ကပ်ကပ်ကြီး ဖြစ်နေကာ မျက်နှာတွေကလည်း ရယ်လိုက်ကာမှ ပါးရေညိ၊ နားရေညိတွေ ဖိုပြီးတွန့်လိပ်သွားသည်ဟု ထင်ရလေသည်။

ထိုအခြေအနေကို ဖျတ်ခနဲ ရိပ်စားမိလိုက်သော ဘိုးစံဖျားက ဘိုးလေးထွန်း၏မျက်နှာကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ထမ်းဆင့်သောမောင်ကို

"သောမောင်ရေ ... ဟေ့ ... သောမောင် ဒီမှာ ရေထမ်းသမား နှစ်ယောက်စားဖို့ ထမင်းပြင်ခဲ့စမ်းပါကွာ"

ဟု လှမ်းအော်လိုက်လေရာ သောမောင်က ငှက်ပျောဖက်နှင့် ထည့်ထားသော ထမင်းနှစ်ထုပ်ကို ကပျာကယာနှင့်ယူလာပြီး ရေထမ်း သမားနှစ်ယောက်ရှေ့တွင် ချပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ထိ အားတင်းနေရာမှ ပြေလျော့ [illegible] ဟားဟားနှင့် ရယ်မောနေကြသည့် ရေထမ်းသမားနှစ်ယောက်မှာ ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့၏ မျက်နှာကိုသာ စိုက်ပြီး ကြည့်မြဲကြည့်နေကြ၏။

ထို့နောက် . . . ဘိုးစံဗျားက

"ကိုင်း . . . စားကြလေကွာ"

ဟု ဆိုလိုက်လေရာ ရေထမ်းသမားနှစ်ယောက်မှာ ထိုထမင်းတွေ၊ ဟင်းတွေ ထည့်ထားသည့် ငှက်ပျောဖက်ကို ကောက်ယူလိုက်ကာ နောက်သို့ လှည့်ပြန်သွားကြ၏။

ဘိုးလေးထွန်းက

"မောင်ရင်တို့ . . . ဒီမှာ ထိုင်မစားကြတော့ဘူးလား"

ဟု မေးလိုက်လေရာ ထိုရေထမ်းသမားနှစ်ယောက်တို့မှာ နောက်သို့ပင် ပြန်လှည့်မကြည့်ကြတော့ဘဲ

"ကျုပ်တို့အိမ်က မိသားစုတွေအတွက် ယူသွားမလို့ . . ."

လေသံအနိမ့်အမြင့်မရှိသော ပြန်ဖြေသံနှင့်အတူ အင်္ကျီအဝတ်အစားမပါသော ရေထမ်းသမားနှစ်ယောက်မှာ ဇရပ်အိုကြီးပေါ်မှ ပြန်ဆင်းသွားကြပြီး အမှောင်ထုအတွင်း တဖြည်းဖြည်း တိုးဝင်သွားကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဘိုးလေးထွန်းက တုန်ယင်နေသောလေသံဖြင့်

"ကျုပ် ... ကျုပ်တို့တော့ ... ကောင်းကောင်းကြီးကို လှည့်စားခံနေရပြီ ထင်ပါရဲ့"

ဟု နှုတ်မှ မဝံ့မရဲနှင့် ပြောလိုက်လေရာ ... ဘိုးစံပျားမှာလည်း စောစောက သူ ထမင်းကျန်ဟင်းကျန်တွေကို စွန့်ပစ်လိုက်သည့် အုတ်ဂူဆီသို့ နောက်တစ်ခေါက် ပြန်သွားကြည့်ရန် ထိုင်ရာမှ ထမည်ပြုလိုက်၏။

သို့သော် ...

ဘိုးစံပျား၏စိတ်တွေက ထိုအခါမှ ပိုပြီးလှုပ်လှုပ်ရှားရှားဖြစ်လာကာ နေရာမှာပင် ပြန်ပြီးထိုင်ချလိုက်မိလေ၏။ သူ့အတွေးထဲမှာလည်း ထိုနေရာသို့ ပြန်ပြီး သွားကြည့်ကာမှ မမြင်သင့်၊ မမြင်အပ်သည့် မြင်ကွင်းတွေ တွေ့လိုက်ရမည်ကို စိုးရွံ့ကာ စိတ်က အလိုလိုပင် ကြောက်နေမိတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ရွာသို့လာရာ လမ်းတစ်လျှောက်လုံး လူရိပ်၊ လူခြေတိတ်ဆိတ်နေခဲ့သမျှ အရှေ့ဖီးပင်ကုန်းရွာသို့ စဝင်လိုက်သည်နှင့် အောင်လံတော်မငွေခင်တို့ မင်းသမီးအဖွဲ့တွေကို ခရီးဦးကြိုပြုနေကြသည့် ရွာသူ ရွာသားအချို့ကို တွေ့လိုက်ရ၏။ ထိုသူတွေအားလုံးမှာလည်း လက်ထဲတွင်မီးခွက် မှန်အိမ်တို့ကို ကိုင်ဆောင်ထားကြကာ ထမင်းကျွေးဧည့်ခံကြမည့်အိမ်ရှိရာဆီသို့ ရှေ့မှ ဦးဆောင်ပြီး ခေါ်ဆောင်သွားကြ၏။

ထိုအထဲမှ အောင်လံတော် မငွေခင်နှင့် အခြားယိမ်းသမ လေးငါးခြောက်ယောက်ခန့်မှာ အရှေ့ဖီးပင်ကုန်းရွာသူကြီး ဦးပျော့၏ အိမ်ကြီးဆီသို့ လိုက်ပါသွားပြီး ရှေ့ထွက်မင်းသမီး ဟသ်ာမယ် တင်တင်စိန်၊ ရွှေခြည်သန်းသန်းနှင့် အခြားအမျိုးသမီးအဖွဲ့တွေက ရွာအတွင်းမှ စီးပွားရေးအနည်းငယ် တောင့်တင်းသည့် အိမ်ကြီးရခိုင်များဆီသို့ လိုက်ပါသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com


"ကြွကြွပါ ... ကြွကြွပါ ... ကျုပ်တို့က ခပ်စောစောကတည်းက မျှော်နေကြတာအေရဲ့ ... တကတဲ"

သူကြီးဦးပျော့တို့ ခြံဝိုင်းကျယ်ကြီးအတွင်း ဝင်လိုက်သည်နှင့် သူကြီးကတော် ဒေါ်ရွှေပွဲ၏ ဖက်လဲတကင်း ဧည့်ဝတ်ပြု ဆီးကြိုသံကို ကြား လိုက်ရ၏။

"ဧည့်သည်တွေကို အိမ်ပေါ်ခေါ်ပါဟ ... မိပွဲရဲ့ ...၊ ညည်း တကတဲက နောက်မှ တဲ"

သူကြီးဦးပျော့ကလည်း အခုအချိန်ထိ ဘာကို အလောတကြီး ဖြစ်နေမှန်း မသိသည့်လေသံဖြင့် မင်းသမီး အောင်လံတော်မငွေခင်တို့ တစ်သိုက်ကို အိမ်ကြီး၏ အပေါ်ထပ်ဆီသို့ ဖိတ်ခေါ်ရန် စိတ်မရှည်သည့် လေသံဖြင့် လှမ်းအော်လိုက်၏။

မငွေခင်တို့ အိမ်ကြီးအပေါ်ထပ်သို့ ရောက်သောအခါ ထမင်းဝိုင်း ကြီး သုံးလေးဝိုင်း အဆင်သင့်ပြင်ထားသည်ကို တွေ့လိုက်ရပြီး ထို ထမင်းဝိုင်းတွေကို ယပ်တဖျပ်ဖျပ်ခတ်လျက် စောင့်နေကြသော ရွာ အတွင်းမှ မိန်းမပျိုတစ်သိုက်ကိုလည်း တွေ့လိုက်ရသည်။

"မင်းသမီးတွေ များလှချက်အေ ... ဖြီးထား၊ လိမ်းထားလိုက် တာ ကလည်း မွှလို့ ...၊ ဘယ်ဘဝက ဆုတောင်းတွေကြောင့် မှန်း မသိပေါင်"

"ဟုတ်ပါ့တော် ... ကျုပ်တို့ကလည်း ဒီဘဝမဖြစ်ရင်တောင် နောက်ဘဝတော့ အဲဒီလိုလေးများ လှချင်ပချင်စမ်းပါရဲ့"

အရှေ့ဖီးပင်ကုန်းရွာမှ မိန်းမပျိုတွေက မငွေခင်တို့ မင်းသမီးအဖွဲ့ကို တွေ့မြင်လိုက်သည်နှင့် သူတို့အချင်းချင်း တီးတိုးပြောဆိုလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဖီးပင်ကုန်းရွာသူကြီးကတော့ မငွေခင်တို့ထမင်းဝိုင်း၏ ခပ်လှမ်းလှမ်းမှ ထိုင်ကာ ကွမ်းတမြုံ့မြုံ့နှင့်။

"ကိုင်း … စားကြဗျာ … လိုတာရှိလည်း ပြော၊ ကျုပ်တို့ရွာက တော့ မင်းသမီးတွေကို အခုလို ဧည့်ဝတ်ပြုရတာကိုပဲ တစ်ရွာလုံး ကျေနပ်နေကြတာဗျ"

ဟု ဆိုလိုက်လေရာ မင်းသမီးအောင်လံတော် မငွေခင်ကလည်း …

"ဟုတ်ကဲ့ပါ သူကြီးရယ် … ကျွန်မတို့ကလည်း သူကြီးမင်းတို့ ရွာကလူတွေ အခုလိုတကူးတက ထမင်းဖိတ်ကျွေးတာကိုပဲ ကျေးဇူးတင်လို့ မဆုံးပါဘူး။ အဲဒါနဲ့ သူကြီးနဲ့ သူကြီးကတော်ပါ မကျန် တစ်ရွာလုံးလည်း ဒီည ပွဲကြည့်ဖို့ လျှောက်လာခဲ့ကြပါဦး။ ကျွန်မတို့က တစ်လှည့်ပြန်ပြီး ဧည့်ဝတ်ပြုချင်လို့"

မငွေခင်၏စကားအဆုံးတွင်တော့ ရွာသူကြီးဦးပျော့တို့ ဖနီးမောင်နှံနှင့်အတူ ထမင်းဝိုင်းဘေးမှာ ဧည့်ခံနေသည့် ရွာခံအမျိုးသမီးတစ်သိုက်မှာ အင်းမလုပ်၊ အဲမလုပ်နှင့် ဆိတ်ဆိတ်ပင်ရှိနေကြလေသည်။

ထို့နောက် မငွေခင်က သူတို့ထမင်းဝိုင်းဘေးမှ တဖျပ်ဖျပ်နှင့် ယပ်ခပ်ပေးနေကြသည့် မိန်းမပျိုတစ်သိုက်ဘက်သို့ လှည့်ကာ …

"ဒီက နှမတွေရော … ပွဲကြည့်လာကြမယ် မဟုတ်လား … ဟင်"

ဟု ထပ်ပြီး ဆိုလိုက်လေရာ …

မငွေခင်နှင့် မျက်လုံးချင်းဆုံမိသွားသည့် ရွာခံအမျိုးသမီးများ၏ မျက်နှာမှာ ကွက်ခနဲပင် ပျက်သွားပြီး အဖြေရခက်သည့်လေသံဖြင့် အထစ်ထစ် အငေါ့ငေါ့ လိုးလွဲပြီး ပြောလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဟို ... ဟို ... ကျုပ်တို့ မ ... မလာနိုင်ဘူးထင်တယ် ဖိုင်းငင်ရှဦးမှာတော့"

"ကျုပ် ... ကျုပ်တို့လည်း ... ဒီည မြေပဲဆွတ်ရဦးမှာတော့"

ထိုအချိန်မှာပဲ မငွေခင်က အခြားလုံမပျိုတွေဘက်ကိုလှည့်၍ မေးဟန်ပြုမည်အလုပ်တွင် ထိုလုံမပျိုတွေမှာ အသီးသီးခေါင်းကို ငုံ့ထားလျက် အခြားဘက်သို့ မျက်နှာလွှဲထားကြလေသည်။ ရွာသူကြီးဦးပျော့မှာလည်း ကွမ်းတစ်ယာပြီး တစ်ယာ ပါးစပ်ထဲသို့ ထိုးကြိတ်ထည့်ရင်း တစ်စုံတစ်ခုကို ဆက်ပြီး ဖုံးဖိထားကြဖို့ သူ့ရွာသားတွေကို မျက်ရိပ်မျက်ခြည် လှမ်းလှမ်းပြနေ၏။

ဒါကို အနည်းငယ်ရိပ်မိသွားသော မငွေခင်တို့ မင်းသမီးတစ်စုမှာ စားလက်စ ထမင်းကိုပင် ဖြောင့်အောင်ဆက်ပြီး မစားနိုင်ကြတော့ဘဲ သံသယကိုယ်စီနှင့် ဖြစ်ကုန်ကြသည်။

တကယ်တော့ မင်းသမီး မငွေခင်ကိုယ်တိုင် ဟောဒီ ဇီးတောကွင်းကြီးဆီကို လာခဲ့စဉ်ကတည်းက အနီးပတ်ဝန်းကျင်မှရွာများ ဇာတ်ပွဲမကြိုက်ကြခြင်းကို အထူးစိတ်ဝင်တစားနှင့် ဖြစ်နေခဲ့ရသည်။ သို့သော် ယခုကဲ့သို့ တစ်ရွာလုံး တညီတညွတ်တည်း မျက်စိပျက်၊ မျက်နှာပျက်တွေနှင့် ဇာတ်ပွဲကြည့်ရန် အကြောင်းပြငြင်းဆန်နေသည်ကိုတော့ ပိုလို့ပင် အံ့သြတကြီးနှင့် ဖြစ်နေရလေသည်။

၀



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးမငွေခင်တို့အဖွဲ့ သူကြီးဦးပျော့တို့အိမ်ကြီးမှာ ထမင်းစားနေချိန်တွင်တော့ ရွာအလယ်ပိုင်းဆီမှ ငွေ၊ ကြေးတတ်နိုင်သူ တစ်ဦး၏ အိမ်မှာလည်း ဟသ်ာမယ်တင်တင်စိန်နှင့် ရွှေခြိသန်းသန်းတို့ပါသည့် မိန်းကလေးအဖွဲ့တစ်ဖွဲ့ကို ညှော်ခံကျွေးမွေးနေလေသည်။

ရွာသူရွာသားများ၏ စေတနာသဒ္ဓါကောင်းပုံကလည်း ထမင်းစားစားပွဲဝိုင်းကြီးအပြည့် ကျပ်ညပ်နေအောင် တည်ခင်းပေးထားသော ဟင်းခွက်တွေအပြင် ဟိုအိမ် ဒီအိမ်မှ တဖွဲဖွဲလာပို့သည့် ဟင်းခွက်တွေက စားပွဲဘေးမှ လင်ဗန်းကြီးထဲတွင် အပြည့်ဖြစ်နေ၏။

"စားကြနော် ... ကလေးမတို့ ...၊ ဘာမှ အားမနာကြနဲ့၊ ဟဲ့ မိဆွဲမ ညည်း တောင်ဘက်နားက ဟောဟို ... မင်းသမီးကို ထမင်းလေးများ ထပ်ထည့်ပေးပါဦးတော့လား ... အေ့"

အိမ်ကြီး၏ ထောင့်တစ်နေရာတွင် ပြောင်းဖူးဖက်လိပ်ကြီးကို ဖွာရင်း ထိုင်နေသည့် မိန်းမကြီးတစ်ဦးက တစ်ချက်တစ်ချက် သူ့လည်ပင်းကို ဆန့်ကာ ထမင်းဝိုင်းဆီသို့ လှမ်းလှမ်းကြည့်ပြီး လိုလေသေးမရှိ ညှော်ခံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာမယ်တင်တင်စိန်တို့ မင်းသမီးတစ်သိုက်မှာလည်း တစ်လမ်းလုံး လှည်းဆောင့်သည့်အရှိန်နှင့် အူတွေက ဟောင်းလောင်းဖြစ်ကာ ဆာလောင်မွတ်သိပ်နေကြသောကြောင့် ခေါင်းမဖော်နိုင်အောင်ပင် စားကြတော့သည်။ သူတို့စားနေသည့် ထမင်းဝိုင်းကြီးဘေးမှာလည်း ရွာခံအမျိုးသမီးတွေက ထန်းရွက်ယပ်တောင်ကြီးတွေနှင့် တဖျတ်ဖျတ် ခတ်ပေးနေကြကာ ရွာထဲမှ အချို့ယောက်ျား ခပ်ရွယ်ရွယ်တွေက လိုအပ်သည့် လက်ဆေးရေခွက်နှင့် လက်သုတ်ဝတ်တို့ကို အလျှဉ်းသင့်သလို ထပြီး ယူငင်ပေးကြ၏။

ထိုသို့ဘေးမှ လိုအပ်သည်တို့ကို လစ်ဟာမသွားအောင် လုပ်ကိုင်ပေးနေကြသော ယောက်ျားများမှာ လုစ်ခနဲ အချိန်ရသည်နှင့် အိမ်၏ တိုင်ဖုံးနောက်ကွယ်မှ အမှောင်ထဲသို့သွားကာ လှပေ့ချောပေ့ဆိုသည့် မင်းသမီးတွေကို ချောင်းမြောင်းပြီး ကြည့်ရှုနေကြလေသည်။

ထိုအထဲမှ အချို့ သားသည်အမေများမှာလည်း ကလေးများကို ခါးထစ်ခွင်ချီပိုးလျက် အိမ်ကြီး၏ လှေကားထိပ်မှောင်ရိပ်ထဲမှနေ၍ မင်းသမီးများကို မျက်တောင်ပင် မခတ်ကြဘဲ ငေးစိုက်ကြည့်နေကြ၏။

သို့သော် . . .

ထိုရွာခံအိမ်ရှင်တွေနှင့်အတူ မင်းသမီးများကို လာပြီးကြည့်ရှုရင်း ငြိမ်ခံနေကြသည့် ရွာသားများမှာ အခုအချိန်အထိ ဇာတ်ပွဲ ဘယ်နှုညကမည်လဲဆိုသည်ကိုလည်း မမေး။ ဘယ်ဇာတ်ထုပ်ကို ခင်းကြမှာလဲ ဆိုတာကိုလည်း မမေးဘဲ အားလုံးက သာမန်မြို့ပေါ်မှ ညြိမ်သည်တွေကို ထမင်းဖိတ်ကျွေးကြသလိုသာ သဘောထားပြီး ငြိမ်ခံနေကြသည်နှင့် တူနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ဟင်္သာမယ်တင်တင်စိန်က ဝိုင်းအလယ်မှ မန်ကျည်း ရွက်နုသုပ်တွေကို သူ့ထမင်းပန်းကန်ထဲသို့ ခပ်ထည့်လိုက်ရင်း

"ဒီက ကြီးတော်တို့ ... ငါ့နှမတို့၊ ညကျရင် ပွဲကိုလည်း လာခဲ့ ကြဦးနော့၊ ကျုပ်က ဟိုအရင် ကြီးတော်တို့ခေတ်လောက်က နာမည် ကြီးခဲ့တဲ့ မင်းသမီး မထွေးလေးရဲ့ ဆိုဟန်ဆိုပေါက်အတိုင်း ဆိုမှာ တော့"

စောစောက အာပေါင်အာရင်းသန်သန်နှင့် အော်ဟစ်ပြီးညှော်ခံနေ သည့် မိန်းမကြီးမှာ ဟင်္သာမယ်တင်တင်စိန်၏ စကားကြောင့် ချက်ချင်း ဆိုသလို မျက်စိမျက်နှာပျက်သွားပြီး သူ၏ ပြောင်းဖူးဖက်လိပ်ကြီးမှ မီးစကို တံတွေးဆွတ်ထားသော လက်ဖြင့် တို့ကာသပ်ကာ လုပ်နေ၏။

ထမင်းဝိုင်းဘေးမှာ ညှော်ခံနေကြသည့် ရွာခံမိန်းကလေးများမှာ လည်း ရုတ်တရက် မီးကိုရေနှင့် ငြိမ်းသတ်လိုက်သလို ချက်ချင်းပင် အသံတိတ်ကုန်ကြ၏။

ထိုအခြေအနေတွေအားလုံးကိုတော့ ထမင်းငုံ့စားနေကြသည့် ဟင်္သာမယ်တင်တင်စိန်တို့က အမှုမဲ့အမှတ်မဲ့နှင့် ဘယ်လိုမှ သတိမထား မိလိုက်ကြ။

ဒီကြားထဲ ဖြစ်ချင်တော့ ရွှေခြံသန်းသန်းက သူနှင့် ဘေးချင်းကပ်ပြီး ထမင်းစားနေသည့် ဟင်္သာမယ်တင်တင်စိန်ကို တံတောင်ဖြင့် အသာ တွန်းထိုးလိုက်ရင်း ညနေက တို့ဖတ်ပဝါကိစ္စကို ပြန်နိုးပြီး စကားဆက်လိုက် လေသည်။

"ဒါနဲ့မမတင် မင်းသမီးမထွေးလေးရဲ့ သီချင်းဆိုလို့ပြောဦးမယ်၊ မမတင်တော့ ဘယ်လိုနေမယ် မသိဘူး ... ကျွန်မဖြင့်တော့ ညနေက



www.burmeseclassic.com

www.burmeseclassic.com



ဟို တို့ဖတ်ပဝါပေးတဲ့ လက်တစ်ဖက်ဟာ မမတင်လှမ်းပေးတဲ့ လက် မဟုတ်ဘူးလည်းဆိုရော ကျောထဲကို စိမ့်ပြီး ကြောက်လိုက်တာရှင် ... မပြောပါနဲ့တော့"

ထိုအချိန်မှာပင် မိဆွဲမက ထမင်းအုပ်ကို ကိုင်ရင်း ဟင်္သာမယ်တင်တင်စိန်နှင့် ရွှေခြိသန်းသန်းတို့အနီးသို့ ရောက်လာကာ ထမင်းလိုက်မည်အပြု တစ်စုံတစ်ရာကို ကြားမိသွားဟန်ဖြင့် ဖွန်းခွက်ကြီးကိုင်ကာ မယောင်မလည် နားစိုက်ထောင်နေ၏။

ဟင်္သာမယ်တင်တင်စိန်က ထမင်းထည့်မည်ပြုနေသည့် မိဆွဲမကို လက်ကာပြလိုက်ရင်း ရွှေခြိသန်းသန်းကို ဆက်ပြောလိုက်၏။

"ဟုတ်ပ့ါ ... သန်းသန်းရယ် ...၊ မမတင်လည်း အဲဒီအကြောင်းကို အခုပြန်တွေး ... အခု ကြက်သီးထမိတယ်၊ တကယ်ဆို ... အဲဒီအချိန်မှာ မမတင် သီချင်းကျက်နေလို့သာပေ့ါ။ နို့မို့ဆို မမတင်ရဲ့ ထန်းခေါက်ဖာထဲက တို့ဖတ်ကို လာနှိုက်တဲ့ လက်ကြီးနဲ့သာ ပက်ပင်းတိုးရရင် ..."

ဟင်္သာမယ်တင်တင်စိန်၏စကားမဆုံးမီမှာပင် ဘေးမှာ ရပ်ပြီး နားထောင်နေသည့် မိဆွဲမ၏ အမလေး တပြီး ယောင်ယမ်းအော်လိုက်သံနှင့်အတူ သူ့လက်ထဲမှ ထမင်းအုပ်ကလည်း အောက်သို့ လွတ်ကျသွားလေသည်။

"အောင်မလေး ..."

"ဂွမ်း ... ဂလွမ်း"

ရုတ်တရက် ထမင်းအုပ် လွတ်ကျသည့် အသံနှင့်အတူ ယောင်ယမ်းပြီး အော်လိုက်သံကြောင့် ဟင်္သာမယ်နှင့် ရွှေခြိသန်းသန်း အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com


ဖာတ်အဖွဲ့မှ ယိမ်းသမများက မိဆွဲမ၏ မျက်နှာကို လှမ်းကြည့်လိုက်မိလေရာ သူ့အမူအရာက တစ်ခုခုကို ရိပ်မိသွားပြီး အံ့ဩစရာကောင်းလောက်အောင် ချောက်ချားတုန်လှုပ်နေသည်ကို တွေ့လိုက်ရလေသည်။

တစ်ချိန်တည်းမှာပဲ ဟာသမယ်တင်တင်စိန်၏ အတွေးက

"ဟင် ... ငါတို့နှစ်ယောက်ပြောနေတဲ့စကားကို ကြားလိုက်တာနဲ့ ဒီမိန်းကလေးက ဘာကြောင့် ဒီလောက်တောင် အမူအရာ ပျက်သွားရတာလဲ"

ထိုအတွေးကို ဟာသမယ်တင်တင်စိန် တစ်ဦးတည်းသာ တွေးမိသည်မဟုတ်ချေ။ ရွှေခြီသန်းသန်းနှင့်အတူ သူတို့အဖွဲ့မှ အချို့ယိမ်းသမတွေ၏ မျက်ဝန်းထဲတွင်လည်း နားလည်ရခက်သည့် အတွေးအပြည့်နှင့် ဖြစ်ကုန်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . လှည်းဆရာရေ ကျုပ်တို့ကို ဇရပ်အထိ ပြန်လိုက်ပို့မနေပါနဲ့တော့ဗျာ။ ကျုပ်တို့လည်း ထမင်းစားပြီးခါစဆိုတော့ ဗိုက်ကလေး ဘာလေး ချောင်အောင် ဒီကွင်းစပ်ကနေပဲ လမ်းဆင်းလျှောက်သွား ပါတော့မယ်"

ဇာတ်ဆရာက ထမင်းစားပြီးအပြန် လိုက်ပို့ပေးသော လှည်းဆရာကို ဗီဇတောကွင်း၏ အစပ်နားသို့ရောက်ခါမှ ရပ်ခိုင်းလိုက်၏။

ထိုအခါမှ လှည်းမောင်းသူမှာ နောက်တွင် ကပ်လျက်လိုက်ပါလာသည့် အခြားလှည်းမှ လှည်းမောင်းသူကို တစ်ချက်လှည့်ကြည့်လိုက်ရင်း ဦးခွေးမြွှားတို့ကို

"ဖြစ်ပါ့မလား ဆရာတို့ရယ်။ ကျုပ်ကို သူကြီးက ဇရပ်အထိ ပို့ခဲ့ပါလို့ အတန်တန်မှာလိုက်တာဗျ . . . တော်ကြာ"

"ကိစ္စမရှိပါဘူးဗျာ . . . ကျုပ်တို့လည်း ပွဲမစခင် ပွဲခင်းလေး ဘာလေး လျှောက်ကြည့်ပြီး ကစားဝိုင်းတွေမှာ တစ်လှည့်၊ နှစ်လှည့် ဝင်ကဲ့စမ်းကြမလားလို့ပါ"

လှည်းသမား၏ စကားမဆုံးခင် ရှေ့ထွက်မင်းသား ပသီစိန်က သူ၏ ပါသနာအတိုင်း လောင်းကစားဝိုင်းတွေကို လျှောက်ပြီး ကြည့်ချင်သေးကြောင်း ပြောလိုက်ပြန်၏။

လှည်းမောင်းသမားကလည်း ဘာတစ်ခွန်းမှ ဆက်ပြီး မပြောတော့ဘဲ ဗီဇတောကွင်းကြီးကို ပတ်ပြီး မောင်းနေသည့် လှည်းလမ်း တစ်နေရာတွင် လှည်းကို ရပ်ပေးလိုက်လေသည်။

ဇာတ်ဆရာ တိုင်းချစ်ခွေးမြွှားအပါအဝင် မင်းသားရွှေဒေါင်းယဉ်နှင့် ရှေ့ထွက်မင်းသားတို့မှာ လှည်းပေါ်မှ အသီးသီးဆင်းလိုက်ကြပြီး ...



www.burmeseclassic.com

www.burmeseclassic.com


နောက်မှ လိုက်ပါလာသော လှည်းပေါ်မှအခြားအဖွဲ့သားတွေကို ဒီနေရာမှ လမ်းဆင်းလျှောက်ကြဖို့ လှမ်းအော်လိုက်ကြသည်။

ထို့နောက် ဓာတ်ဆရာတိုင်းချစ်ရွှေမြွားတို့အဖွဲ့က အနောက်ဖီးပင်ကုန်းရွာမှ လှည်းသမားနှစ်ယောက်ကို နှုတ်ဆက်လိုက်ကြပြီး ဖီးတောကွင်းပြင်ကြီးကို ကန့်လန့်ဖြတ်ပြီး လျှောက်လာခဲ့ကြသည်။

အနောက်ဖီးပင်ကုန်းရွာမှ လိုက်ပို့ကြသည့် လှည်းနှစ်စီးမှာလည်း ဓာတ်ဆရာဦးရွှေမြွားတို့ကို နှုတ်ဆက်လိုက်ကြပြီးသည်နှင့် ကသုတ်ကရက်နှင့် နောက်သို့လှည့်ကာ လှည်းကို ဒုန်းစိုင်းပြီး မောင်းသွားကြတော့၏။

တိုင်းချစ်ရွှေမြွားတို့ ဖြတ်ကျော်လာရာ ကွင်းပြင်ကြီးမှာ ဆန်းခါစလရောင်ကြောင့် တစ်ယောက်နှင့်တစ်ယောက် လူလုံးကွဲရုံလောက်သာ မြင်နေ၏။ ကွင်းပြင်ကြီးကို ဖြတ်တိုက်လာသည့် လေပူတွေထဲမှာတော့ သူတို့ဓာတ်အဖွဲ့ကြီးဆီမှ ညှော်ခံဆိုင်းတီးနေသည့် အသံကို အတိုင်းသားကြားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထူးဆန်းသည်က မျက်စိတစ်ဆုံးလှမ်းမြင်နေရသည့် ကွင်းပြင်ကြီးအတွင်း ဆိုင်းသံကြားရာနေရာဆီသို့ မျှော်ကြည့်လိုက်လေရာ ဇာတ်အဖွဲ့၏ မီးရောင်အစအနမတွေ့ရဘဲ မည်းမည်းမှောင်လျက် ရှိနေခြင်းပင်။

ထိုအချိန်မှာပင် ရှေ့ကသွားနေသည့် တိုင်းချစ်ရွှေမြားက . . .

"ဟော . . . တို့ဇာတ်က ညည့်ခံဆိုင်းတောင် တီးနေကြပါရောလား"

ဟု ဆိုလိုက်လေရာ မင်းသားရွှေဒေါင်းယဉ်တို့က မျက်နှာချင်းဆိုင် ဦးတည်ပြီး လျှောက်နေသည့် ဓနိတောကွင်းအစပ်မှ ဇာတ်စင်ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်ပြီး . . .

"ဆိုင်းသံတော့ ကြားနေပါရဲ့ အုပ်ကြီးရယ်၊ ကျုပ်တို့ဇာတ်အဖွဲ့ကြီးမှာ ထွန်းထားတဲ့ မီးရောင်ကလေး၊ ဘာလေးတောင် လှမ်းမမြင်ရပါလား"

ထိုအခါမှ ဇာတ်ဆရာ ဦးရွှေမြားမှာလည်း

"ဟုတ်ပ့ါ မင်းသားရယ် . . . တို့အလာတုန်းက ဒီကွင်းကြီးဘေးက နေ လှည့်ပတ်မောင်းလာကြတာပါ၊ ကွင်းထဲမှာလည်း အပင်ဆိုလို့ ခါးစောင်းလောက်မြင့်တဲ့ အပင်တောင် ရှိတာမှ မဟုတ်ဘဲ၊ ဘာကြောင့်များ ဇာတ်စင်ရှိတဲ့နေရာကို မမြင်ရတာပါလိမ့်"

အမှန်တော့ ဓနိတောကွင်းပြင်ကျယ်ကြီးမှာ အပင်မြင့်မြင့်ဟူ၍ တစ်ပင်တလေမှပင် ပေါက်ရောက်မနေဘဲ မြက်ဖုတ်၊ ချုံပုတ်များသာ ဟိုနေရာစုစု၊ ဒီနေရာစုစု ရှိလေသည်။ ထို့အပြင် ခရီးတစ်တိုင်ခန့် ပတ်ပတ်လည်ကျယ်ဝန်းသော ဓနိတောကွင်းပြင်ကြီး၏ အနားသတ်နေရာများကို နေ့အခါမှာ ပြက်ပြက်ထင်ထင်မြင်ရသော်လည်း ကွင်းအစပ်ကို

www.burmeseclassic.com

www.burmeseclassic.com



မေးတင်ပြီး ဆောက်ထားသည့် ဇာတ်စင်ကိုတော့ မီးရောင်ကလေးမှုပင် လှမ်းမမြင်ရသည်မှာ သူတို့အတွက် အတော့်ကို ထူးထူးဆန်းဆန်း ဖြစ်နေတော့၏။

ထိုအချိန်မှာပင် ရှေ့ထွက်မင်းသား တောကျော်က ခြေစုံရပ်လိုက်ပြီး လရောင်ဖြာကျနေသည့် ဖီးတောကွင်းကြီးပတ်ပတ်လည်ကို လှည့်ပတ်ကြည့်လိုက်ရင်း . . .

"ဗျို့အုပ်ကြီး . . . ကျုပ်တို့ လမ်းတွေ၊ ဘာတွေတော့ မမှားလောက်ပါဘူးနော်"

❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

“ဟ ကောင်ကြီးရ ...၊ ဘယ်ကို ဆွဲနေတာလဲ ... တယ်”

ဘယ်ညာယမ်းခါနေသည့် လှည်းထမ်းပိုးအောက်မှ နွားနှစ်ကောင်က တရှူးရှူး နှာမှုတ်သံတွေနှင့်အတူ တစ်စုံတစ်ရာကိုမြင်ပြီး ကြောက်လန့်ကာ ရှေ့သို့ဆက်မသွားတော့။ ထိုလှည်းပေါ်တွင်ပါလာကြသည့် မင်းသမီး မငွေခင်တို့အဖွဲ့မှာလည်း လှည်းယာဉ်တိုင်တွေကို လက်ဖြင့် တင်းတင်း ကျစ်ကျစ်ဆုပ်ကိုင်ကာ သူတို့ခန္ဓာကိုယ်လေးတွေကို အသာကျုံ့ထား ကြ၏။

ထိုအချိန်မှာပဲ မငွေခင်တို့လှည်းနှင့် ကပ်လျက်က လိုက်ပါလာ သော ဟာသမယ်တင်တင်စိန်နှင့် ရွှေခြိသန်းသန်းတို့ လှည်းမှ လှည်း မောင်းနေသူကလည်း တုန်တုန်ယင်ယင်အသံဖြင့်

“ဗျို့ ... ကို... ကိုကြီးတင်ဖေ ... ကျွဲနွားတွေ ပေကတ်ကတ် လုပ်နေပြီဗျ ...၊ ရှေ့ဆက်မောင်းလို့ မရတော့ဘူး ...”



www.burmeseclassic.com

www.burmeseclassic.com



"ခက်တော့ ခက်နေပြီ ... ဘကျော့ရာ ...၊ ဒီမှာ ငါ့ကောင်တွေ လည်း တောင်ဆွဲ၊ မြောက်ဆွဲတွေ ဖြစ်နေပြီကွ ...၊ ကြာရင် နဖားကြိုးတွေတောင် ပြတ်ကုန်မှာ စိုးရတယ် ... ဟေ့"

ရှေ့ဆုံးလှည်းမှ လှည်းမောင်းသူမှာလည်း ယခုကဲ့သို့ ခရီးအတော် ကလေးရောက်မှ နွားတွေက ဘယ်လိုမှရှေ့ဆက်မသွားဘဲ ရုန်းရင်း ဆန်ခတ်တွေ ဖြစ်နေသည်ကို စိတ်ပျက်လက်ပျက်နှင့် လှမ်းအော်လိုက် သည်။ သူတို့၏အမူအရာတွေက အန္တရာယ်တစ်စုံတစ်ရာနှင့် ရင်ဆိုင် တွေ့နေရသလို ပျာယီးပျာယာနိုင်လွန်းနေ၏။

ထိုအချိန်မှာပင် မင်းသမီးကြီး အောင်လံတော် မငွေခင်က ...

"ဒုက္ခပါပဲရှင် ... ကျွန်မတို့တော့ ပွဲထွက်နောက်ကျပြီနဲ့တူပါရဲ့"

ဟု စိတ်ပျက်လက်ပျက်လေသံဖြင့် ညည်းညူလိုက်လေရာ လှည်း နှစ်စီးစလုံးပေါ်မှ မင်းသမီးများမှာလည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်ကုန်ကြသည်။

ထို့နောက် လှည်းမောင်းသူ ကိုကြီးတင်ဖေဆိုသူက

"ဒီနေရာနဲ့ ... မင်းသမီးတို့ ဇာတ်အဖွဲ့ရှိတဲ့နေရာက သိပ်မဝေး တော့ပါဘူး။ ဟောဒီလှည်းလမ်းအတိုင်းသာ လျှောက်သွားရင် နောက် တစ်ပြ၊ နှစ်ပြလောက်ဆို ရောက်သွားမှာပါ"

သူတို့မြင်နေရသည့် လှည်းလမ်းက ဖီးတောကွင်းကြီးကို အနား သတ်ပြီး ပေါက်ရောက်နေကြသည့် တမာပင်ကြီးများ၊ ဖီးပင်ကြီးများ၊ လက်ပံပင်ကြီးများကြားတွင် ကွေ့ကွေ့ကောက်ကောက်နှင့် ဝေ့ဝိုက် တိုးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တစ်ပင်နှင့်တစ်ပင် ခပ်ကျဲကျဲပေါက်နေသော မြေပြင်ပြောင် ပြောင်ပေါ်တွင် ကွေ့ကောက်နေသော လှည်းလမ်းကြောင်းကို လရောင်ကြောင့် အတိုင်းသားမြင်နေရသည်။

ထိုအချိန်မှာပင် ဟသ်ာမယ် တင်တင်စိန်က . . .

"ဒါနဲ့ . . . နေပါဦး လှည်းဆရာရဲ့၊ ကျွန်မတို့က ဒီလှည်းလမ်း အတိုင်းသွားမှ ကျွန်မတို့တည်းတဲ့ ဇရပ်ကို ရောက်မှာလား။ ဟောဟိုကွင်းကြီးထဲက ဖြတ်လျှောက်သွားရင်လည်း ရတာယ်မဟုတ်လားတော့ . . . "

ဟုဆိုကာ လှမ်းမြင်နေရသော ဇီးတောကွင်းကို လက်ညှိုးထိုးပြနေ၏။ ထိုအခါမှ အခြားယိမ်းသမတစ်ဦးကလည်း

"အင်းလေ . . . ဟုတ်ပါရဲ့၊ ဟောဒီကွင်းကြီးထဲက ဖြတ်လျှောက် သွားရင် ပိုတောင်နီးဦးမှာ . . .၊ ကျုပ်တို့ဇာတ်စင်က ဒီကွင်းကြီးရဲ့ အစပ်မှာ ရှိတာပဲ"

ဟသ်ာမယ်နှင့် အခြားယိမ်းသမတစ်ဦးတို့ ပြောဆိုလိုက်ကြသော စကားကြောင့် လှည်းသမား ကိုကြီးတင်ဖေဆိုသူမှာ နှုတ်က အလိုလို ဆွံ့အသွားသူလို ဘာစကားမှ ပြန်မပြောဘဲ မှင်တက်ပြီး ပြန်စိုက်ကြည့်နေ၏။ ဒါ့အပြင် မငွေခင်တို့၏ လှည်းမောင်းသူဘကျော်ဆိုသူမှာလည်း ခေါင်းကို ငိုက်စိုက်ချကာ တစ်ခွန်းတလေမှပင် ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ နှုတ်ဆိတ်၍နေသည်။

ထိုအချိန်မှာပဲ သူတို့လှည်းတွေမှာ တပ်ထားသည့်နွားတွေက လှည်းထမ်းပိုးအောက်မှ အတင်းရုန်းကန်တွန်းထိုးနေကြသည်။

ထို့နောက် အောင်လံတော်မငွေခင်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းဟေ့ ... ဒီလိုဆိုလည်း တို့အဖွဲ့တွေ ခြေလျင်ဆင်းပြီး လျှောက်ကြဖို့ပဲ ရှိတော့တာပေါ့"

ဟု ဆိုကာ လှည်းပေါ်မှ ဆင်းလိုက်လေသည်။

အချို့ ခပ်စွာစွာယိမ်းသမတွေကလည်း တုံဏှိဘာဝေနိုင်လှသော လှည်းသမားနှစ်ယောက်ကို မကြားတကြားနှင့်

"ဟင်း ... လူပုံတွေကိုက မြို့စိစိနဲ့ ပြောလိုက်ရင်လည်း မကြား သလိုလို ဘာလိုလိုနဲ့ သူတို့ကပဲ ရှက်နေသလားတောင် အောက်မေ့ တယ် ... တကတဲ"

"ဟဲ့ ... အဲဒါ ရှက်နေတာ မဟုတ်ဘူးတော်ရေ ... တို့မမ တင်စိန်ကြီးကို ပိုးမလို့ ပန်းမလို့ အရှိန်ယူနေတာတော့ .. ဟား ... ဟား ... ဟား"

ပြောပြောဆိုဆိုနှင့် သူတို့မင်းသမီးတစ်သိုက်မှာ လှည်းပေါ်မှ ဝရုန်းသုန်းကားတွေ ခုန်ဆင်းလိုက်ကြသည်။ တကယ်တော့ သူတို့အဖွဲ့ ကြီးမှာ ရယ်ကာမောကာ ပြောဆိုနေကြသော်လည်း ယောကျ်ားသား တစ်ယောက်တလေမှ အဖော်မပါဘဲ ကွင်းပြင်ကြီးထဲက ဖြတ်သွားရမည့် အရေးကိုတွေးပြီး စိတ်တွေက လေးလံနေမိကြ၏။

မကြာမီ

လှည်းသမားနှစ်ယောက်မှာ ဘာမပြော ညာမပြောနှင့် လှည်းတွေကို လာရာလမ်းအတိုင်း ဦးလှည့်လိုက်ပြီး ထိုနေရာမှ တရကြမ်းမောင်းထွက် သွားကြတော့၏။ သူတို့လှည်းတွေကို မောင်းသွားပုံမှာလည်း မကောင်း ဆိုးရွားတစ်ကောင်ကောင်က နောက်မှ အတင်းလိုက်လာသလိုမျိုး လှည်းဘီးတွေ ကျွတ်ထွက်မတတ် ဂျောင်းဂျောင်းမြည်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်ခေါင်းဆောင်သော မင်းသမီးအဖွဲ့မှာ လှည်းလမ်းကြောင်းပေါ်မှ ဖဲ့ဆင်းပြီး ဗီးတောကွင်းပြင်ကြီးရှိရာသို့ စကားတပြောပြောနှင့် လျှောက်ကြလေသည်။

သူတို့အဖွဲ့ကြီး ဗီးတောကွင်းသို့ ခြေချမိလိုက်ကြသည်နှင့် ဆိုင်းဆရာ ကိုဆေးရိုး၏ ညည့်ခံဆိုင်းတီးနေသည့်အသံကို ဖြုန်းခနဲ ကြားလိုက်ရတော့၏။

"ဟင် ... ကိုဆေးရိုးကြီးရဲ့ ညည့်ခံဆိုင်းတီးသံပါလားတော့"

ထိုဆိုင်းသံက စောစောက တစ်ချိန်လုံးမကြားခဲ့ရဘဲ လှည်းလမ်းနှင့် ဘေးချင်းကပ်လျက်ရှိသည့် ဗီးတောကွင်းကြီးအတွင်းသို့ ခြေချမိကာမှ ပြက်ပြက်ထင်ထင်ကြီး ကြားလိုက်ရသည်ကို အားလုံးက တအံ့တဩနှင့် ဖြစ်ကုန်ကြ၏။

"ဟယ် ... ဟုတ်ပတော် ... ကျုပ်တို့အဖွဲ့က တီးနေတဲ့ ဆိုင်းသံပဲ နို့ ... နေပါဦးအေ့ရဲ့ ...၊ စောစောက ဟိုဘက် လှည်းလမ်းပေါ်ကတော့ ဒီအသံမကြားရဘဲ ဒီကွင်းကြီးထဲရောက်မှ ကြားရတာ အဆန်းပဲ ... ဟဲ့"

"ဂီး ... ဂစ် ... ဂစ် ... ဂစ်"

လေက ငွေ့ငွေ့လေးတိုက်ခတ်နေရာမှ ရုတ်တရက် ခပ်ကြမ်းကြမ်း တိုက်လိုက်သဖြင့် ဖုန်မှုန့်တွေက အလုံးလိုက်၊ အဆုပ်လိုက် လွင့်စင်ပျံ့နှံ့လာ၏။ တစ်ခါတစ်ခါ ဘယ်က ဘယ်လိုလွင့်ပါလာမှန်းမသိသော ဆူးချုံ၊ ဆူးခက်လေးတွေက လေဝှေ့ရာအတိုင်း ဗီးတောကွင်းပြင်ကြီးထဲတွင် တလိမ့်လိမ့်နှင့် ရှပ်တိုက်လွင့်ပါနေ၏။



www.burmeseclassic.com

www.burmeseclassic.com


လရောင်ရှိနေသေးသောကြောင့်သာ သူတို့အဖွဲ့ တစ်ယောက်နှင့် တစ်ယောက် မြင်နေရသော်လည်း တစ်ခါတစ်ခါ ရှေ့က တက်သုတ်ရိုက်ပြီး လျှောက်သွားသည့် ခပ်ငယ်ငယ် ယိမ်းသမတစ်စုမှာ တစ်ခေါ်စာလောက်အကွာသို့ ရောက်သွားလျှင်တော့ လူလုံး သိပ်မကွဲချင်တော့ . . .။

သည်လိုနှင့် . . .

ဆိုင်းသံ၊ ဗုံသံကြားရာဆီသို့ မျက်နှာမူကာ လျှောက်လာကြသော သူတို့အဖွဲ့မှာ ခရီးအတော်ကလေး ရောက်လာသည်နှင့် အနည်းငယ် ခြေကုန်လက်ပန်း ကျလာကြ၏။

ထိုအချိန်အထိ သူတို့စတည်းချရာ ဖရပ်အိုကြီးနှင့် ဇာတ်စင်ကြီးပေါ်မှ ထွန်းညှိထားသော အောက်လင်းမီးရောင်တို့ကို ခပ်ရေးရေးပင် မမြင်ရသေးချေ။

"ဒီကွင်းပြင်ကြီးထဲက ဖြတ်ပြီး လျှောက်ရတာ နီးမလိုနဲ့ အတော်ကလေးတော့ လျှောက်ရသားနော်"

ရွှေခြံသန်းသန်း၏အသံက အနည်းငယ်ပင် မောဟိုက်နေ၏။ သူ့ခြေလှမ်းတွေက ရှေ့မှသွားနေသည့် လူတွေကိုမီအောင် မနည်းလိုက်လျှောက်နေရသည်။ ဟသ်ာမယ်တင်တင်စိန်နှင့် မငွေခင်တို့မှာလည်း သူတို့နောက် မလှမ်းမကမ်းတွင် ပြတ်ကျန်ခဲ့သည့် ရွှေခြံသန်းသန်း၏ စကားကိုပင် လှည့်ပြီး ပြန်မပြောနိုင်ကြဘဲ ရှေ့မှ ယိမ်းသမတွေအုပ်စုကို မီအောင်လိုက်နေရ၏။

ရွှေခြံသန်းသန်းက ခပ်သုတ်သုတ် လျှောက်နေရာမှ ခဏရပ်လိုက်ပြီး လုံချည်ကို ဒူးအစပ်နားအထိ ခပ်တိုတို ပြင်ဝတ်လိုက်လေသည်။

သို့သော် နောက်ကျောဘက်မှ တဟူးဟူးတိုက်နေသောလေကြောင့်


www.burmeseclassic.com

www.burmeseclassic.com



ရွှေခြံသန်းသန်း၏လုံချည်က သူ့ရှေ့မှာ လူးလူးလွန့်လွန့် ဖြစ်နေလေရာ ခါးမှာ တင်းတင်းရင်းရင်း ပတ်ဝတ်လိုက်ဖို့ အခက်တွေ့နေ၏။

ထို့နောက် ရွှေခြံသန်းသန်းက လေနှင့် မျက်နှာချင်းဆိုင်ရာ သူ့နောက်ကျောဘက်ကို လှည့်ပြီး လုံချည်ကို ပြင်ဝတ်လိုက်လေသည်။

ထိုစဉ်မှာပင် . . .

"ဟင် . . ."

သူနှင့်မျက်နှာချင်းဆိုင်မှ တရွေ့ရွေ့လျှောက်လာနေကြသော ကလေးသုံးယောက်ကို မထင်မှတ်ဘဲ ဘွားခနဲ တွေ့လိုက်ရလေသည်။

ထိုကလေးသုံးယောက်ထဲမှ နှစ်ယောက်မှာ သုံးလေးနှစ်အရွယ် မိန်းကလေးများဖြစ်ပြီး သူတို့လက်ဆွဲပြီး လျှောက်လာနေသည့် ကလေးတစ်ယောက်ကတော့ နှစ်နှစ်အရွယ်ပင် မရှိတတ်သေးသော ယောက်ျားလေး ဖြစ်လေသည်။

"ဟီး . . . ဟီး . . . ဟီး"

မိန်းကလေးနှစ်ယောက်မှာ ရွှေခြံသန်းသန်းကို မြင်လိုက်သည်နှင့် သူတို့၏ပါးစပ်များကို လက်ဝါးနှင့်အုပ်ကာ တဟီးဟီးနှင့် ရယ်မောလိုက်ကြ၏။

"ဒီကလေးတွေကို ကြည့်ရတာ အိမ်ကမသိဘဲ ပွဲကြည့်ဖို့ ခိုးပြီးထွက်လာခဲ့ကြတာနဲ့ တူပါရဲ့"

ရွှေခြံသန်းသန်း၏ အတွေးမဆုံးခင်မှာပင် နှစ်နှစ်အရွယ် ကလေးငယ်မှာ မိန်းကလေးနှစ်ယောက်၏ တွဲထားသည့်လက်ကို ရုတ်တရက် ဖြုတ်ချလိုက်ပြီး ရှေ့သို့ တစ်လှမ်းနှစ်လှမ်း တိုးကပ်လာ၏။ ထို့နောက် သူ့လက်နှစ်ဖက်ကို ဆန့်တန်းလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"မမ … ချီ …၊ မမ … ချီပါ"

ဟု ပါးစပ်က တတွတ်တွတ် ရေရွတ်ကာ ရွှေခြိသန်းသန်းကို ချီပိုး ခိုင်းနေလေတော့သည်။

ရွှေခြိသန်းသန်းကလည်း လူကြီး မပါ၊ ဘာမပါနှင့် ဒီကွင်းပြင် ကျယ်ကြီးကို ဖြတ်လျှောက်ကာ ပွဲကြည့်လာကြသည့် ကလေးများအား ကရုဏာသက်မိသည်နှင့် ထိုကလေးကို ကောက်ယူပွေ့ချီလိုက်လေ သည်။

ခါးထစ်ခွင်ပေါ်သို့ ဖွေ့ခနဲရောက်သွားသော ကလေးမှာ ရွှေခြိ သန်းသန်း၏ လည်ပင်းကို သူ့လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားရင်း ပါးစပ်က ခိုးခိုးခစ်ခစ်ပင် ရယ်နေကာ ခြေထောက်နှစ်ဖက်ကိုလည်း ဝမ်းသာအားရဖြင့် လှုပ်ယမ်း၍ နေလေသည်။

ရွှေခြိသန်းသန်း၏ဘေးတွင် မတ်တတ်ရပ်နေသော မိန်းကလေး နှစ်ဦးကလည်း သူတို့အချင်းချင်းသာ နားလည်ကြသည့် အဓိပ္ပာယ်မျိုး ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဝမ်းသာအားရ ရယ်မော လိုက်ကြသည်။

"ဟီး … ဟီး … ဟီး"

"ခွိ … ခွိ"

ထိုအချိန်မှာပင် ရွှေခြိသန်းသန်း ချီပိုးထားသည့် ကလေး၏ ခန္ဓာ ကိုယ်မှ မီးခိုးနံ့လိုလို၊ ကျပ်ခိုးနံ့လိုလို အနံ့တွေကို စူးစူးရှရှကြီး ရလိုက် မိလေသည်။

ရွှေခြိသန်းသန်းက ကလေးကို ခါးထစ်ခွင်ချီပိုးလျက် သူ့လူတွေ နောက်သို့လိုက်ရန် ခြေလှမ်း လှမ်းလိုက်စဉ်မှာပင် လည်ပင်းကို သိုင်းဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ကလေး၏လက်နှစ်ဖက်က တင်းတင်းကျပ်ကျပ်ကြီး ဖြစ်သွားကာ ခါးစောင်းပေါ် ပွေ့ပိုက်တင်ထားရသည့် ကလေး၏ ခန္ဓာကိုယ်ကလည်း အနည်းငယ်ပင် ပိုပြီးလေးလာသယောင် စိတ်က ထင်လိုက်ရ၏။

ရွှေခြံသန်းသန်းက ချက်ချင်းဆိုသလို လေးလံလာသည့် ကလေး၏ ခန္ဓာကိုယ်ကြောင့် တအံ့တသြဖြစ်သွားကာ အောက်သို့ပြေလျှော့လျှော့ လျှောကျနေသည့် ကလေးကို ခါးပေါ်သို့ လက်နှစ်ဖက်ဖြင့် ထပ်ပြီး ဆွဲတင် ချီမလိုက်ပြန်၏။

ထိုအချိန်မှာပဲ ခါးပေါ်မှကလေးက စောစောကလို ခိုးခိုးခစ်ခစ်နှင့် ရယ်မောမနေတော့ဘဲ ရွှေခြံသန်းသန်း၏မျက်နှာကို အေးစက်စက် မျက်လုံးတွေနှင့် ပြန်ပြီး စိုက်ကြည့်နေလေသည်။

"ဟင် . . . "

တစ်စထက်တစ်စ အရွယ်နှင့်မမျှအောင် ပိုပြီးလေးလံလာသော ခန္ဓာကိုယ်နှင့် သူ့လည်ပင်းကို သိုင်းဖက်ထားသောလက်တွေကလည်း ပိုပြီးတင်းတင်းကျပ်ကျပ် ဖြစ်လာနေ၏။ ထိုသို့ တင်းတင်းကျပ်ကျပ် ဖြစ်လာသည်နှင့် ကလေး၏ ခန္ဓာကိုယ်မှ မီးခိုးနံ့တွေ၊ ကျပ်ခိုးနံ့တွေကလည်း မခံနိုင်လောက်အောင် ထောင်းထောင်းထနေ၏။

"ဘုရား . . . ဘုရား . . . ဒီကလေးရဲ့ကိုယ်က အရွယ်နဲ့မမျှအောင် ဘာကြောင့်များ လေးလေးပင်ပင်ကြီးဖြစ်လာရတာလဲ . . . ပြီးတော့ သူ့ဆီကရနေတဲ့ အနံ့ကြီးကလည်း မီးခိုးမှိုင်းနံ့ကြီးလိုလို နဲ့"

ကလေးကို ချီထားရသည်မှာ တဖြည်းဖြည်းနှင့် မနိုင်မနင်း ဖြစ်လာနေသည်။ ရွှေခြံသန်းသန်းတစ်ယောက် ပါးစပ်က တအင်းအင်း တအဲအဲ



www.burmeseclassic.com

www.burmeseclassic.com



အော်ရင်း ခြေဖျားလက်ဖျားတွေက ထုံကျဉ်ပြီး အေးစက်စက်ဖြစ်လာ၏။

ထိုအချိန်မှာပင် ရွှေခြံသန်းသန်းက သူ့နံဘေးတွင်ရှိနေကြသည့် မိန်းကလေးနှစ်ယောက်ဘက်သို့ လှည့်ကြည့်လိုက်လေရာ . . .

"ဟင် . . . ဟိုကလေးမလေးနှစ်ယောက် ဘယ်ရောက်သွားပါလိမ့်"

ရွှေခြံသန်းသန်း၏ မျက်လုံးတွေက ဘေးဘီတစ်ပိုက်ကို ကျီးကန်းတောင်းမှောက်မျက်လုံးတွေနှင့် ရှာဖွေကြည့်သော်လည်း ထိုမိန်းကလေးနှစ်ယောက်ကို အရိပ်အယောင်ပင် မတွေ့ရတော့။

"ဒီလောက် ကွင်းပြင်ကျယ်ကြီးမှာ ချက်ချင်းကြီးပျောက်သွားရအောင် . . . ဒီကလေးတွေက ဘာတွေလဲ၊ ပြီးတော့ ငါချီထားရတဲ့ ဒီကလေးကရော"

ထိုအတွေးနှင့်အတူ . . .

ရွှေခြံသန်းသန်းက မနိုင်မနင်းဖြင့် ပွေ့ချီထားသော ကလေး၏ လက်နှစ်ဖက်ကို ပြန်ဖြုတ်ချလိုက်ရန် ကြိုးစားသော်လည်း ကလေးက သူ့လည်ပင်းကို တင်းတင်းကျပ်ကျပ်ဖက်တွယ်ထားပြီး ခြေထောက်နှစ်ဖက်ကို ကိုယ်ပေါ်မှာခွပြီး ကုပ်တွယ်ထားလေရာ ရွှေခြံသန်းသန်းအဖို့ ဘယ်လိုမှ မလှုပ်သာ မရုန်းသာဘဲ ဖြစ်နေလေသည်။

"အင်း . . . အင်း"

နွားပေါက်တစ်ကောင်လောက် နီးနီးလေးလုံးလာသော ကလေး၏ ခန္ဓာကိုယ်ကြောင့် ရွှေခြံသန်းသန်းမှာ ချွေးသီးချွေးပေါက်တွေကျလာကာ ခြေထောက်တွေကလည်း ညွတ်ခွေကျလုမတတ် ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပဲ နလုံးခုန်သံတွေက [illegible] ခန္ဓာကိုယ်က ဒယီးဒယိုင်နှင့် ဖြစ်လာ၏။

ထိုစဉ်

သူ့လည်ပင်းကို မလွတ်တမ်း ကုပ်တွယ်ဖက်ထားသည့် ကလေးငယ်၏ မျက်နှာက သူ့မျက်နှာအနီးသို့ တဖြည်းဖြည်း တိုးကပ်၍လာလေသည်။

ထိုမျက်နှာက စောစောကလို ကလေးတစ်ယောက်၏မျက်နှာနှင့် တူမနေတော့ဘဲ ... သေးသေးကျုတ်ကျုတ်ဖြစ်နေသည့် မျက်စိပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်များနှင့် တစ်မျိုးကြီးဖြစ်နေလေသည်။

"အား"

"သွား ... သွား ... ငါ့ပေါ်ကဆင်း၊ ဆင်း"

သွေးရူးသွေးတန်းဖြစ်နေသော ရှေ့ခြီသန်းသန်းမှာ ပါးစပ်ကကယောင်ကတမ်းတွေနှင့် အော်ဟစ်ရင်း သူ့မျက်နှာနား ကပ်လာသည့် မျက်နှာကြီးကို လက်နှစ်ဖက်ဖြင့် တွန်းတိုးဖယ်ရှားပစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အပေါ် ကုပ်တွယ်ထားသည့်ကလေးက အောက်သို့ ပြုတ်ကျမသွားဘဲ ခန္ဓာကိုယ်က တစ်စထက် တစ်စပင် ပို၍ ပို၍ လေးပင်လာနေ၏။

ထိုအချိန်မှာပဲ ရွှေခြံသန်းသန်း၏ မျက်လုံးတွေက မှုန်မိုက်ပြာဝေကာ သွေးပျက်မတတ်အသံကြီးဖြင့် ကုန်းအော်လိုက်လေသည်။

"အောင် . . . မလေး"

ငယ်သံပါအောင် အော်လိုက်သံနှင့်အတူ ရွှေခြံသန်းသန်းမှာ မြေကြီးပေါ်သို့ နောက်ပြန်လန်ပြီး အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

ရုတ်တရက် ကြားလိုက်ရသော အော်သံကြီးကြောင့် ရှေ့မှ သွားနေသည့် ဟသ်ာမယ်တင်တင်စိန်တို့အဖွဲ့မှာ ရွှေခြံသန်းသန်း လဲကျရာ နေရာဆီသို့ အပြေးအလွှားတွေနှင့် ရောက်လာကြ၏။

လရောင်မှုန်မွှားမွှားဖြာကျနေရာ ဗီးတောကွင်းပြောင်ပြောင်ကြီး အတွင်း သူတို့မင်းသမီးအဖွဲ့တွေ၏ စိုးရိမ်တကြီး အော်ဟစ်လိုက်သံက တစ်ခဏအတွင်းမှာ ဆူဆူညံညံတွေ ဖြစ်ကုန်ကြသည်။

"ဟဲ့ သန်းသန်း . . .၊ သန်းသန်း"

"ဘာ . . . ဘာဖြစ်တာလဲ"

"အို . . . လုပ်ပါဦး၊ သန်းသန်း ဘာဖြစ်သွားတာလဲမသိဘူး . . . ခေါ်လို့တောင် မရတော့ဘူး"

ရွှေခြံသန်းသန်းကတော့ ပွေ့ချီထားသော ယိမ်းသမတစ်ယောက်၏ လက်ထဲတွင် ပျော့ခွေညွတ်ကျကာ သတိလစ်မေ့မြောနေ၏။

"ပိုးတွေ ဘာတွေများ ထိတာလား ကြည့်ကြပါအုံး တင်လေးတို့ရေ . . ."



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးကြီး မငွေခင်က ဘယ်လိုမှ စဉ်းစားမရသည့်အဆုံး ရွှေခြံ သန်းသန်း၏ ပေါင်တွင်းကြောထိပ်ကို လက်မဖြင့် နာနာဖိကုတ်လိုက် တော့မှ

ရွှေခြံသန်းသန်း၏မျက်လုံးတွေက ဖွင့်ဟလာပြီး ချောက်ချားဖွယ်ရာ အသံနက်ကြီးနှင့် . . .

"သွား . . . သွား . . . ငါ့ကိုလွှတ် . . . လွှတ်"

ထိတ်လန့်ကြောက်ရွံ့နေသည့် မျက်လုံးအစုံတို့က ပြူးကျယ် ဝိုင်းစက်နေကာ သူ့ကို ပွေ့ပိုက်ထားသည့် ယိမ်းသမများ၏လက်တွေ ကိုလည်း ကယောင်ကတမ်းနှင့် တွန်းတိုးဖယ်ရှားလိုက်လေသည်။

"သန်းသန်း . . .၊ ဟဲ့ သန်းသန်း . . . သတိရပြီလား . . ."

"ဟဲ့ . . . ငါတို့ပါ . . . နင် . . . နင် ဘယ်လိုဖြစ်သွားတာလဲ"

ထိုအခါမှ ရွှေခြံသန်းသန်းက အနားတွင် ဝိုင်းအုံနေသည့် သူ့ အဖော်များ၏ မျက်နှာတွေကို တစ်ယောက်ချင်းစီ လိုက်ကြည့်ပြီး တုန်တုန် ယင်ယင်အသံတွေဖြင့်

"ဟို . . . ဟို . . . ကလေး၊ ကလေး"

"ဘာ . . . ဘယ်က ကလေးလဲ"

ဟာသ်ာမယ် တင်တင်စိန်တို့အဖွဲ့မှာလည်း ရွှေခြံသန်းသန်း၏ အဆက်အစပ်မရှိဘဲ ပြောလိုက်သည့်စကားကြောင့် ဘယ်လိုမှ နား မလည်နိုင်အောင် ဖြစ်ကုန်ကြသည်။

ရွှေခြံသန်းသန်း၏ ပြူးကျယ်ဝိုင်းစက်နေသော မျက်လုံးအစုံတို့ ကတော့ ကွင်းပြင်ကျယ်ကြီးအတွင်း တစ်စုံတစ်ယောက်ကို ထိတ်ထိတ် ပျာပျာနှင့် ရှာဖွေကြည့်နေသလို သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေက



www.burmeseclassic.com

www.burmeseclassic.com



ရွှဲနစ်နေပြီး ရင်ဘတ်အစုံတို့က ဖားဖိုတစ်ခုလို နိမ့်ချည်၊ မြင့်ချည်နှင့် ဖြစ်နေ၏။

"ဟဲ့ . . . ပြောလေ . . .၊ ဘယ်က ကလေးလဲ . . . လို့"

ရုတ်တရက် ပခုံးနှစ်ဖက်ကို ဆွဲခါရင်း မေးလိုက်သည့် ဟသ်ာမယ်၏ အမေးကြောင့် ရွှေခြိသန်းသန်းမှာ သူနှင့်ပက်ပင်း ရင်ဆိုင်တွေ့လိုက်ရသည့် အဖြစ်အပျက်ကို အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြန်ပြောပြလိုက်၏။

ထိုအခါမှ . . .

ဟသ်ာမယ်တင်တင်စိန်တို့ လူသိုက်လည်း လရောင်ဖြာကျနေသည့် ဖီးတောကွင်းကြီးပတ်ပတ်လည်ကို သွေးပျက်ချောက်ချားနေကြသည့် မျက်လုံးတွေနှင့် ကြည့်လိုက်မိကြသည်။

ထိုကွင်းပြင်ကြီးအတွင်းမှာတော့ . . .

ဆူးချုံ၊ ဆူးခက်လုံးကြီးတွေက လေတိုက်ရာအတိုင်း မြေပြင်တွင် မည်းမည်း၊ မည်းမည်းနှင့် တလိမ့်လိမ့် ရုပ်တိုက်လွင့်ပါ၍ နေလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ရွဲနစ်နေပြီး ရင်ဘတ်အစုံတို့က ဖားဖိုတစ်ခုလို နိမ့်ချည်၊ မြင့်ချည်နှင့် ဖြစ်နေ၏။

"ဟဲ့ . . . ပြောလေ . . . ၊ ဘယ်က ကလေးလဲ . . . လို့"

ရုတ်တရက် ပခုံးနှစ်ဖက်ကို ဆွဲခါရင်း မေးလိုက်သည့် ဟသ်ာမယ်၏ အမေးကြောင့် ရွှေခြီသန်းသန်းမှာ သူနှင့်ပက်ပင်း ရင်ဆိုင်တွေ့လိုက် ရသည့် အဖြစ်အပျက်ကို အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြန်ပြောပြလိုက်၏။

ထိုအခါမှ . . .

ဟသ်ာမယ်တင်တင်စိန်တို့ လှုသိုက်လည်း လရောင်ဖြာကျနေသည့် ဖီးတောကွင်းကြီးပတ်ပတ်လည်ကို သွေးပျက်ချောက်ချားနေကြသည့် မျက်လုံးတွေနှင့် ကြည့်လိုက်မိကြသည်။

ထိုကွင်းပြင်ကြီးအတွင်းမှာတော့ . . .

ဆူးချုံ၊ ဆူးခက်လုံးကြီးတွေက လေတိုက်ရာအတိုင်း မြေပြင်တွင် မည်းမည်း၊ မည်းမည်းနှင့် တလိမ့်လိမ့် ရုပ်တိုက်လွင့်ပါ၍ နေလေတော့ သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ကွင်းပြင်ကြီးထဲဖြတ်၍ လျှောက်လာရသည်မှာ အချိန်ဘယ်လောက်ကြာသွားပြီမသိ • • •။ တိုင်းချစ်ရွှေမြှားကတော့ သူလွယ်ပိုးထားသည့် လွယ်အိတ်ကြီးအတွင်းမှ ကွမ်းတွေကို လမ်းလျှောက်ရင်း တစ်ယာပြီး တစ်ယာ စားနေသည်မှာ ဘယ်နှယာ ကုန်သွားပြီမှန်း မသိတော့ • • •။

ထိုအချိန်အထိ သူတို့ကြားနေရသည့်ဆိုင်းသံက တစ်ခါတစ်ခါ အဝေးကြီးသို့ ရောက်သွားလိုက်၊ နီးလာလိုက်နှင့် အရပ်ရှစ်မျက်နှာလုံးဆီက ကြားနေရသောကြောင့် ဇာတ်စင်ရှိရာနေရာကို ဝေခွဲမှန်းဆဖို့ ခက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . .

တိုင်းချစ်ရွှေမြားကတော့ ဘာစကားတစ်ခွန်းမှမပြောဘဲ ကွမ်းတွေကို တစ်ယာပြီးတစ်ယာဝါးရင်း သူ တထစ်ချမှန်းဆထားသော အရပ်ဆီ သို့သာ ဦးတည်လျှောက်နေ၏။ မင်းသားရွှေဒေါင်းယဉ်နှင့်အတူ ရှေ့ထွက် မင်းသား တောကျော်တို့ ပသီစိန်တို့မှာလည်း ဇာတ်ဆရာ လျှောက်နေ သည့်နောက်မှ ကိုယ့်အတွေးနှင့်ကိုယ် လိုက်ပါလာကြသည်။

ရှေ့ထွက်မင်းသား တောကျော်က ပုဆိုးစနစ်ဖက်ကို ဒူးပေါ်အထိ မတင်ရင်း လျှောက်လာရာမှ . . .

"ဗျို့ . . . ကိုကြီး ပသီစိန် . . . ၊ ကျုပ်တော့ ညနေက အခန်းဝ လာရပ်တဲ့ ကလေးမလေးကို သိပ်အခဲမကျေချင်ဘူးဗျ။ စားရခါနီးမှ ပါးစပ်ပေါက် နားက လွတ်ကျသွားတယ်လို့ ဆိုရမလား . . . ဟီ . . . ဟီ . . . ဟိ"

တောကျော်၏စကားတွေကို ပသီစိန်က ဘာတစ်ခွန်းမှ ဝင်ပြီး ထောက်ခံပြောဆိုခြင်းမရှိဘဲ လမ်းကိုသာ ဆက်ပြီး လျှောက်မြဲလျှောက် နေ၏။ တကယ်တော့ သူ့အတွေးတွေကလည်း ပွဲကြီးအတွင်းမှ လောင်း ကစားဝိုင်းများဆီသို့သာ ရောက်နေလေသည်။

ထို့နောက် တောကျော်က သူ့ဘာသာ တစ်ကိုယ်တည်း စိတ်ကူး ယဉ်ပြီး ပြောလိုက်သည့်လေသံဖြင့် . . .

"အင်း . . . ဒီဖီးတောဆယ်ရွာက မိန်းကလေးတွေရရင်တော့ ကြိုက်လိုက်ချင်သပဗျာ . . . အပျိုချောကလေးများ တွေ့ရင်တော့ လား . . . တောကျော်တို့က အောင်သေအောင်သာ စားပြီးမှ ပြန်မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ တိုင်းချစ်ရွှေမြှားက ကွမ်းယာတွေငုံထားသည့်လေသံဖြင့် အော်ငေါက်လိုက်၏။

"ဟောကောင် တောကျော် ••• တောက်တီးတောက်တဲ့တွေ မပြောနဲ့ ••• လျှောက်မှာသာ လျှောက်စမ်း"

ပသီစိန်နှင့် အခြားအဖွဲ့သားများမှာလည်း မိန်းမမြင်လျှင်မနေနိုင် မထိုင်နိုင် ဖြစ်တတ်သည့် တောကျော်၏အကြောင်းကို သိထားပြီးဖြစ်လေရာ ••• တစ်ယောက်တစ်ပေါက်နှင့် မကျေမနပ် ပိုင်းပြောလိုက်ကြ၏။

"တောက် ••• ငါ့နှယ့်ကွာ ••• ဒီမှာ ဘယ်သွားလို့ ဘယ်လာရမှန်း မသိတွေ ဖြစ်နေရတဲ့အထဲ ••• မင်းတဏှာထတာကလည်း တစ်မျှောင့်"

"ရှေ့ထွက်မင်းသားမို့ တော်တော့တယ် ••• ခေါင်းဆောင်မင်းသားများဖြစ်ရင် တောကျော်လုပ်ပေါက်နဲ့တော့ တို့ဇာတ်အဖွဲ့ကြီး လုံးစေခံရတာနဲ့ အထုပ်ပိုက် ပြေးရမယ့်အဖြစ်ပဲဗျို့"

တကယ်တော့ အခုလို ရှာခံပရိသတ်ကြီးကို ရိသဲ့သဲ့နှင့် မထိမဲ့မြင်စော်ကားမော်ကားပြောသည်ကို မဆိုထားနှင့် ရိုးသားသည့် တောသူ၊ တောင်သားတွေက ဇာတ်ထုပ်ထဲမှ မင်းသမီး အနိုင်ကျင့်ခံနေရသည့် ဇာတ်ကွက်မှာပင် လူကြမ်းကို မကျေမနပ်နှင့် စင်အောက်မှ ခဲနှင့်ပစ်၊ ပြောင်းဖူးရိုးနှင့်ပစ်ပြီး လုံးစေတတ်ကြသည်မှာ ထုံးစံဖြစ်၏။

ထို့နောက် ဘာစကားမှ ထပ်ပြီး မပြောကြတော့ဘဲ နှုတ်ဆိတ်ကာ ဇာတ်စင်ရှိရာသို့ ဦးတည်ပြီး ဆက်လက်လျှောက်လာကြ၏။

တစ်ခါတစ်ခါ ဝှေ့တိုက်လိုက်သည့် လေပူထဲတွင် ဖုန်လုံးတွေက သူတို့မျက်နှာတွေကို တရစပ်တိုးဝင်လာသဖြင့် စပ်ဖျင်းဖျင်းနှင့် ပူစပ်



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်ကြီး ဖြစ်နေ၏။ ထိုသဲမှုန်၊ သဲစတွေက ချွေးနှင့်ရောကာ တစ်ကိုယ်လုံး စေးကပ်ကပ်၊ ရှုတတတွေဖြစ်နေကြရာ ဇာတ်စင်ရှိရာဆီသို့ မြန်မြန်ရောက်ရန်သာ ဇောကပ်နေကြလေသည်။

ထိုစဉ်မှာပင် ...

သူတို့အဖွဲ့နှင့် မျက်နှာချင်းဆိုင်ပြီး လျှောက်လာနေကြသည့် လူတစ်ယောက်စ၊ နှစ်ယောက်စကို လရောင်မှုန်မှုန်မွှားမွှားအောက်မှာ မထင်မှတ်ဘဲ တွေ့လိုက်ကြရ၏။

ထိုသို့ မျက်နှာချင်းဆိုင်ပြီး လျှောက်လာနေသောလူတွေက လယ်တွေ၊ ကိုင်းတွေထဲမှ အလုပ်လုပ်ပြီး ပြန်လာကြသူတွေ ဖြစ်ဟန်တူကာ သူတို့ပခုံးပေါ်မှာလည်း ပေါက်တူး၊ ပေါက်ပြားနှင့် ထွန်ခြစ်တွေကို ထမ်းလာကြ၏။

"အဲလို ... ဒီလူတွေနှယ် အခုအချိန်မှ အလုပ်သိမ်းပြီး ပြန်လာကြတယ် ထင်ပါရဲ့"

ရွှေဒေါင်းယဉ်က သာမန်ကာလျှံကာ တွေးလိုက်သော်လည်း ထိုသူတွေ၏ မျက်လုံးတွေက ထူးထူးခြားခြား သူတို့ ဇာတ်အဖွဲ့သားများ၏ မျက်နှာတွေကို စိုက်ကြည့်ရင်း လျှောက်လာကြသည်ကို သတိထားမိလိုက်ကြ၏။

တဖြည်းဖြည်းနှင့် ထိုပေါက်တူး။ ပေါက်ပြားတွေထမ်းထားသော လူသုံးယောက် တိုင်းချစ်ရွှေမြှားတို့အနီးသို့ ရောက်လာချိန်တွင် သူတို့၏နောက်မှ ခပ်ခွာခွာလိုက်လျှောက်လာသော ဝါးပတ်ခမောက်နှင့် လူတစ်ယောက်ကို ထပ်တွေ့လိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဝါးပတ်ခမောက် ဆောင်းထားသောလူမှာလည်း ရှေ့ကသွားနေသည့် လူတွေလိုပင် တိုင်းချစ်ရွှေမြှားတို့အဖွဲ့ကို အေးစက်စက် မျက်လုံးများနှင့် စိုက်ကြည့်ရင်း လျှောက်လာပြန်၏။

"ဟင် ... ဒီလူတွေဟာ ငါတို့ကို ဘာကြောင့်ဒီလောက်တောင် စူးစူးဝါးဝါးကြီး စိုက်ကြည့်ပြီး လာနေကြတာလဲ"

ထိုလူတွေအားလုံးမှာ တိုင်းချစ်ရွှေမြှားတို့နှင့် ပခုံးချင်းရှောင်ကာ နောက်ကျောဘက်ဆီသို့ ရောက်သွားသည့်တိုင်အောင် မျက်တောင် တစ်ချက်မခတ်ဘဲ စောင်းစောင်းငဲ့ငဲ့ဖြင့် စိုက်ကြည့်သွားကြ၏။

ထိုစဉ်

သူတို့နှင့်မလှမ်းမကမ်းမှ မျက်နှာချင်းဆိုင်ပြီး လျှောက်လာနေပြန်သော လူကြီးတစ်ဦးကို ထပ်ပြီးတွေ့လိုက်ရပြန်သည်။ ထိုလူကြီး၏ မျက်နှာကို မြင်လိုက်ရပါမှ ဦးရွှေမြှားတို့လူစုမှာ ပြိုင်တူဆိုသလို ပါးစပ်က 'ဟင်'ခနဲ ရေရွတ်မိလိုက်ကြ၏။

"ဟင် ..."

ထိုလူကြီး၏မျက်နှာပေါ်မှာ ဘယ်လိုမှကြည့်၍ မြင်၍မသင့်တော်သော ဓားခုတ်ရာလို အမာရွတ်ကြီးက ကန့်လန့်ဖြတ်နေပြီး မှဲ့နီကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကလည်း နှာခေါင်းထိပ်မှာ ထူးထူးခြားခြားကြီး ရှိနေလေရာ ... ဘီလူးကြီးတစ်ကောင်နှင့်ပင် တူနေ၏။

ထိုမြင်ကွင်းကြောင့် ဦးရွှေမြှားတို့အဖွဲ့မှာ ခြေလှမ်းတွေပင် မှားမတတ်ဖြစ်သွားကြပြီး ကြက်သီးမွေးညင်းများ တဖျန်းဖျန်းထသွားကြ၏။

ဇာတ်ဆရာတိုင်းချစ်ရွှေမြှားနှင့်အတူ အားလုံး၏ မသိစိတ်ထဲတွင် ကား ယခုကဲ့သို့ နားလည်ရခက်ပြီး ထူးထူးဆန်းဆန်းဖြစ်နေသည့် မြင်ကွင်းတွေကြောင့် စိတ်မသိုးမသန့် ခံစားနေကြရ၏။ ဒါ့အပြင် ထိုသို့သော အခြေအနေတွေကိုလည်း တစ်ယောက်နှင့်တစ်ယောက် လက်တို့ပြီး သတိပေးဖို့တောင် မေ့သလိုလို ဖြစ်နေကြလေသည်။

မုဲ့နီကြီးနှင့်လူက ဦးရွှေမြှားတို့အဖွဲ့နှင့် ပခုံးချင်း ပွတ်ရှောင်ကာ နောက်ကျောဘက်ဆီသို့ ခြေလှမ်းကျဲကြီးများနှင့် ဖြတ်လျှောက်သွား၏။ သူ့မျက်လုံးအစုံတို့ကလည်း ရှေ့မှ လျှောက်သွားကြသူတွေနည်းတူ သူတို့အဖွဲ့အား အေးစက်စက်နှင့်ပင် စိုက်ကြည့်သွား၏။

သိပ်မကြာလိုက် ... အလွန်ဆုံးရှိလှမှ ခြေလှမ်းလေးငါးလှမ်း။

ဇာတ်ဆရာ တိုင်းချစ်ရွှေမြှားအပါအဝင် မင်းသားရွှေဒေါင်းယဥ်တို့ လူစုနှင့် မျက်နှာချင်းဆိုင်ကာ ခပ်လှမ်းလှမ်းမှလျှောက်လာကြသော လူတစ်စုကို တွေ့လိုက်ရပြန်သည်။

ရှေ့ဆုံးမှလူက ပခုံးပေါ်တွင် ပေါက်တူးတစ်လက်ကို ထမ်းထားပြီး ထိုသူ၏နောက်မှကပ်လျက် လျှောက်လာသော သူ၏ပခုံးပေါ်တွင်လည်း ပေါက်ပြားတစ်လက်။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်နောက်မှ ထွန်ခြစ်ကြီးတစ်ခုကိုထမ်းရင်း တဖြည်းဖြည်း လျှောက်လာသည့် လူကို တွေ့လိုက်ရပြန်သည်။ ထိုလူတွေအားလုံး၏ မျက်လုံးတွေကလည်း ရှေ့မှလျှောက်သွားကြသည့်လူစုနည်းတူ အေးစက်စက် ရီဝေဝေနှင့် စိုက်ကြည့်ရင်း လျှောက်နေကြ၏။

ဇာတ်ဆရာတိုင်းချစ်ရွှေမြွားနှင့်အတူ အားလုံး၏မျက်လုံးတွေက တိုင်ပင်မထားဘဲ တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြ၏။ ပြီးတော့ သူတို့မျက်နှာတွေကလည်း တစ်စုံတစ်ရာကို မျက်လုံးထဲမှာ ပြန်မြင်ယောင်ကြည့်နေသလို မျက်တောင်တွေ ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း နောက်ကျောဘက်သို့ လည်ပြန်ကြည့်လိုက်မိကြသည်။

သို့သော် ...

သူတို့နောက်ကျောဘက်တွင်တော့ လရောင်ဖြာကျနေသည့် ကွင်းပြင် ထီးထီးကြီးမှလွဲ၍ ဘာကိုမှ မမြင်ရချေ။

ထိုစဉ် ...

ဝါးပတ်ခမောက် ဆောင်းထားသော လူတစ်ယောက်က သူတို့နှင့် မလှမ်းမကမ်းမှ လျှောက်လာနေသည်ကို တအံ့တဩနှင့် ထပ်တွေ့လိုက်ရပြန်၏။ ထိုသူကလည်း ရှေ့ကလူတွေလိုပင် သူတို့၏ မျက်နှာတွေကို စေ့စေ့စိုက်ကြည့်လျက်။

ထိုမြင်ကွင်းတွေက သူတို့အတွက် အိပ်မက်တစ်ခုလို ဝိုးတဝါးဖြစ်မနေတာတော့ သေချာနေ၏။ ပြီးတော့ သူတို့၏ ခြေလှမ်းတွေကလည်း ဘာရယ်မဟုတ်ဘဲ တစ်စုံတစ်ရာကို ချောက်ချားတုန်လှုပ်မိသွားသလို တွန့်ဆုတ်ဆုတ် ဖြစ်နေကြ၏။

ထိုအချိန်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ထိုဝါးပတ်ခမောက်ဆောင်းထားသော လူ၏နောက်မှ ခပ်ခွာခွာ လိုက်ပါလာသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရချိန်မှာတော့ သူတို့အားလုံး၏နှလုံးအိမ်တွေကို ဆောင့်ဆွဲခံလိုက်ရသလို ရုတ်တရက် သွေးပျက်မတတ် ဖြစ်သွားကြ၏။

ထိုလူကြီးမှာကား . . .

မှတ်မှတ်ရရ . . . ။

စောစောကကလေးတင် သူတို့နှင့် ပခုံးချင်းပွတ်ရောင်ကာ နောက်ကျောဘက်သို့ လျှောက်သွားနှင့်ပြီဖြစ်သော မျက်နှာပေါ်မှ ဓားခုတ်ရာကြီးနှင့် ထူးထူးခြားခြား နှာခေါင်းထိပ်မှာ မှဲ့နီကြီးတစ်လုံး ရှိနေသော လူကြီးပင် . . . ။

"ဟင် . . . ဒီ . . . ဒီ . . . ဒီလူတွေက"

သူတို့အားလုံး၏ ပါးစပ်တွေမှ ယောင်ယမ်းရေရွတ်လိုက်သံနှင့် အတူ ဘေးမှ ပွတ်ကာသီကာ လျှောက်သွားသော မှဲ့နီကြီးနှင့်လူ၏ အေးစက်စက် မျက်လုံးအကြည့်တွေကို ဘယ်လိုမှရင်ဆိုင်ပြီး ပြန်မကြည့်ရဲတော့ . . . ။ သူတို့ခြေလှမ်းတွေကိုသာ မြန်နိုင်သမျှမြန်အောင် တက်သုတ်ရိုက်ပြီး လျှောက်ကုန်ကြ၏။

လူအုပ်ကြားထဲသို့ အတင်းတိုးဝင်ပြီး အပြေးတစ်ပိုင်းနှင့်လျှောက် လာသော ရှေ့ထွက်မင်းသား တောကျော်၏ မျက်နှာပေါ်မှာ သွေးရောင်ပင် မမြင်ရတော့။ ဒါ့အပြင် မင်းသားရွှေဒေါင်းယဉ်နှင့် ပသီစိန်တို့မှာလည်း ဘေးဘီကိုပင် တစ်စက်ကလေးမှ လှည့်မကြည့်ရဲ . . . ၊ ဇာတ်ဆရာ တိုင်းချစ်ရွှေမြှား၏ အရိပ်အကဲကိုသာ ထိပ်ထိပ်ပျာပျာနှင့် စောင့်ကြည့်ရင်း ခပ်သုတ်သုတ် လျှောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ... တိုင်းချစ်ရွှေမြားကိုယ်တိုင်ပင် သူမျက်စိရှေ့မှာ အခုလေးတင် မြင်လိုက်ရသည့်လူတွေကို နောက်တစ်ကြိမ် မထင်မှတ်ဘဲ ရှေ့ဆတ်နောက်ဆင့် ထပ်ကာ တွေ့မြင်လိုက်ရသဖြင့် သွေးပျက်စပြုနေကာ ပါးစပ်က ဘာစကားမှ မပြောနိုင်ဘဲ အမှားမှားအယွင်းယွင်း ခြေလှမ်းတွေနှင့် မြန်နိုင်သမျှမြန်အောင် လျှောက်နေ၏။

ထိုအချိန်မှာပင် ...

သူတို့နှင့် မျက်နှာချင်းဆိုင်ပြီး ခပ်လှမ်းလှမ်းမှ လျှောက်လာနေကြသော လူတစ်စုကို ထပ်ပြီး တွေ့လိုက်ရပြန်လေသည်။

"ဟင် ... "

ခပ်ရေးရေးမြင်နေရသော ထိုလူစုကြီးက လရောင်အောက်မှာ ခပ်သုတ်သုတ်ခြေလှမ်းတွေနှင့် လျှောက်လာကြသော်လည်း ဦးရွှေမြားတို့အဖွဲ့က ဒီတစ်ခါတော့ ဘာရယ်ကြောင့်မှန်းမသိဘဲ သူတို့၏ခြေလှမ်းများကို တုံ့ခနဲ ရပ်လိုက်မိကြ၏။

ထိုလူတွေက သူတို့နှင့်တဖြည်းဖြည်း နီးသထက်နီးလာသည်နှင့် ဦးရွှေမြားတို့လူစုမှာလည်း ဒူးတွေက ပျော့ခွေညွှတ်ကျမတတ် ဖြစ်နေကြကာ ခြေဖျားလက်ဖျားတွေက အေးစက် တောင့်တင်းလာကြသည်။ ရွှေဒေါင်းယဉ်နှင့်အတူ တောကျော်တို့ ပသီစိန်တို့မှာလည်း ဖောခွေးများ မြင်မကောင်းအောင်ကျနေကာ အသားတွေပင် တဆတ်ဆတ် တုန်ယင်နေကြ၏။

သိပ်မကြာလိုက် ...

ရှေ့ဆုံးမှလျှောက်လာနေသော လူတစ်ယောက်၏ နှစ်ယောက်က ဦးရွှေမြားတို့အနီးသို့ ရောက်လာ၏။ ထိုလူတွေကို တစ်ကြိမ်တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူးသော်လည်း သူတို့နောက်မှကပ်ပါလာသည့် အမျိုးသမီးများကို တော့ မြင်လိုက်သည်နှင့်

"ဟင်"

ပါးစပ်အဟောင်းသားတွေနှင့် မှင်တက်မိနေသော ဦးရွှေမြားတို့မှာ ရုတ်တရက်ဆွံ့အသွားသူတွေလို ကြောင်စီစီနှင့် ငေးကြည့်နေမိကြ၏။

ထိုအမျိုးသမီးများမှာကား သူတို့ရွှေဒေါင်းယဉ်ဇာတ်အဖွဲ့ကြီးမှ မငွေခင်ခေါင်းဆောင်သော မင်းသမီးများအဖွဲ့ပင် ဖြစ်နေတော့သည်။

"ဟင် ..."

"သူတို့တွေကရော ... တကယ့် မင်းသမီးအစစ်တွေမှ ဟုတ်ရဲ့ လား ..."

"ဒါမှမဟုတ် ... ငါတို့ကို တစ်ခုခုခြောက်လှန့်ဖို့ ထပ်ပြီး ရောက် လာကြတဲ့ အဖွဲ့ပဲလား"

ဘယ်လိုမှ ဝေခွဲမရသည့်အတွေးတွေက ဦးရွှေမြားတို့ကို တရစပ် ခြောက်လှန့်၍နေလေသည်။

မငွေခင်တို့ အမျိုးသမီးများက တစ်ယောက်တစ်ပေါက်ဖြင့်

"ဇာတ်ဆရာ ..."

"ဦးရှီးမြား ..."

"အုပ်ကြီး ..."

ထိုအခါမှ ဇာတ်ဆရာဦးရွှေမြားက ချောက်ချားတုန်လှုပ်နေသော လေသံကြီးဖြင့် ...

"နင် ... နင် ... နင်တို့က ငါ့ဇာတ်အဖွဲ့ထဲက မင်းသမီးတွေ တော့ ... ဟုတ် ... ဟုတ်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အထစ်ထစ်အငေါ့ငေါ့နှင့် မေးလိုက်လေရာ၊ မငွေခင်တို့အုပ်စုကြီးမှာလည်း ကပျာကယာနှင့် ခေါင်းညိတ်ပြီး ဖြေလိုက်ကြ၏။ ထိုသို့ခေါင်းညိတ်ပြီး ဖြေလိုက်ကြပုံမှာလည်း ဦးရွှေမြားပေါ် အထူးအဆန်းမေးခွန်းထက် သွေးပျက်ချောက်ချားစရာတွေနှင့် ရင်ဆိုင်ခဲ့ရသည့် သူတို့အဖို့ အားကိုးတစ်စုံတစ်ရာ ရလိုက်သလို ဝမ်းနည်းဝမ်းသာ ဖြစ်ကုန်ကြသည်။

မင်းသမီးအဖွဲ့မှာလည်း ဦးရွှေမြားတို့ကို ဒီဇီးတောကွင်းကြီးအတွင်း မထင်မှတ်ဘဲတွေ့လိုက်ရသဖြင့် အံ့အားတွေသင့်နေကြကာ ဘာစကားမှပင် ပြောမထွက်ဘဲ မျက်လုံးအကြောင်သားတွေနှင့် စိုက်ကြည့်နေကြ၏။

ထိုသို့ သူတို့အဖွဲ့နှစ်ဖွဲ့ မျက်နှာချင်းဆိုင်ပြီး တွေတွေဝေဝေတွေ ဖြစ်နေကြချိန်တွင်တော့ စောစောက ရှေ့ဆုံးမှလျှောက်လာသော လူတစ်ယောက်စ၊ နှစ်ယောက်စမှာ ဦးရွှေမြားတို့ကိုကျော်ကာ ဆက်ပြီး လျှောက်သွားကြ၏။ သူတို့၏မျက်လုံးတွေက အေးစက်စက်နှင့် စိုက်ကြည့်သွားကြသည်ကိုလည်း အားလုံးက လှည့်မကြည့်ဘဲ အလိုလို သိနေလိုက်ကြ၏။

ထိုအချိန်အထိ မင်းသား ရွှေခေါင်းယဉ်အပါအဝင် တောကျော်တို့ ပသီစိန်တို့မှာလည်း ကိုယ့်အဖွဲ့မှ မင်းသမီးတွေမှန်းသိနေလျက် နှုတ်က လှမ်းခေါ်လိုက်ဖို့ မဝံ့မရဲ ဖြစ်နေကြ၏။

ထို့နောက် ဦးရွှေမြားက သူ့လေသံကို မနည်းထိန်းရင်း

"ဒါ . . . ဒါနဲ့ . . . နင်တို့အခု ဘယ်ကိုသွားကြမလို့တုံး"

ထိုအခါမှ မငွေခင်တို့အုပ်စုမှာ ပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို ထိတ်ထိတ်ပျာပျာမျက်လုံးတွေနှင့် လှည့်ပတ်ကြည့်လိုက်ကြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် . . . ကျွန်မတို့ ဓာတ်စင်ရှိတဲ့ နေရာကို သွားနေကြတာလေ . . . ဓာတ်ဆရာတို့ကရော ႏ . . . အခု ဘယ်ကို သွားနေကြတာလဲ"

"ဘာ . . ."

မငွေခင် ပြောလိုက်သောစကားကြောင့် ဓာတ်ဆရာဦးရွှေမြားမှာ တွေတွေဝေဝေတွေ ဖြစ်သွားပြီး

"ဟ . . . ဓာတ်စင်ရှိတဲ့နေရာက အခု ငါတို့မျက်နှာချင်းဆိုင်ပြီး လျှောက်နေတဲ့ဘက်မှာပါ"

တကယ်တော့ ဦးရွှေမြားကိုယ်တိုင် သူတို့လျှောက်နေသည့်ဘက်မှာ ဓာတ်စင် ရှိ၊ မရှိ မသေချာ။ ဆိုင်းသံက အရပ်ရှစ် မျက်နှာစလုံးက ကြားနေရသည်။

အားလုံးကလည်း ထိုအခါမှ လေထဲမှာ မရေမရာလွင့်ပျံ့နေသော ဆိုင်းသံကို နားစိုက်ထောင်လိုက်ကြပြီး တစ်ယောက်တစ်ပေါက်တွေနှင့် ထင်ရာတွေကို ပြောကြသည်။

"ဟုတ်ပါ့မလား ဓာတ်ဆရာရယ်၊ ကျွန်မတို့က လှည်းလမ်းအတိုင်း သွားရင် ဝေးမှာစိုးလို့တောင် ဟောဒီဖီးတောကွင်းကြီးထဲက ဖြတ်လျှောက်လာကြတာ လမ်းတော့ မမှားနိုင်ဘူးထင်တာပဲ"

ဟာသံ့မယ် တင်တင်စိန်၏စကားကြောင့် မင်းသားရွှေဒေါင်းယဉ်က

"ဟဲ့ မယ်တင် . . . ငါတို့ကလည်း ဒီဖီးတောကွင်းကြီးကို စပြီး လျှောက်လာကတည်းက ဘယ်ကိုမှ မချိုးမကွေ့ဘဲ တန်းတန်းကြီး လျှောက်လာကြတာ မှားနိုင်စရာလား . . . ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဟိုလိုလို ဒီလိုလိုတွေနှင့် ဒွိဟဖြစ်နေကြသော သူတို့အဖွဲ့ကြီးမှာ ဆိုင်းသံကြားရာသို့သာ ခေါင်းတမော့မော့၊ လည်တဆန့်ဆန့်တွေနှင့် မှန်းမျှော်ကြည့်နေကြ၏။ တစ်ချိန်တည်းမှာပဲ သူတို့အားလုံး၏ မျက်နှာတွေက အခုမှ ပိုပြီးချောက်ချောက်ချားချားတွေ ဖြစ်ကုန်ကြကာ ဘယ်သွားလို့ ဘယ်လာရမှန်းမသိတွေ ဖြစ်နေကြ၏။

ထိုအချိန်မှာပင် ဓာတ်ဆရာ ဦးရွှေမြှားက စောစောကသူတို့အဖွဲ့ မျက်နှာမူပြီး လျှောက်လာရာဘက်သို့ ဦးလှည့်လိုက်ရင်း . . .

"ကိုင်း . . . ဘာမှပြောမနေကြနဲ့ . . . ဟေ့ . . .၊ ငါသွားတဲ့ နောက်ကိုပဲ အားလုံးလိုက်ခဲ့ကြ"

ဟု စိတ်ကို တုံးတုံးချ ဆုံးဖြတ်ကာ အတင်းစွတ်ပြီး ရှေ့မှ လျှောက် လာခဲ့လေသည်။

မင်းသမီး အောင်လံတော် မငွေခင်နှင့် အတူ ဟသာမယ်တင်တင်စိန်တို့ မိန်းကလေးတစ်သိုက်မှာလည်း ထိုအခါမှ ဘာစကားတစ်ခွန်းမှ မပြောကြတော့ဘဲ ဓာတ်ဆရာ တိုင်းချစ်ရွှေမြှားတို့၏နောက်မှ ခပ်သုတ်သုတ် ခြေလှမ်းတွေနှင့် လိုက်ပါလာကြသည်။

တိတ်ဆိတ်နေသော ဗီးတောကွင်းပြင်ကြီးအတွင်း တက်သုတ်ရိုက်ပြီး လျှောက်နေကြသည့် ဖိနပ်သံတွေနှင့် ခြေလှမ်းလိုက်တိုင်း လုံချည်တွေ၊ ပုဆိုးတွေက ခြေထောက်မှာတုပ်ပြီး မြည်နေသည့်အသံက ကျယ်ကျယ်လောင်လောင်ထွက်ပေါ်နေ၏။

ယောက်ျားကြီးများ၏ ခြေလှမ်းတွေကိုမီအောင် မနည်းလိုက် လျှောက်နေကြရသော မင်းသမီးများမှာလည်း တစ်ခါတစ်ခါ လူအုပ်ကြီး၏အတွင်းသို့ ရောက်သွားလိုက်၊ နောက်တွင်ပြတ်ကျန်နေလိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ကသုတ်ကရက်တွေ နိုင်နေကြ၏။

ထိုအထဲမှ ရွှေခြီသန်းသန်းကတော့ အခုအချိန်အထိ သွေးဆုတ်ဖြူရော်နေသော မျက်နှာနှင့် ပြူးတူးပျာတာဖြစ်နေသည့် အမူအရာတွေက အားလုံးထဲမှာ ပိုပြီး သိသာထင်ရှားနေလေသည်။

ထိုအချိန်မှာပင် မင်းသားရွှေဒေါင်းယဉ်က သူ့ဘေးမှ ကပ်လျှောက်လာနေသည့် ရွှေခြီသန်းသန်းကို

"ဟဲ့ . . . သန်းသန်း . . . ၊ နင့်မျက်နှာက ဘာဖြစ်လို့ ဒီလောက်တောင် သွေးရူးသွေးတန်းတွေဖြစ်နေရတာလဲ . . . ၊ နင်တို့ လမ်းမှာ ဘာတွေ ဖြစ်လာကြလို့လဲ . . . "

ဟု စိုးရိမ်တကြီးနှင့် မေးလိုက်လေရာ ခြောက်ကပ်ကွဲရှနေသော လေသံကြီးဖြင့်

"ငါ . . . ငါ . . . လမ်းမှာ . . . ၊ ဟို . . . ဟိုကလေး . . . "

"ဟဲ့ . . . ဟဲ့ . . . တော်ကြစမ်း . . . ၊ ဒီအကြောင်းတွေကို ဆက်မပြောကြနဲ့တော့ . . . ၊ လျှောက်မှာသာ လျှောက်ကြ"

ရွှေခြီသန်းသန်း၏ စကားမဆက်ခင်မှာပင် ရှေ့ကသွားနေသည့် ဟသ်ာမယ်တင်တင်စိန်က ကြောက်လန့်တုန်လှုပ်နေသေးသည့် အသံလိုလို . . . သတိပေး အော်ငေါက်သံလိုလိုနှင့် လှမ်းပြောလိုက်လေသည်။

ထို့နောက် သူတို့အဖွဲ့ကြီးမှာ စကားသံတွေတိတ်ဆိတ်သွားပြီး အတွေးကိုယ်စီနှင့် ဆက်လျှောက်လာကြ၏။ သူတို့လျှောက်လာရာ ဇီးတောကွင်းပြင်ကြီးမှာလည်း ထိုအခါမှ လေပွေတစ်ချက် မတိုက် . . . ဆူးချုံ ဆူးခက်လုံးကြီးတွေက မြေပြင်မှာ ရှပ်တိုက်လွင့်ပါမနေဘဲ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က သည်းခြေပျက်အောင် ခြောက်လှန့်ဖို့ ချောင်းမြောင်း မျှားခေါ်နေသည့် သတ်ကွင်းကြီးတစ်ခုနှင့်ပင် ပိုပြီးတူလာနေ၏။

ဒါ့အပြင် . . .

ကြားနေရသည့် ဆိုင်းသံကလည်း သူတို့ခြေလှမ်းတွေကို မျှားခေါ် နေသည့် တီးလုံးတီးကွက်မျိုးကို နာရီစည်းဝါးကျကျ တီးခတ်ပေးနေ သလို . . .၊ ကြောက်ကြောက်လန့်လန့်ဖြင့် လျှောက်နေရသော သူတို့၏ ခြေထောက်တွေကလည်း ကကွက်ဆန်နေ၏။

သို့သော် . . .

အားလုံး၏ မသိစိတ်ထဲတွင်တော့ ဟောဒီဗီးတောကွင်းပြင်ကြီး အတွင်း ဘယ်အချိန် ဘယ်နေရာမှာ သွေးပျက်ထိတ်လန့်စရာတွေ ထပ်ပြီး တွေ့ကြဦးမှာလဲဆိုသည်ကိုသာ တွေးရင်း ဇာတ်စင်ရှိရာသို့ တက်သုတ် ရိုက်ပြီး ဇောနှင့် လျှောက်နေကြတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

အောက်လင်းမီးဝါဝါတွေ ထွန်းညှိထားသော အာဝါဒေးကစားဝိုင်းတွေက ပွဲခင်းကြီးတစ်ခုပမာပင် ပြောရခက်အောင် ချောက်ချီးချောက်ချက်နိုင်နေ၏။ ထိုကစားဝိုင်းများနှင့် ဝါးတစ်ရိုက်အကွာမှာရှိနေသည့် ရွှေဒေါင်းယဉ်ဇာတ်အဖွဲ့ကြီးမှာလည်း ယခုအချိန်ထိ ပွဲစဖို့ မပြောနှင့် ဆိုင်းသမားများပင် ဆေးဖွာကြ၊ အဖန်ရည်သောက်ကြတုန်းပင် ဖြစ်၏။

ထိုအချိန်မှာပင် ...

မြို့အုပ်မင်း၏ အထူးအခွင့်အရေး ပေးခြင်းခံရသော ပွဲသွင်းသူ မောင်စံတင်နှင့် ပွဲလေလံတရုတ်ကြီးအရှောင်တို့မှာ မျက်နှာရှစ်ခေါက်ချိုးဖြင့် ပွဲခင်းအတွင်းသို့ ဝင်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်စံတင်က ယခုကျင်းပနေသည့် လောင်းကစားဝိုင်းများကို တရုတ်သူဌေးကြီးအရှောင်အား မြတ်ရပါစေမယ်ဟုပြောပြီး ငွေသား တစ်သောင်းငါးထောင်ဖြင့် လေလံဆွဲခိုင်းသူဖြစ်တဲ့သောကြောင့် လူမရှိသည့် ပွဲခင်းကြီးကို ကြည့်ကာ ကြားထဲက မျက်နှာပူနေ၏။

အခြေအနေက သူတို့ထင်ထားသလို တစ်သောင်းငါးထောင်မပြောနှင့် တစ်သောင်းရဖို့တောင် မနည်းရှာရမှာဖြစ်နေသည့် ကစားဝိုင်းများ၏ ခြောက်ကပ်နေပုံကြောင့် တရုတ်ကြီးအရှောင်က ...

“ဘယ်လိုလဲ စံတင် ... နင်ပြောလော့ ငွေသားတစ်သောင်းငါးထောင်ဆိုလာ ခဏပဲဆို ... ဒီလိုပုံစံအတိုင်းဆို ... ငါ ဘယ်လိုလုပ်ပြီး မြတ်တော့မှာလဲ”

ဟု စိတ်ပျက်လက်ပျက်နှင့် အော်ငေါက်လိုက်ရာ မောင်စံတင်က ပျက်နေသော သူ့မျက်နှာကို ဟန်လုပ်ကာ

“မ မဟုတ်ပါဘူး ထောင်ကဲရဲ့ ... ပွဲမစသေးလို့ပါ။ ပွဲစလို့ကတော့ ဟောဒီကစားဝိုင်းတွေဆီ ထိုးသားတွေ ချက်ချင်းရောက်လာပါလိမ့်မယ် ... မပူပါနဲ့”

www.burmeseclassic.com

www.burmeseclassic.com



ပိုပိုသာသာ နှစ်သိမ့်ပြောဆိုလိုက်သော စကားကြောင့် တရုတ်သူဌေးကြီး အရှောင်က ဘာတစ်ခွန်းမှ ထပ်မပြောတော့ချေ။ သူ့မျက်နှာကတော့ လောဘကြောင့်လား၊ သောက်ထားသည့် ဘရန်ဒီအရက်၏ အရှိန်ကြောင့်လားမသိ ရဲရဲနီနေလျက် ရှိသည်။

ထိုအချိန်တွင် မောင်စံတင်က မလှမ်းမကမ်းမှာ ရှိနေသည့် ဆိုင်းသမားများဆီသို့ ဒေါနှင့်မောနှင့် လျှောက်သွားကာ

"ဟေ့ . . . လူတွေ . . ဘယ်လိုလဲ၊ ခင်ဗျားတို့ အခုအချိန်ထိ မတီးကြ၊ မမှုတ်ကြသေးဘူးလား။ ဘာလုပ်နေကြတာလဲ"

ဖရုပ်ပေါ်၌ ဆေးပေါ့လိပ်ဖွာပြီး အေးအေးလူလူ အဖန်ရည်သောက်နေကြသည့် ဆိုင်းသမားများမှာ ပွဲငှားလာတုန်းက မြင်ဖူး တွေ့ဖူးပြီးသား ဖြစ်သော မောင်စံတင်ကို လှမ်းကြည့်လိုက်ကြ၏။

ဘိုကေကို ကြော့နေအောင်ဖြီးထားပြီး စပို့ရှပ်အစင်းကြားနှင့် ပုဆိုးကွက်ကြားကြီးကို တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားသော မောင်စံတင်မှာ သူတို့အမြင်၌ တကယ့်ပီဘိသူဌေးတစ်ယောက်လို ကြွားကြွားရွှားရွှားပင် ဖြစ်နေလေရာ . . . အားလုံးက တစ်ခွန်းတလေမှပင် ပြန်ပြီး မပြောမဆိုဝံ့ဘဲ ဖြစ်နေကြ၏။

သို့သော် . . . ဆိုင်းဆရာ ရွှာစား စိန်ဆေးရိုးကတော့

"ကျုပ် . . . ကျုပ်တို့ဇာတ်ဆရာနဲ့ . . . ဇာတ်သူ၊ ဇာတ်သားတွေ ထမင်းစားသွားနေကြတာ ပြန်မရောက်ကြသေးလို့ပါ"

"မလိုချင်ဘူး . . . အခုတီး . . .၊ ခင်ဗျားတို့တီးတဲ့ဆိုင်းသံ ကြားမှ ပွဲခင်းထဲကို လူတွေရောက်လာကြမှာ အခုချက်ချင်းတီး"

မောင်စံတင်၏ အတင်းအကျပ် အမိန့်ပေးခိုင်းစေနေသကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းသမားများမှာ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

ထိုအချိန်မှာပင် အပျော့ဆွဲနှင့် ကတ်တီးကတ်ဖွဲ့ ပြောတတ်ဆိုတတ်သော ဆိုင်းနောက်ထိုင်တစ်ဦးက . . .

"သူဌေးရယ် . . . ကျုပ်တို့ကို တီးခိုင်းနေတာတော့ဟုတ်ပါပြီ . . . ကျုပ်တို့မှာ အခုမှ ထမင်းစားပြီးရုံပဲရှိသေးတာ . . . တကယ်ဆို ရွာထဲက လက်ဖက်ရည် အဖန်ကလေး . . . ဘာလေး . . ."

"ဘာ . . . ဗျ။ ဒါတွေ ကျုပ်မသိဘူး . . . ။ ကျုပ်သိတာ ခင်ဗျားတို့ ဆိုင်းတီးမှ ကစားဝိုင်းတွေဆီကို လူတွေ ရောက်လာကြမှာ . . . ဒါပဲ"

စကားမဆုံးခင်မှာပင် မောင်စံတင်၏ ဒေါသနှင့် အော်ငေါက်လိုက်သံကြောင့် အားလုံးက မကျေမချမ်းဖြစ်ကုန်ကြ၏။ ထို့အပြင် သူတို့ ဆိုင်းအဖွဲ့ကြီး၏ တီးသံမှုတ်သံတွေ ကြားပါမှ လောင်းကစားဝိုင်းတွေဆီ လူတွေရောက်လာကြမှာဟု ဆိုသောစကားကြောင့် အားလုံးက ပိုပြီး ဒေါသထွက်ကုန်ကြ၏။

ဆိုင်းအဖွဲ့ထဲမှ အတီးသမားအချို့က မောင်စံတင်နှင့် သူ့ဘေးမှ တရုတ်ကြီး အရှောင်ကိုကြည့်ကာ ဗျစ်တောက်ဗျစ်တောက်နှင့် မကြားတကြား ပြောကြ၏။

"တောက် . . . ဒီကောင်တွေဟာ ငါတို့ဓာတ်အဖွဲ့ကို ဗန်းပြပြီး လောင်းကစားဝိုင်းတွေ လုပ်တာကိုးကွ . . ."

"သေချာပါတယ် . . . ပွဲငှားလာတဲ့ တောမန်ကျည်းသီးရုပ်နဲ့ ကောင်ရဲ့ ဘေးက ဟိုတလုတ်စုတ်ဟာ လောင်းကစားဝိုင်းတွေ ထဲက ဒိုင်နေမှာပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆရာရွှာစား စိန်ဆေးရိုးကတော့ ဘာစကားတစ်ခွန်းမှ ဝင်မပြောဘဲ သူ့အဖွဲ့မှ အတီးသမားများကိုသာ ဆိုင်းဝိုင်းကြီးရှိရာဆီသို့ မေးဆတ်ပြလိုက်ပြီး

"ကိုင်း . . . လာကြကွာ၊ တို့တာဝန် တို့ကျေကြဦးစို့ရဲ့"

ဟုဆိုကာ ချော့ကာ၊ မော့ကာနှင့် ဖာတ်စင်ရှေ့မှ ဆိုင်းဝိုင်းရှိရာသို့ ဦးဆောင်ပြီး ခေါ်သွားလေသည်။ ရွှာစားစိန်ဆေးရိုး၏နောက်မှ အသီးသီး လိုက်ပါသွားကြသော ကြေးတီးဆရာ၊ နှဲဆရာနှင့် ဝါးလင်ကွင်းတီးသူများ အားလုံးအဖို့ ထူးထူးခြားခြား မရှိလှသော်လည်း ပတ်မတီးဆရာ ဆရာညိုကတော့ . . . စောစောက လူမရှိဘဲ တီးသံကြားလိုက်ရသည့် သူ့ပတ်မကြီးရှိရာသို့ သွားရန် တစ်ကိုယ်တည်း ကြိတ်ပြီး တွန့်ဆုတ်နေမိလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမန်ကျည်းရဲ့ ခုနစ်စင် . . . ယဉ်ပါလေစရပ်ကယ်က . . ."

"ရွှေမန်ကျည်းရဲ့ခုနစ်စင် . . . ယဉ်ပါလေစရပ်ကယ်က . . ."

"တိန် . . . ဗြောင် . . . ၊ တပ် . . . ဗေ . . . ဗျို ဗျို ဗျို . . ."

ရွှာစားစိန်ဆေးရိုး၏ လက်ဖျားတွေက ပတ်လုံးကလေးများ၏ မျက်နှာပြင်ပေါ် ရုပ်တိုက်ပြေးနေသလို ပတ်မသံက ဆိုင်းနောက်ထိုင်များ သီဆိုနေကြသော ရွှေမန်ကျည်းခုနစ်စင် သီချင်း၏ စာသားအတိုင်း လုံးစေ့ ပတ်စေ့ ပီပီသသကြီး ထွက်ပေါ်နေ၏။

ထိုသီချင်းမှာ တစ်ခေတ်တစ်ခါက ရွှာစားကြီး စိန်ဗေဒါတီးခတ်ခဲ့သည့် သီချင်းဖြစ်ပြီး အဆို၏ရှေ့မှ ပတ်သံက ဦးဆောင်တီးရသော ထူးထူးခြားခြား သီချင်းတစ်ပုဒ်ဖြစ်လေရာ ရွှာစားကြီး စိန်ဗေဒါ၏ လက်ကျလက်နအတိုင်း စိန်ဆေးရိုးက တီးပြနေ၏။

ဆိုင်းနောက်ထိုင်များ၏ အတိုင်နှင့်အဖောက် သီဆိုဟန်ကလည်း ဇီးတောကွင်းကြီးအတွင်းသို့ ပွဲကြည့်လာကြမည့် ပရိသတ်များကြား အောင် တမင်အလီလီကျော့ပြီး သီဆိုနေကြ၏။

"ကိုကြီးနတ်ကယ် ဆီးကြိုလာ . . . ကျားညီနောင် ကြောင်နှစ်ကွင်း မယ် မငြင်းသာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသာမြတ်ကယ် ဆီးကြိုလာ ••• ကျားညီနောင် ကြောင်နှစ်ကွင်း မယ် မငြင်းသာ"

"ဖေ ••• နောင် ••• ပတ် ••• ဖေ ••• ဖြောင် ••• ဖြောင်"

တစ်စတစ်စနှင့် ပွဲခင်းကြီးအတွင်း တဖွဲဖွဲရောက်လာသော ပရိသတ်များကြောင့် ဆိုင်းဝိုင်းကြီးနှင့် မလှမ်းမကမ်းမှာ မတ်တတ်ရပ်ကြည့်နေကြသော မောင်စံတင်နှင့် တရုတ်ကြီးအရှောင်တို့၏ မျက်နှာတွေက အနည်းငယ် ပြုံးရောင်သမ်းလာကြသည်။

ထိုအချိန်မှာပင် ဆိုင်းဆရာ စိန်ဆေးရိုးက ပြီးလုပြီးခင်ဖြစ်နေသော ထိုသီချင်းကို နောက်တစ်ကျော့ ထပ်တီးရန် သူ့ဝိုင်းမှ အတီးသမားတွေကို မေးဆတ်ပြလိုက်၏။ ဆိုင်းနောက်ထိုင်များမှာလည်း ကိုဆေးရိုး၏ အရိပ်အကဲကို နားလည်ထားကြသူတွေဖြစ်လေရာ 'ရွှေမန်ကျည်း ခုနစ်စင်' သီချင်းကို နောက်တစ်ကျော့ သီဆိုလိုက်ကြပြန်သည်။

သူတို့ဆိုင်းသမားတွေ တီးမှုတ်နေချိန်တွင် ဘိုးစံဖျားနှင့် ဘိုးလေးထွန်းတို့မှာ ဇာတ်စင်ထောင့်ရှိ ကန့်လန့်ကာကြားမှနေ၍ အခု အချိန်ထိ ပြန်ရောက်မလာကြသေးသော ဇာတ်ဆရာနှင့် ဇာတ်သူ ဇာတ်သားများကို လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေကြလေသည်။

စိန်ဆေးရိုး၏ အကွန့်အညွန့် တီးကွက်များနှင့် ဆိုင်းနောက်ထိုင်တို့၏ အဆို၊ အပြော၊ အပို့တွေကြောင့် ဇီးတောကွင်းကြီးအတွင်း ရောက်လာကြသည့်လူတွေကလည်း ပို၍ပင်များလာလေရာ ထိုအထဲမှ တချို့မှာလည်း ပွဲခင်းထဲရောက်သည်နှင့် ကိုယ်ဝါသနာပါရာ ကစားဝိုင်းများ ဆီသို့သာ တန်းပြီးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကို မြင်နေရသော မောင်စံတင်မှာ သူဘေးမှ တရုတ်ကြီး အရှောင်ဘက်သို့ ပြုံးဖြီးဖြီးမျက်နှာနှင့် လှမ်းကြည့်လိုက်ပြီး

"ကိုင်း ... ကျုပ်ပြောပါပကော ထောင်ကဲရဲ့ ပွဲစလိုက်ရင် လူတွေ ကျိန်းသေရောက်လာပါလိမ့်မယ်လို့"

"အေး ... နင်ပြောလာမှန်လယ် စံတင်၊ ငါ ကစားဝိုင်းတွေ အမြတ်ငွေ များများရရင် နင့်ကို ငွေတီရာ ဆုချမယ် ... ငွေတီရာ"

လက်ညှိုးတစ်ချောင်းကို ထောင်ကာ တဆတ်ဆတ်လှုပ်ပြရင်း ပြောလိုက်သည့် အရှောင်၏စကားကြောင့် မောင်စံတင်မှာ အကျေနပ်ကြီး ကျေနပ်သွားလေသည်။

ထို့နောက် မောင်စံတင်နှင့် အရှောင်တို့မှာ သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် တီးနေသည့် ဆိုင်းဝိုင်းကြီးအနီးမှနေ၍ ကစားဝိုင်းတွေရှိရာဆီသို့ ထွက်သွားကြလေသည်။

ထိုအခါမှ ကန့်လန့်ကာကြားတွင် ထိုင်နေကြသော ဘိုးစံဖျားနှင့် ဘိုးလေးထွန်းတို့မှာ မောင်စံတင်နှင့် အရှောင်တို့၏ ကျောပြင်ကိုကြည့်ကာ မကျေမနပ်တွေနှင့်

"အဲဒါသာ ကြည့်တော့ ကိုလေးထွန်းရေ ...၊ ခေတ်ကြီးကိုက ငွေရှိရင် အရာရာဖြစ်တယ်လို့ မှတ်နေကြတာကိုးဗျ"

"အေးလေ ... ဟုတ်ပါရဲ့၊ ဒင်းတို့က ကျုပ်တို့သဘင်သည်တွေကို နိုင်းဖတ်လို့ သဘောထားနေကြတာ ထင်ပါရဲ့ဗျာ၊ အင်း .. ခုနေများ ကျုပ်သာ သန်တုန်း၊ မြန်တုန်းဆိုရင် အဲဒီပွဲ လာငှားတဲ့ ဟိုမျိုးမစစ် ကောင်ကို ဒူးနှစ်ဖက်ကြား သူ့ခေါင်းကို ဆွဲညှပ်၊ ပြီးရင် ... ဟော သလို ဟောသလို မေးမေးပြီး ကျောကို ထုပြလိုက်ချင်စမ်းပါဘိဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုလေးထွန်းက ပြောလည်း ပြော သူ့ဒူးနှစ်ဖက်ကိုလည်း ထောင်ထားကာ လက်တစ်ဖက်က တံတောင်နှင့် ထုထောင်းပုံကို လုပ်ပြ၍ နေလေသည်။

အချိန်က တဖြည်းဖြည်း မှောင်မိုက်လာနေသည်နှင့်အမျှ ရှာစားစိန်ဆေးရိုးတို့အဖွဲ့ကလည်း ပရိသတ်ကြီး တဖွဲဖွဲရောက်လာအောင် သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ညည်းခံတီးပေးနေ၏။ ဆိုင်းနောက်ထိုင် နှစ်ဦးမှာလည်း တစ်ခါတစ်ခါ ရှာစားစိန်ဆေးရိုးကို အနားပေးရင်း ရယ်စရာ၊ မောစရာများကို အရွှန်းဖောက်ပြောဆိုပေးနေရ၏။

"ကိုသံခဲရေ ••• ကျုပ်တို့ ကိုဆေးရိုးကြီးရဲ့ လက်သံမပြောင်ပေဘူးလား ••• ဗျ"

"ဟုတ်ပ ••• ကိုငှက်ရိုးရေ •••၊ ဒါပေမဲ့ ကျုပ်တော့ ပတ်မတီးဆရာ ဆရာညိုရဲ့လက်သံလောက် ပြောင်တယ်လို့ကို မထင်ပေါင်ဗျာ"

ဆိုင်းနောက်ထိုင်ကိုသံခဲနှင့် ကိုငှက်ရိုးတို့နှစ်ယောက် အချီအချပြောဆိုပေးနေချိန်မှာတော့ စိန်ဆေးရိုးက သူ့ဆိုင်းဝိုင်းအတွင်းမှ ပတ်လုံးများ၏ ပတ်စာတွေကို လက်မနှင့်တို့လိုက်၊ အသံစမ်းလိုက်ဖြင့် တို့ထိနေကာ လက်တစ်ဖက်ကလည်း ပြောင်းဖူးဖက်လိပ်ကြီးကို မနားတမ်း ဖွာရှိုက်၍ နေလေသည်။

"ဟယ် ••• ဟုတ်မှလည်းပြောစမ်းပါ ကိုသံခဲရာ"

"ဟုတ်သမှ သိပ်ဟုတ် •••၊ ခင်ဗျားကြည့်လေ ••• စိန်ဆေးရိုးကြီးရဲ့မယားက ဒေါင်းတည်မောင်းတည်ရယ် •••၊ ပတ်မတီးဆရာရဲ့ မယားကို ရန်ဖြစ်တိုင်း ပတ်မတီးသလို ကျောနဲ့ရင်ကို



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ညှပ် အထုခံရလွန်းတော့ သူ့ခမျာ ပြားပြားချပ်ချပ်တောင် ဖြစ်နေပါပကော။ ဒါတောင် တစ်ခါတစ်ခါ ဆရာညို လက်သံ ပြောင်ချက်က သူ့မယားရဲ့ ပတ်စာတောင် မနည်းလိုက်ကောက် ရတယ်ဆိုပဲ ... ဗျ"

ထိုသို့ ရယ်စရာမောစရာတွေ ပြောဆိုလိုက်သော်လည်း ဇာတ်စင် ရှေ့မှာ ပွဲကြည့်ဖို့ တဖွဲဖွဲရောက်လာကြသည့် သူတွေကတော့ နှုတ်ဆိတ် ၍ပင် နေကြလေသည်။ တကယ်တော့ ဆိုင်းအဖွဲ့မှ လူတွေမှာ ရယ်စရာ မောစရာတွေကို ရှာရှာဖွေဖွေတွေ ပြောဆိုနေကြသော်လည်း မကြာမီ အချိန်အတွင်း ရင်ဆိုင်ရတော့မည့် ဘေးဆိုးကြီးကိုတော့ ဘယ်သူတစ်ဦး တစ်ယောက်မှ သတိထားမိကြမည် မဟုတ်ချေ။

ထို့နောက် ဆိုင်းနောက်ထိုင် ကိုသံခဲနှင့် ကိုငှက်ရိုးတို့မှာ သီချင်း တစ်ပုဒ်ကို ဆိုကြပြန်လေသည်။ ထိုသီချင်းမှာ ရွှာစားစိန်ဆေးရိုး၏ တစ်ကိုယ်တော် လက်စွမ်းပြတီးရသည့် သီချင်းမျိုးဖြစ်ကာ စည်းနှင့်ဝါး လောက်သာ အရန်သင့် နောက်မှလိုက်ပြီးတီးပေးရသော တီးကွက်မျိုး ဖြစ်၏။

"နမလိုန ...၊ နကြစ့်တစ်ခါ ...၊ ပတ်မထိပလို့ရယ်နဲ့ ... တို့လိုက်ပ့ါဆရာ ...၊ နဲ့ကြီးကိုသာ လက်ကိုင်ကာ အသာချထား ပြီး ...၊ ဝါးလက်ခုပ်ဉာဏ်ဆင်၍ ကြီး(ကြေး) သံလွင် တယ် မရှုပ်နဲ့၊ (ရွှာစားစိန်ဆေးရိုးရေ ...) တစ်ယောက်တည်း လုပ် လိုက်ပ့ါ အစ်ကို့",

"တိန် ဗြောင် ... တိန် ... ဗြောင်"



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဖူးဖက်လိပ်ကြီးကို ပါးစောင်မှာခဲပြီး ခေါင်းမဖော်တမ်း တီးနေသည့် စိန်ဆေးရိုး၏လက်သံက ဖီးတောကွင်းကြီးအတွင်း ဝေ့တိုက်နေသော လေပြည်ထဲတွင် မျောလွင့်လျက်ရှိနေ၏။

ထိုစဉ်မှာပင် ...

အပုပ်နံ့တွေရောပါလာသည့် လေပူတွေက ဖီးတောကွင်းကြီးအတွင်းမှ ဖြတ်တိုက်လာ၏။ တစ်ဆက်တည်းမှာပဲ ခွေးအူသံတွေကလည်း အရပ်ရှစ်မျက်နှာစလုံးက ကြားလာရသလို ထိုအသံတွေက စိန်ဆေးရိုး၏ ဆိုင်းသံနှင့် ရောပြီး ထွက်ပေါ်နေ၏။

"အူး ... ဝူး ... ဝူး ..."

"ဝုတ် ... ဝုတ် ... အူ ... ဝူး"

သို့သော် ...

စိန်ဆေးရိုးနှင့်အတူ ဆိုင်းနောက်ထိုင်နှစ်ယောက်ကတော့ ထိုအပုပ်နံ့တွေနှင့် ခွေးအူသံတွေကို ဘယ်လိုမှသတိမပြုမိကြဘဲ ဆိုမြဲတီးမြဲအတိုင်း ဆက်တီးနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာလိုက် . . .

ကစားဝိုင်းတွေမှာ ထွန်းညှိထားသော အောက်လင်းမီးတွေအပြင် ဇာတ်စင်နှင့် ဆိုင်းဝိုင်းတွေဆီမှာ ထွန်းညှိထားသော အောက်လင်းမီးတွေ အားလုံး ဖြုန်းခနဲ ငြိမ်းသွား၏။

"ဟင်"

"ဟာ . . . ဘယ်နှယ့်ဖြစ်ပြီး မီးတွေက ငြိမ်းသွားကြတာလဲ"

ဇာတ်စင်ပေါ်မှ လူတချို့နှင့် ဆိုင်းသမားတချို့မှာ ရုတ်တရက် ဆိုသလို အမှောင်ကျသွားသည့် ပတ်ဝန်းကျင်ကြီးကို ကြည့်ကာ တစ်ယောက်တစ်ပေါက်တွေနှင့် ပိုင်းအော်လိုက်လေသည်။

သို့သော် . . .

အဆိုသမားနှစ်ယောက်က သီချင်းကို ဆက်ဆိုနေကြသည်ဖြစ်ရာ စိန်ဆေးရိုးမှာ မရပ်မနား ဆက်၍တီးနေရလေသည်။

ထိုစဉ် . . .

"ဟင် . . ."

မည်းမည်းမှောင်နေသည့် ဆိုင်းဝိုင်းကြီးအတွင်း ကိုဆေးရိုး တီးနေသည့် ပတ်လုံးတွေပေါ်မှာ အခြားလက်တစ်ဖက်က လိုက်တီးနေသလို လက်ချင်း ထိမိနေလေသည်။

ထို ကြမ်းရှရှ မာကျောကျောလက်ကြီးက ကိုဆေးရိုးတီးမည့် ပတ်လုံးပေါ် ရှေ့မှကြိုပြီးတီးနှင့်နေရာ သူ့လက်နှင့် အုပ်မိထိမိနေသဖြင့် ဆိုင်းသံက တစ်ချက်တီးလိုက်တိုင်း အသံနှစ်သံထွက်ပေါ်နေ၏။

"ဟင် . . . ဒါ . . . ဒါဘယ်သူ့လက်တွေလဲ"


www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးနှင့်အတူ ကိုဆေးရိုး၏ ခေါင်းနပန်းတွေက ရှုတ်တရက် ကြီးသွားကာ တအံ့တသြနှင့် ဖြစ်နေမိ၏။ သို့သော် သူ့လက်တွေက တော့ ပတ်လုံးများပေါ်မှာ ရှေ့ကကြိုပြီးတီးနှင့်နေသော လက်ကြီးတွေကို အမိအရဖမ်းဆုပ်ဖို့ ကြိုးစားနေမိ၏။

ထိုအချိန်မှာပဲ ဆိုင်းနောက်ထိုင်နှစ်ဦးက တစ်ကြိမ်တစ်ခါမှ မကြား ဖူးသေးသည့် ဆိုင်းဆရာ ကိုဆေးရိုး၏ ထူးထူးခြားခြားလက်သံကို အံ့သြဘနန်း ချီးကျူးပြောဆိုလိုက်ကြသည်။

"ဒီလောက် စည်းနဲ့ဝါးကြားမှာ ဆယ့်နှစ်လုံးပြည့် လက်ပေါက် စေ့စေ့ တီးနိုင်တဲ့ ကိုဆေးရိုးရဲ့လက်သံကတော့ ရှားမှရှားပဲ ကိုသံခဲရေ"

"ဟုတ်ပ့ါ ကိုငှက်ရိုးရေ . . . ကြည့်စမ်းပါဦးဗျာ . . .၊ လက်ပေါက် စိပ်ရုံတင်ဘယ်ကမလဲဗျ . . .၊ ပါးစပ်ထဲက ဆေးလိပ်တောင် မီး တရဲရဲနဲ့ အမွှာမပျက်ဘဲ တီးပြနိုင်တာ ပိုတောင် အံ့သြဖို့ကောင်းနေ ပါရော့လား"

ကိုဆေးရိုးမှာ ဆိုင်းနောက်ထိုင် ကိုသံခဲ၏စကားကြောင့် ပိုပြီး သံသယတွေ ဖြစ်မိသွား၏။ တကယ်တော့ သူ့ပါးစောင်မှာ ခဲထားသည့် ပြောင်းဖူးဖက်လိပ်ကြီးက ခပ်စောစောကတည်းက မီးသေနေသည်ကို သူသာလျှင် အသိဆုံးဖြစ်နေလေသည်။

"အလို . . . ဘုရား . . . ဘုရား . . . ဒါဘယ်လိုမှ မရိုးသားတော့တာ အမှန်ပဲ"

ထိုအတွေးနှင့်အတူ ရှာစားစိန်ဆေးရိုး၏တစ်ကိုယ်လုံး ဖောခနဲဖြစ် လာ၏။ တစ်ချိန်တည်းမှာပင် မည်းမှောင်နေသော ဆိုင်းဝိုင်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com

အကြိမ်ကြိမ်အခါခါ ထိမိနေသည့် လက်ကြမ်းကြီးတွေကြောင့် သူ့လက်တွေကို ပတ်လုံးများပေါ်မှ သိမ်းနုတ်ကာ ရုတ်တရက် အတီးရပ်လိုက်လေ၏။

ထိုသို့ရပ်လိုက်ပြီးသည်နှင့် ကိုဆေးရိုးမှာ သူ့အင်္ကျီအိတ်ကပ်ထဲမှ သစ်သားမီးခြစ်ကို ကမန်းကတန်းထုတ်ယူခြစ်လိုက်ပြီး စောစောကတီးနေသည့် လက်ကြမ်းကြီးကို ထိတ်ထိတ်ပျာပျာနှင့် ရှာဖွေကြည့်လိုက်လေသည်။

သို့သော် ...

ဆိုင်းဝိုင်းကြီးအတွင်းမှာတော့ ဘာကိုမှ မတွေ့ရ။

"ဟင်"

ပါးစပ်အဟောင်းသားနှင့် ကြက်သေသေနေမိသော စိန်ဆေးရိုးမှာ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်းထသွားကာ ကြောက်စိတ်ကြောင့် နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်ခါနေ၏။ ထို့နောက် မီးသေနေသော ပြောင်းဖူးဖက်လိပ်ကြီးကို မီးညှိလိုက်ပြီး မင်းပေါက်မှနေ၍ ဆိုင်းဝိုင်းအပြင်သို့ ချောက်ချားတုန်လှုပ်နေသော ခြေလှမ်းတွေနှင့် ငုံ့ထွက်လာလေသည်။

ထိုအချိန်မှာပဲ စိန်ဆေးရိုး၏အဖွဲ့မှ အတီးသမားအချို့နှင့် ဆိုင်းနောက်ထိုင်တွေက ဘာမှန်းညာမှန်းမသိကြဘဲ တစ်ယောက်တစ်ပေါက်ဝိုင်းပြီး ချီးကျူးပြောဆိုလိုက်ကြသည်။

"ဆေးလိပ်မီးတရဲရဲဖွာရင်း ဒီလိုတွဲလုံးစိပ်စိပ်လှလှလေးတွေ အံ့သြပါရဲ့ဗျာ၊ ကျုပ်တစ်သက်နဲ့တစ်ကိုယ် ဘယ်ဆိုင်းဆရာမှ ဒီလောက်လက်ပေါက်စိပ်အောင်တီးတာ မကြားဖူးဘူး"

www.burmeseclassic.com



"အေးဗျာ . . . ၊ ကျုပ်လည်း ဒီဇာတ်ထဲရောက်တာ ဆယ်နှစ်ကျော်ပြီ။ ကိုဆေးရိုးကြီး ဆေးလိပ်ဖွာမပျက်ဘဲ ပတ်လုံးတွေကို လျှပ်စီးလက်သလို တီးသွားတာ ဒီတစ်ခါပဲ မြင်ဖူးတယ်ဗျို့"

ရှာစားစိန်ဆေးရိုးကတော့ သူတီးနေစဉ်တစ်လျှောက်လုံး ပါးစပ်ထဲမှာ ခဲထားသည့်ပြောင်းဖူးဖက်လိပ်ကြီးက မီးသေနေသည်ကို သူသာလျှင် အသိဆုံးဖြစ်ပြီး ဆိုင်းဝိုင်းကြီးအတွင်း ကြမ်းရှရှလက်ကြီးတွေနှင့် ထိမိ အုပ်မိရင်း တီးနေရသည့် အဖြစ်တွေကိုလည်း သူမှလွဲ၍ ဘယ်သူမှ သိနိုင်မှာ မဟုတ်ချေ။

ဒီအကြောင်းတွေကို သူ့အဖွဲ့သားများအား ပြန်ပြောပြရင် ကောင်းမလား၊ မပြောရင် ကောင်းမည်လားဆိုသည်ကို ချိတုံချတုံနှင့် ဝေခွဲမရဖြစ်နေကာ တွေးလိုက်တိုင်း ကျောရိုးထဲက စိမ့်ခနဲဖြစ်သွားပြီး ပါးစပ်ကိုသာ တင်းတင်းစေ့ထားမိလိုက်တော့၏။

ရုတ်တရက် အမှောင်ကျသွားသော ပွဲခင်းကြီးတစ်ခုလုံးမှာလည်း ဘယ်သူ့ရေ၊ ဘယ်ဝါရေဟု အော်ဟစ်ခေါ်နေသည့် အသံတွေ၊ မမြင်မစမ်းနှင့် တစ်ယောက်ကိုတစ်ယောက် ဝင်တိုက်မိသည့်အသံတွေနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

ထိုသို့ဖြစ်နေစဉ် မောင်စံတင်နှင့် တရုတ်ကြီးအရှောင်တို့က မည်းမှောင်နေသော ဇာတ်စင်ရှိရာသို့ ရောက်လာကြပြီး အောက်လင်းမီးကြီးတွေကို ပြန်ပြီး ထွန်းညှိခိုင်းလိုက်လေရာ တစ်ခဏအတွင်းမှာပင် ပွဲခင်းကြီးတစ်ခုလုံး မီးတွေ ထိန်ထိန်လင်းသွားတော့၏။ ဒါ့အပြင် ဆိုင်းဝိုင်းနှင့်ဇာတ်စင်ဘေးပတ်ပတ်လည်မှာလည်း ကညင်ဆီမီးတိုင်ကြီးတွေကို ထွန်းပေးရာ မီးခိုးတလူလူနှင့် ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . . .

ဇာတ်ဆရာ တိုင်းချစ်ရွှေမြားတို့အဖွဲ့ကြီးမှာ ဇာတ်စင်ရှိရာသို့ ပြန်ရောက်လာကြ၏။ သူတို့၏ မျက်နှာတွေကလည်း တစ်စုံတစ်ရာကို သွေးပျက်ကြောက်ရွံ့နေကြသလို မျက်လုံးမျက်ဆန်ကြောင်ကြီးနှင့် ဖြစ်နေကြ၏။ ထိုအထဲမှ မင်းသမီးမငွေခင်တို့ မိန်းကလေးများ အဖွဲ့မှာ ကြောက်စိတ်ကြောင့် ဟန်ပင်မဆောင်နိုင်ကြတော့ဘဲ ရှိုက်ကြီးတငင်ဖြင့် ငိုသူက ငို . . .၊ သောက်ရေအိုးထဲမှ ရေကို အလုအယက် သောက်သူက သောက်နှင့် ကမူးရှူးထိုးတွေ ဖြစ်လာကြသည်။

ဇာတ်ဆရာ ဦးရွှေမြားက ဇာတ်စင်အနီးသို့ ရောက်သည်နှင့် ခြောက်ကပ်ကပ်ကွဲရှသော အသံကြီးဖြင့်

"ငါတို့တော့ . . . ဒီမှာဆက်ပြီး ကဖို့ ဟန်မှဟန်ပါ့မလားမသိဘူးဟေ့"

ဟုဆိုကာ ဇာတ်စင်မှာကျန်ရစ်ခဲ့ကြသည့် သူ့အဖွဲ့သားတို့ကို ခရီးရောက်မဆိုက် လှမ်းပြောလိုက်လေသည်။ ထိုသို့ ဇာတ်ဆရာက သူတို့တွေ့ကြုံလာခဲ့ရသည့် အဖြစ်အပျက်များကိုပြန်ပြောရန် စကားစလိုက်သည့်အချိန်မှာပင် မလှမ်းမကမ်းမှာ ရှိနေသည့် မောင်စံတင်က အရက်မူးနေသည့်အသံကြီးဖြင့်

"ဒီမှာဇာတ်ဆရာ . . .၊ ခင်ဗျားတို့ ဘယ်လိုလုပ်တာလဲ၊ ကျုပ်က ခင်ဗျားတို့ဇာတ်အဖွဲ့ကို ပွဲကဖို့ ပိုက်ဆံပေးပြီး ငှားထားတာဗျ၊ ရွာတကာလည်ပြီး ထမင်းလိုက်စားဖို့ ငှားထားတာမဟုတ်ဘူး၊ အခုဘယ်အချိန်ရှိပြီလဲ . . .၊ ပွဲမစကြသေးဘူးလား . . . ခင်ဗျားတို့ လုပ်ပုံတွေက မဟုတ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



မောက်မာရိုင်းစိုင်းသော မောင်စံတင်၏စကားတွေကြောင့် တိုင်းချစ်ရွှေမြှားမှာ အနည်းငယ်ဒေါသထွက်သွားသော်လည်း ယူထားပြီးသား ငွေစတွေက ဟိုတစ်စ သည်တစ်စ ငွေခေါင်းကွဲနေပြီဖြစ်ရာ အခက်တွေ့နေ၏။

ထို့နောက် တိုင်းချစ်ရွှေမြှားက ဒေါသကြောင့် ပျက်နေသည့် သူ့အမူအရာတွေကို ဟန်ဆောင်သိမ်းဆည်းလိုက်ပြီး

"ဒီ . . . ဒီလိုပါ ကိုစံတင်၊ ကျုပ်တို့အဖွဲ့ကြီး ရွာထဲမှာ ထမင်းစားသွားကြတာကလည်း . . ."

"တော်စမ်းပျာ၊ ကျုပ် ဘာမှ မကြားချင်ဘူး။ အခုချက်ချင်း ပွဲစဖို့ ပြင်ပေတော့ . . .၊ ဒါပဲ"

လက်ညှိုးငေါက်ငေါက်ထိုးကာ ရင့်ရင့်သီးသီးစကား ပြောပြီးသည်နှင့် မောင်စံတင်က ဇာတ်စင်အနီးမှ လှည့်ထွက်သွား၏။ ဦးရွှေမြှားမှာလည်း ဘယ်လိုမှပြန်မပြောသာဘဲ မောင်စံတင်၏ ကျောပြင်ကို ကြည့်ကာ အံကို တင်းတင်းစေ့ကြိတ်ထားလေသည်။

ထို့နောက် ဦးရွှေမြှားက . . .

"တောက် . . .၊ မိုက်ရိုင်းလိုက်တဲ့ကောင်ကွာ . . .၊ ကိုင်းဟေ့၊ ပွဲထွက်ရအောင် အပျိုတော်တွေအဖွဲ့ အသင့်ပြင်ကြ၊ ပြီးရင် တောကျော် အသင့်ပြင်ထား တစ်ခါတည်း ဆက်ထွက်မယ်"

ဟု ဆိုလိုက်လေရာ ဇာတ်သူဇာတ်သားတွေမှာလည်း ချက်ချင်းပင် အဝတ်လဲသူက လဲ၊ ဖြီးလိမ်းသည့်သူက လိမ်းနှင့် ရှုတ်ရှုတ်သဲသဲတွေ ဖြစ်ကုန်ကြ၏။ ထိုသို့ အားလုံးလှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြသည်နှင့် ကားဆွဲ တေတ်ဖြိုးကလည်း သူတာဝန်ကျရာ ပုဏ္ဏားကွယ်ထောင့်မှ ကားဆွဲကြိုးရှိရာသို့ ပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေမှာပင် တစ်ချိန်လုံး စိတ်ကသောကကယက် ဖြစ်နေသည့် ရှာစားစိန်ဆေးရိုးက ဇာတ်ဆရာ တိုင်းချစ်ရွှေမြှား၏အနား သို့ တိုးကပ်လာပြီး ..

"အုပ်ကြီး ... ကျုပ်တစ်ခုပြော ... ပြောပါရစေ"

ဟုဆိုကာ အထစ်ထစ်အငေါ့အငေါ့ စကားစမည်အပြုတွင် စံတင်၏ အအော် အငေါက်ကို ခံထားရသော ဦးရွှေမြှားက စိတ်တိုတိုနှင့် ပြန်ပြီး ကြိမ်းမောင်းလိုက်၏။

"ဟေ့လူ ... ပွဲစမယ်လို့ ကျုပ်ပြောနေတာ မကြားဘူးလား"

"မဟုတ်ပါဘူး အုပ်ကြီးရယ်၊ ကျုပ်စောစောက ထူးခြားတာလေး တစ်ခု ..."

ရှာစား စိန်ဆေးရိုးကလည်း လက်မလျှော့။ ဦးရွှေမြှား ဒေါသ ထွက်နေသည့်ကြားက သူစောစောက တွေ့ကြုံလိုက်ရသော ဆိုင်းဝိုင်း အတွင်းမှ လက်ကြီးအကြောင်းကို အတင်းလုပြောဖို့ ကြိုးစားနေပြန် သည်။ ထိုအချိန်မှာပင် ဇာတ်ဆရာ တိုင်းချစ်ရွှေမြှားက မျက်မှောင်ကြီး ကျုံ့ကာ လေသံကိုမြှင့်ပြီး

"ဟေ့လူ ... ထူးခြားတာတွေ ဘာတွေလုပ်မနေနဲ့၊ အခု ချက်ချင်း တီးဖို့ပြင် ... ဒါပဲ"

ဟု အော်ငေါက်လိုက်လေရာ ရှာစား စိန်ဆေးရိုးမှာ ဘာတစ်ခွန်းမှ ဆက်ပြီး မပြောဝံ့တော့ဘဲ ဒေါသထွက်နေသော ဦးရွှေမြှားအနီးမှနေ၍ ဆိုင်းဝိုင်းကြီးရှိရာဆီသို့ လှည့်ထွက်လာခဲ့လေသည်။

ထိုနေရာ၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် ဇာတ်ဆရာ ဦးရွှေမြှားက သက်ပြင်းကို လေးလေးပင်ပင်ကြီးချကာ အောက်လင်း



www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်တွေ ထိန်နေအောင်ထွန်းညှိထားသော ဇာတ်စင်ကြီးပေါ်သို့ တစ်လှမ်းချင်းတက်သွားပြီး ပွဲခင်းရှိရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

သူလှမ်းမြင်လိုက်ရသည့် ပွဲခင်းကြီးအတွင်းမှာတော့ ဟိုတစ်စု သည်တစ်စုနှင့် မှောင်ရိပ်ထဲမှာသွားလာနေကြသော ပရိသတ်များကို တွေ့လိုက်ရ၏။ ဒါ့အပြင် ထိုမြင်ကွင်းကလည်း ထူးထူးခြားခြား ပွဲခင်း တစ်ခုနှင့်မတူအောင် အသံတွေက တိတ်ဆိတ်လွန်းနေကာ ဆိုင်းဝိုင်း ဆီမှ ပတ်စမ်းသံ၊ နဲ့သံနှင့် ဟိုးခပ်ဝေးဝေးရှိ လောင်းကစားဝိုင်းတွေ ဆီမှ လူခေါ်နေသံတို့လွဲလျှင် ပရိသတ်၏အသံကို မကြားရသလောက်ပင် ဖြစ်နေလေသည်။

ယုတ်စွအဆုံး ပွဲခင်းကြီးအတွင်း ရယ်သံမောသံတွေတောင် မကြား ရသည့်အတွက်ကြောင့် ပွဲကြည့်လာကြသည့် ပရိသတ်တွေနှင့်မတူဘဲ တစ်စုံတစ်ခုကို လျှို့လျှို့ဝှက်ဝှက် အငိုက်ဖမ်းလုပ်ကြံဖို့ ကောက်ကျစ်စွာ စောင့်ဆိုင်းနေသူများနှင့်ပင် တူနေတော့သည်။

ပြီးတော့ . . .

ထိုမှောင်ရိပ်ထဲမှ လူတွေမှာလည်း ဇီးတောကွင်းကြီးအတွင်း ဖြတ်လျှောက်လာခဲ့စဉ်တုန်းက သူတို့နှင့်မျက်နှာချင်းဆိုင်ဆုံခဲ့ရသည့်လူ တွေများ ပါနေဦးမလားဆိုသည့်အတွေးကို ဦးရွှေမြားတစ်ယောက် ချောက်ချောက်ချားချားဖြင့် တွေးနေမိလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ကညင်ဆီမီးတိုင်များဆီမှ ထွက်ပေါ်နေသော ညှော်နံ့တွေနှင့် မီးခိုးငွေ့တွေ တလူလူဝေ့ဝဲနေသော ပွဲခင်းကြီးအတွင်းမှာ ကစားဝိုင်းတွေက ဟိုနားစုစု၊ သည်နားစုစုနှင့်သာ ရှိနေ၏။ ထိုကစားဝိုင်းများမှ ဒိုင်တွေကလည်း ထိုးသားတွေ ရောက်လာကြဖို့ အမျိုးမျိုးအော်ဟစ်ပြီး ခေါ်နေကြရာ အသံတွေပင် ပြာလုလုဖြစ်နေကြသည်။

ထိုမြင်ကွင်းကို မြင်နေရသော ပွဲကန့်ထရိုက် တရုတ်ကြီးအရှောင်မှာ လွန်စွာမှ မျက်စိမျက်နှာပျက်၍ နေလေသည်။ ဒါကို ရိပ်မိသော မောင်စံတင်က



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း စိုးရိမ်မနေပါနဲ့ ထောင်ကဲရဲ့၊ အခုမှပွဲက ပထမညပဲ ရှိပါသေးတယ်၊ နောက်ထပ် နှစ်ညကြီးများတောင် ကျန်ပါသေးတယ်ဗျ။ ဟင်း. . . ဟင်း၊ ပြီးတော့ ဟောဒီအနီးအနားက ရွာတွေကလည်း ဇာတ်ပွဲရှိတာကို မသိကြသေးလို့ပါ။ နောက်ရက်တွေကျ သူ့အလိုလို ရောက်လာကြပါလိမ့်မယ်"

ဟု နှစ်သိမ့်စကားတွေ အမျိုးမျိုးပြောကာ ဖျောင်းဖျ၍နေလေသည်။ သို့သော. . . တရုတ်ကြီးအရှောင်ကတော့ ပါးစပ်က စုတ်တသပ်သပ်နှင့် တည္ညည်းညည်း တညူညူ ဖြစ်နေ၏။

မောင်စံတင်က ပွဲကန်ထရိုက်အရှောင် စိတ်ပြောင်းသွားအောင် လမ်းကြောင်းလွှဲသည့်သဘောဖြင့်. . .

"လာဗျာ၊ ဇာတ်အဖွဲ့က မင်းသမီးတွေ အလှပြင်နေတဲ့နေရာကို သွားကြည့်ကြရအောင်။ မင်းသမီး အချောအလှလေးတွေ တွေ့တော့လည်း မိတ်လေးဘာလေး ဖွဲ့ရတာပေါ့"

ဟုဆိုကာ ရင်ကွဲဖရုပ်အိုကြီးပေါ်မှာ စတည်းချနေသည့် ဇာတ်အဖွဲ့ကြီးရှိရာသို့ အရှောင့်ကို ဆွဲခေါ်သွားလေသည်။ တရုတ်ကြီးအရှောင်မှာလည်း မိန်းမတွေ အဝတ်အစားလဲ၊ ဖြီးလိမ်းပြင်ဆင်နေသည့်နေရာကို နှစ်ခါပင် မခေါ်ရဘဲ ပြုံးဖြီးဖြီးမျက်နှာနှင့် လိုက်ပါလာလေသည်။

မောင်စံတင်က အရှောင်၏အရိပ်အကဲကို သိလိုက်ရသည်နှင့် လက်ညှိုးနှင့် လက်မကို ထိကာ ဝိုင်းပြလိုက်ရင်း. . .

"ဒီမှာထောင်ကဲ. . . ဒါရှိရင် မိတ်ဖွဲ့ရုံတင်ဘယ်ကမလဲ၊ ဘာမဆိုဖြစ်ကိုဖြစ်စေရမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အရှောင်က ဒီလိုကိစ္စမျိုးမှာ အစကတည်းက အကျွမ်းတဝင်ရှိသူဖြစ်ပြီး သူကိုယ်တိုင်ကလည်း ဇာတ်အဖွဲ့ထဲမှ မင်းသမီးတစ်လက်ကို ခြေတော်တင်ဘဝနှင့် ထားခဲ့ဖူးလေရာ မောင်စံတင်၏ ရေလာမြောင်းပေးစကားကြောင့်

"ကောင်းလယ် ... ကောင်းလယ်၊ အဲဒီအထဲက မင်းသမီး ချောချောလေး တီယောက်ယောက်နဲ့ ငါ့ကို ဖြစ်အောင်လုပ်ပေး ဖြစ်ရင် နင့်ကို ဘောက်ဆူးများများပေးမယ်"

မောင်စံတင်ကလည်း အရှောင်၏ အဆီတဝင်းဝင်းဖြစ်နေသော မျက်နှာကြီးကိုကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်ပြီး သဘောတူလိုက်၏။

သို့နှင့် မောင်စံတင်တို့နှစ်ယောက်မှာ ရင်ကွဲဇရပ်အိုကြီး ဘေးမှ ပတ်ကာ ဖြီးလိမ်းပြင်ဆင်နေကြသည့် မင်းသမီးများကို ချောင်းမြောင်းကြည့်ရန် တဖြည်းဖြည်း ချဉ်းကပ်လာကြလေသည်။

ဇာတ်စင်ပေါ်တွင်ကား အပျိုတော်အဖွဲ့က ပွဲစထွက်နေကာ ဆိုင်းသံကလည်း တကျိမ်းကျိမ်းနှင့် အပျိုတော်နတ်ချင်းကို မြိုင်မြိုင်ဆိုင်ဆိုင် ကြီး တီးပေးနေ၏။

"အတူလေးရယ်တဲ့ ... ယှဉ်ကာပြိုင် ယှဉ်ကာပြိုင် ... ပန်းမွှေ့ ရာ ... ရွှေကော်ဖော ရောနှောလို့ထိုင် ... ဖျိုတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင် နှင်းဆီခိုင် ... ခွင်လုံးပိုင်ပါတဲ့ .. စင်တော်သား .. ဝေးရာက ရှား ..."

စံတင်နှင့် အရှောင်တို့မှာ ပခုက္ကူစောင်ကြားကြီးတွေ ခြုံပြီး ကာရံထားသည့် ယိမ်းသမများ၏ ယာယီအခန်းအနီးသို့ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်မျက်နှာကို တစ်ယောက် အချက်ပြသလိုနှင့် ကြည့်လိုက်ကြ၏။ တကယ်တော့ သူတို့တိတ်တဆိတ် ချောင်းမြောင်းကြည့်ရန် ကြံစည်နေသော အခန်းအတွင်းမှ ယိမ်းသမက ဇာတ်စင်ပေါ်တွင် အပျိုတော် ယိမ်းထွက်နေသည်ကိုမူ သူတို့နှစ်ယောက် လုံးဝမသိပေ။

ပခုက္ကူစောင်ကြားကြီးကို လက်နှင့်အသာ ဆွဲမလှန်ရင်း ချောင်းမြောင်းကြည့်လိုက်ကြလေရာ လူမရှိသည့် အခန်းငယ်ထဲတွင် ဆံပင်ဖားလျားချလျက် ကျောခိုင်းပြီးထိုင်နေသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုစဉ် . . .

သူတို့နှစ်ယောက် ချောင်းမြောင်းပြီး ကြည့်နေကြသည်ကို ရိပ်မိသွားသော ဆံပင်ဖားလျားလျားနှင့် မိန်းမက နောက်သို့ လည်ပြန်စောင်းငဲ့ပြီး လှည့်ကြည့်လိုက်လေရာ . . .

"ဟင် . . ."

"ဟာ . . ."

ထိုမိန်းမနှင့် ရုတ်တရက်မျက်လုံးချင်းဆုံမိသွားသော မောင်စံတင်နှင့် တရုတ်ကြီးအရှောင်တို့မှာ လန့်ပြီးမအော်လိုက်မိအောင် သူတို့ပါးစပ်တွေကို လက်ဖြင့် ယောင်ယမ်းပြီး အုပ်မိလိုက်ကြ၏။

ထိုဆံပင်ဖားလျားနှင့် မိန်းမ၏ မျက်နှာပေါ်မှာတော့ ခွက်ဝင်နေသော ကျောက်ပေါက်မာကြီးတွေက မြင်မကောင်းအောင် ရှိနေပြီး ထိုကျောက်ပေါက်မာအခွက်ကြီးများပေါ်မှာ မိတ်ကပ်နီနီတွေကို ထူလပျစ်ကြီး လိမ်းကျံထားလေသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပဲ စံတင်နှင့် အရှောင်တို့၏ ခြေထောက်တွေက နောက်သို့ သုံးလေးလှမ်းပင် လှမ်းဆုတ်လိုက်မိကြ၏။ သူတို့စိတ်ထဲမှာလည်း ထိုအချိန်အထိ သာမန်အကျည်းတန် ဇာတ်သမတစ်ယောက်ဖြီးလိမ်းပြီးထိုင်နေသည်ဟုသာ သာမန်ကာရှုန်ကာ အောက်မေ့လိုက်မိကြကာ အထိတ်တလန့်ဖြစ်သွားသော စိတ်ကြောင့် လက်ထဲမှ ဘရန်ဒီအရက်ကို တစ်မော့ နှစ်မော့စီ မော့သောက်လိုက်ကြ၏။

အရှောင်က နဖူးပေါ်မှစီးကျလာသည့် ချွေးတွေကို လက်ဖြင့် သပ်ချလိုက်ရင်း . . .

"ဟူး . . . တော်တော်ရုပ်ဆိုးလယ့် မင်းသမီးပါလား။ အဲဒီလိုရုပ်မျိုးနဲ့တော့ နင် ငါ့ကို မိတ်မဆက်ပေးပါနဲ့ စံတင်ရာ"

အရှောင်၏ စကားကို တစ်ခွန်းတလေမှ ပြန်မပြောမိသော်လည်း စံတင်၏စိတ်ထဲမှာတော့ စောစောက ဆံပင်ဖားလျားနှင့် မိန်းမ၏ မျက်နှာကြီးကို အနည်းငယ်သံသယဝင်ပြီး ကြောက်စိတ်တွေ ဖြစ်ပေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စံတင်နှင့် အရှောင်တို့မှာ ခြေသံဖွဖွနင်းရင်း ရင်ကွဲဖရုပ်အိုကြီး၏ နောက်ဖက်ဆီသို့ ဆက်ပြီးလျှောက်လာကြလေသည်။

သူတို့နှစ်ယောက် တိတ်တဆိတ်လျှောက်လာရာ ဖရုပ်အို၏ နောက်ဘက်မှာလည်း မီးရောင်နှင့်ဝေးနေသဖြင့် ခပ်မှောင်မှောင်ပင် ဖြစ်နေလေရာ မြင်ကွင်းတွေက ပိုးတဝါးနေ၏။ ဒီကြားထဲ ဇာတ်အဖွဲ့မှ ဇာတ်ဆရာ ဒါမှမဟုတ် ယောက်ျားသားတစ်ယောက်ကများ ယခုကဲ့သို့ မင်းသမီးတွေကို လာပြီးချောင်းမြောင်းနေကြသည်ကို တွေ့မိသွားလျှင် သိက္ခာကျမည်စိုးသဖြင့် အမှောင်ရိပ်ကို ခိုကာ ပုန်းလျှိုးကွယ်လျှိုးဖြင့် လာနေရ၏။

ထိုစဉ်...

''အီး...ဟီး...ဟီး...ဟင့်...ဟင့်...''

''အဟင့်... အဟင့်''

ရုတ်တရက်ကြားလိုက်ရသည့် ငိုရှိုက်သံကြောင့် သူတို့နှစ်ယောက်၏ ခြေလှမ်းတွေက အလိုလိုပင်ရပ်တန့်သွား၏။ ထိုအသံကလည်း မိန်းမတစ်ယောက် ငိုရှိုက်နေသည့်အသံဖြစ်ရာ စံတင်နှင့် အရှောင်တို့က အသံလာရာဆီသို့ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် လှည့်ပတ် ရှာဖွေကြည့်လိုက်ကြ၏။

''အီး...ဟီး...ဟီး...ရွတ်''

''အဟင့်...ဟင့်...ဟင့်''



www.burmeseclassic.com

www.burmeseclassic.com



ငိုသံကြီးကို သူတို့ နောက်တစ်ကြိမ် ထပ်ပြီး ကြားလိုက်ရပြန်၏။

ဒီတစ်ခါ ကြားလိုက်ရသည့်အသံက သူတို့နှင့်မလှမ်းမကမ်းမှာ တစ်ပင်နှင့် တစ်ပင် ယှက်ဖြာပြီးပေါက်နေကြသည့် လက်ပံပင်၊ ဇီးပင်၊ ကုက္ကိုပင်ကြီးများ ကြားမှဖြစ်၏။

ထိုသို့ အဆက်မပြတ်ကြားနေရသည့် ငိုသံကြောင့် စံတင်နှင့် အရှောင်တို့မှာ နဂိုကတည်းက အရိုင်းစိတ်နှင့် သားကောင်ကို ချောင်းမြောင်းနေကြသူများဖြစ်ရာ ဘာကိုမှ တွေးတောမနေကြတော့ဘဲ ထို အသံကြားရာဆီသို့ အတင်းတိုးဝင်ပြီး သွားကြ၏။

သစ်ပင်ကြီးများပေါ်မှ တွဲလျားကျနေသည့် နွယ်ကြိုးကြီးတွေက တစ်ပင်နှင့်တစ်ပင် လိမ်ယှက်နေကြကာ ဇီးပင်ပေါ်မှဆူးကြီးတွေက သားရဲတစ်ကောင်၏အစွယ်တွေလို ထိုးထိုးထောင်ထောင်နှင့် ဖြစ်နေကြသည်။

ထိုနေရာသို့ရောက်ကာမှ ရှိုက်ကာရှိုက်ကာ ဆင့်ဆင့်ပြီးငိုနေသည့် အသံကို ပိုပြီးကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရသည်။

"အီး . . . ဟီး . . . ဟီး . . . "

စံတင်နှင့်အရှောင်တို့မှာ ထိုအသံလာရာဆီသို့ ပြိုင်တူကြည့်လိုက်ကြလေရာ . . .

"ဟင် . . . "

အပင်မြင့်မြင့်ကြီးပေါ်မှ ရှုပ်ရှုပ်ထွေးထွေး လိမ်ယှက်ပြီးကျလာသည့် နွယ်ကြိုးကြီးတွေက အောက်ခြေသို့ ရောက်ကာမှ လေမတိုက်ပါဘဲ အချင်းချင်းပွတ်တိုက်ပြီး လူတစ်ယောက် ငိုရှိုက်နေသလို အသံပီပီသသ ကြီး ထွက်ပေါ်နေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ... ဘယ်နှယ့်၊ နွယ်ကြိုးတွေ အချင်းချင်းပွတ်တိုက်ပြီး မြည်နေတဲ့အသံက မိန်းမတစ်ယောက်ငိုနေတဲ့ အသံနဲ့ တစ်ထေရာတည်း တူနေရတာလဲ ...''

ထိုအခါမှ စံတင်နှင့်အရှောင်တို့မှာ တအံ့တဩ မှင်တက် သွားမိကြ၏။ သူတို့ထင်ထားသလို မိန်းကလေးတစ်ယောက်၏ အသံမဟုတ်မှန်း သိလိုက်သည်နှင့် စံတင်က လွယ်အိတ်ထဲတွင် အသင့်ဆောင်ထားသော ဓားမြှောင်ကိုထုတ်ကာ အနီးမှ အချင်းချင်းပွတ်တိုက်နေသည့် နွယ်ကြိုးကြီးကို စိတ်လိုက်မာန်ပါနှင့် ခုတ်ထစ်လိုက်လေသည်။

''ကဲ ... ကွာ ... ကဲကွာ''

''ဒုတ် ...''

''ဒုတ် ... ဒုတ်''

လေးငါးခြောက်ချက်ထက် မနည်းခုတ်ထစ်လိုက်ရသည့် နွယ်ကြိုးကြီးမှာ ပြတ်လုပြတ်ခင်ဖြစ်သွားပြီး စောစောက ကြားနေရသော ငိုသံကလည်း လုံးဝပင် တိတ်ဆိတ်သွား၏။

ထိုအချိန်မှာပင် ဇရပ်နောက်ပေါက်မှ အုလျားဖားလျားနှင့် ပြေးဆင်းလာသော မင်းသမီးတစ်ယောက်ကို တွေ့လိုက်ကြရသည်။ ထိုမင်းသမီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဗလာထဘီစကို လက်နှစ်ဖက်ဖြင့် ဒူးအစပ်ထိမှ တင်ထားလျက် ဆံပင်ဖားလျားကြီးကိုလည်း မဖြီးမသင်ဘဲ ကျောပေါ်ဝဲချထားကာ ကသုတ်ကရက်ပင် ဖရုပ်နောက်မှ သစ်ပင်ချုံနွယ်ကြားသို့ ပြေးဝင်သွား၏။

တရုတ်ကြီးအရှောင်က ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် သူ့ခေါင်းမှ စံတင်ကို လက်ကုတ်ခေါ်လိုက်ပြီး ထိုမင်းသမီးပြေးဆင်းသွားရာနောက်သို့ အပြေးတစ်ပိုင်းနှင့် လိုက်ကြ၏။

သို့သော် မည်းမှောင်နေသော သစ်ပင်ခြုံနွယ်တွေကြားသို့ တိုးဝင်သွားသည့်မင်းသမီးမှာ သူတို့မျက်စိရှေ့တင် ဘယ်အပင်ကြီးနောက်သို့ ရောက်သွားမှန်းမသိ။ ပျောက်ချင်းမလှ ပျောက်ကွယ်သွား၏။ စံတင်နှင့် အရှောင်တို့မှာလည်း လက်တစ်ကမ်းအကွာမှာပင် ပျောက်ကွယ်သွားသည့်မိန်းကလေးကို ဟိုဟိုဒီဒီတွေ အတန်ကြာအောင် လှည့်ပတ်ပြီး ရှာဖွေကြသည်။

လက်ပံပင်၊ ကုက္ကိုပင်နှင့် ဆီးပင်ကြီးများ ထူထပ်စွာပေါ်ပေါက်နေသော ထိုနေရာမှာ လရောင်က ငွေ့ငွေ့လေး ဖြာကျနေသော်လည်း ချုံပုတ်နှင့် မြက်ရိုင်းပင်တွေက ခါးစောင်းသာသာလောက် ရှိနေသဖြင့် မြင်ကွင်းကမသဲမကွဲ ဖြစ်နေသည်။

ပိုဆိုးသည်က . . .

မင်းသမီးအဝတ်အစားနှင့်မိန်းမ ပြေးဝင်သွားရာ ခြုံစပ်တစ်ပိုက်မှာ ကတ္တီကူရာပေါင်ဒါနံ့တွေ၊ သနပ်ခါးနံ့တွေက ဈိုင်လှိုင်ကြီးထနေ၏။ သို့သော် ထိုမင်းသမီးကိုကား အရိပ်အယောင်မျှပင် မတွေ့ရဘဲ ဖြစ်နေ လေသည်။

ခဏအကြာ . . .



www.burmeseclassic.com

www.burmeseclassic.com



စံတင်နှင့်အရှောင်တို့မှာ ဘယ်လိုမှ ရှာဖွေ၍မရသည့်အဆုံး လာရာလမ်းအတိုင်း စိတ်ပျက်လက်ပျက်တွေနှင့် ပြန်လှည့်ထွက်လိုက်ရာ ဆီးပင်ကြီးကိုမှီပြီး ထောင်ထားသည့် သစ်သားယောက်မကြီးတစ်ချောင်းကို ဘွားခနဲ တွေ့လိုက်ရလေသည်။

"ဟင် ... ဒီယောက်မကြီးက ချုံတောထဲကို ဘယ်လိုဖြစ်ပြီး ရောက်နေတာလဲ။ ဒါ ... ဟိုဓာတ်အဖွဲ့ထဲက ထမင်းချက်တဲ့ ယောက်မကြီး ထင်ပါရဲ့။ ထွီ ... စည်းမရှိ ကမ်းမရှိတဲ့ ကောင်တွေ"ဟု စံတင်က ဗျစ်တီးဗျစ်တောက်တွေ ပြောဆိုလိုက်၏။

အမှတ်မထင် မြင်လိုက်ရသည့် မင်းသမီးတစ်ယောက်၏ နောက်သို့ လိုက်မိကြရာမှ မဆီမဆိုင် ယောက်မကြီးတစ်ချောင်းကို တွေ့လိုက်ရသဖြင့် စံတင်နှင့် အရှောင်တို့မှာ စိတ်ပျက်လက်ပျက် ဖြစ်သွားကြပြီး ထိုနေရာမှ လှည့်ထွက်ရန် ခြေလှမ်းပြင်လိုက်ကြ၏။

ထိုစဉ်မှာပင် ...

ဆီးပင်ကို မှီပြီးထောင်ထားသည့် သစ်သားယောက်မကြီးက မြေပေါ်သို့ သူ့အလိုလို လဲကျသွားလေသည်။

"ဘုတ်"

"ဟင် ..."

ထိုသို့လဲကျသွားသော ယောက်မကြီးကို စံတင်က ခြေထောက်နှင့် ထပ်ပြီး ပြေးကန်ရန် ဟန်ပြင်လိုက်သော်လည်း တရုတ်ကြီး အရှောင်က ဓာတ်စင်နောက်ပေါက်မှ မင်းသမီးတွေကိုသွားကြည့်ဖို့ အတင်းဆွဲခေါ်နေသဖြင့် ထိုနေရာမှ အယုတ္တ၊ အနတ္တတွေဆဲဆိုပြီး လှည့်ထွက်လာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီး အရှောင်မှာလည်း စားရခါနီးမှ အကြိမ်ကြိမ်လွဲချော်ခဲ့ရသဖြင့် အားမလိုအားမရဖြစ်ကာ စံတင်ကိုသာ နားပူနားဆာ လုပ်နေ၏။ စံတင်ကလည်း အရှောင့်ထံမှဘရန်ဒီကို ကပ်ပြီး သောက်နေရုံမျှမက သူ့အာမခံထားသည့် ကစားဝိုင်းတွေထဲမှာ လူမရှိသည့်အဖြစ်ကို အရှောင်မေ့မေ့ပျောက်ပျောက်ဖြစ်နေအောင် မင်းသမီးတွေနှင့် မိတ်ဆက်ပေးပါမည်ဟူသော ကတိကိုသာ ထပ်ကာတလဲလဲ ပေးနေတော့သည်။

သည်လိုနှင့် သူတို့နှစ်ယောက်မှာ ဇာတ်စင်၏ အနောက်ဘက်မှနေ၍ တစ်ယောက်ပခုံးကို တစ်ယောက်ဖက်ကာ မူးမူးနှင့် စင်ပေါ်တက်လာကြ၏။

ဇာတ်စင်ပေါ်မှ ကားလိပ်ကြီး၏ နောက်ကွယ်တွင် ပြက်လုံးများကို တစ်ယောက်နှင့်တစ်ယောက် အချီအချ ပြောဆိုရင်း လေ့ကျင့်နေကြသည့် လူရွှင်တော်ဗန်းကြီးနှင့် ကြာစိတို့မှာ မောင်စံတင်နှင့် တရုတ်ကြီး အရှောင်ကို တွေ့လိုက်သည်နှင့် . . .

"ဟင် . . . ဟိုမှာ၊ တို့ဇာတ်ကို လာငှားတဲ့လူနဲ့ ပေါက်ဖော်ကြီး တစ်ယောက် စင်ပေါ်ကို တက်လာကြပါလား"

"အေး . . . ဟုတ်ပါရဲ့၊ ဒီလူတွေကြည့်ရတာ မူးနေကြပုံပဲ . . . လက်ထဲမှာလည်း အရက်ပုလင်းပြားနဲ့ . . ."

လူရွှင်တော်နှစ်ယောက်၏ မျက်လုံးတွေက စံတင်၏လက်ထဲမှ ဆုပ်ကိုင်ထားသည့် ဘရန်ဒီအရက်ပုလင်းပြားကလေးဆီသို့သာ အကြည့်ရောက်နေကြ၏။ ခါတိုင်းဆိုလျှင် လူရွှင်တော်ဗန်းကြီးနှင့် ကြာစိတို့မှာ ပွဲထွက်ချိန်အထိရောက်အောင်ပင် စောင့်မနေကြဘဲ ရှာခံတွေနှင့် သိစ်ခွက် တစ်ဖလားတော့ ချထားပြီးပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ စံတင်လက်ထဲမှ အရက်ပုလင်းကိုမြင်မိသည်နှင့် ဗန်းကြီးနှင့် ကြာစိတို့မှာ အရက်သောက်ချင်စိတ်တွေ တဖွားဖွားပေါ်လာတော့သည်။

ထိုနောက် လူရွှင်တော်ကြာစိက

"မင်းနဲ့ငါ ရွာထဲမှာအရက်ဆိုင်ကလေးဘာလေး သွားရှာရအောင် ဗန်းကြီးရာ. . . ၊ အရက်သောက်ချင်လို့ ငါ့မှာ ပါးစပ်တွေတောင် ချဉ်တင်တင် ဖြစ်လာပြီ"

"အေး. . . သွားတာပေါ့။ ငါတို့ ပွဲထွက်ရမယ့်အချိန်က လည်း အများကြီးလိုသေးတဲ့ဥစ္စာ၊ နည်းနည်းတော့ သွားပြီး မော့ထားမှ တော်မယ်ဟေ့. . . "

ပြောပြောဆိုဆို ဗန်းကြီးနှင့် ကြာစိတို့မှာ ဇာတ်စင်အနောက်ပေါက်မှနေ၍ အရက်ဆိုင်ရှိနိုင်လောက်မည့် နေရာသို့ တိတ်တဆိတ် ထွက်လာခဲ့ကြသည်။

ထိုအချိန်အထိ အပျိုတော်ယိမ်းအဖွဲ့ကလည်း စင်ပေါ်မှာ နတ်ချင်းနှင့် တကျိမ်းကျိမ်းက၍ ကောင်းနေဆဲပင်ဖြစ်၏။ စံတင်နှင့် အရှောင်တို့မှာလည်း စင်ပေါ်မှာ ကနေသည့် မင်းသမီးတွေသာမက စင်နောက်ကွယ်မှာ ဟိုဟိုဒီဒီတွေနှင့် လှုပ်ရှားသွားလာနေကြသော မင်းသမီးတွေကိုပါ တစ်ချက်ကလေးမှ အလွတ်မပေးဘဲ လိုက်ကြည့်နေကြလေသည်။ ထိုသို့ ကျွတ်ထွက်မတတ် မျက်လုံးတွေနှင့် စိုက်ကြည့်နေကြသော စံတင်နှင့် အရှောင်တို့မှာ မင်းသမီးများကို ထိကပါးရိကပါးပြောဆိုလိုက်၊ လက်ထဲမှ အရက်ပုလင်းပြားကို မော့သောက်လိုက်ကြနှင့် ထင်ရာစိုင်း လုပ်ရင်း ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အမြင်မတော်တော့သည့် ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့က ထိုင်ရာမှထလာကြပြီး

"ဟော့ . . . ဒီမှာ မောင်ရင်တို့ . . .၊ မောင်ရင်တို့ အရက် သောက်ချင်ရင် တခြားနေရာမှာ သွားသောက်ကြပါကွာ။ ဇာတ်စင်ကြီးပေါ်မှာတော့ အခုလို သောက်စားနေကြတာ မကောင်းပါဘူး။ တို့စင်က နတ်က ဒါမျိုးတွေ မကြိုက်ဘူးကွ"

"ဘာဗျ . . .၊ ကျုပ်တို့သောက်တဲ့ အရက်က ပေါက်ပန်းဈေးအရက် မဟုတ်ဘူးဗျ . . . နိုင်ငံခြားဖြစ်အရက်၊ ဒါကို ခင်ဗျားတို့ နတ်က ဘာကြောင့် မကြိုက်ရတာလဲ"

ဘိုစံဗျား၏စကားကြောင့် အတော်လေးမူးနေပြီဖြစ်သော စံတင်မှာ အာလေးလျှာလေးလေသံကြီးနှင့် ရှိုင်းရှိုင်းစိုင်းစိုင်းတွေ ပြန်ပြောလိုက်သည်။ သူ့ဘေးမှ အရှောင်မှာလည်း ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့ကို မျက်ထောက်နီကြီးဖြင့် စိုက်ကြည့်နေ၏။

ဘိုးစံဗျား၏ဘေးမှာ ရပ်နေသည့် ဘိုးလေးထွန်းက မကျေမနပ်နှင့် "လာပါကိုစံဗျားရယ် . . .၊ ဒီလို မူးမူးရူးရူးကောင်တွေနဲ့ဖက်ပြီး ပြောမနေစမ်းပါနဲ့"

ဟု ဆိုကာ ဘိုးစံဗျားလက်ဆွဲပြီး ခေါ်သွားလေသည်။ ထိုစကားကြောင့် စံတင်နှင့် အရှောင်တို့မှာလည်း မခိုးမခန့် အော်ဟစ်ပြီး ရယ်မောလိုက်ကြသည်။

ထို့နောက် အရှောင်က စင်ထောင့်မှ ကန့်လန့်ကာကြားတွင် ပွဲထွက်ရန် စောင့်နေသည့် မင်းသမီးတစ်ယောက်၏ အနီးသို့ တိုးကပ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ...ဟဲ... ဒီက ညီမနာမည်က ဘယ်လိုခေါ်သလဲ။ အစ်ကိုကြီးက မိတ်ဖွဲ့ချင်လို့ပါ"

ထိုကန့်လန့်ကာကြားမှ မင်းသမီးမှာလည်း အရှောင်ကို မြင်လိုက်သည်နှင့် တရုတ်သူဌေးမှန်း သိလိုက်လေရာ ညုတုတုလေသံနှင့် ရေလာမြောင်းပေး ပြန်ပြီးပြောလိုက်၏။

"ဟင်း ဟင်း ... နှမတို့လို ဇာတ်သမတွေကို မိတ်ဖွဲ့ချင်တာများ အဆန်းလုပ်လို့ ထောင်ကဲရယ်။ မသကာ တံစိုးလက်ဆောင်လေး ဘာလေးနဲ့ လာခဲ့ရောပေါ့"

"အဟဲ... ဟဲ... ဟဲ... ရတယ်... ရတယ်။ ညီမ ဘာလိုချင်သလဲ၊ ပိုးထဘီလား။ ရွှေဘီးလား ကြိုက်တာပြောပါ။ ဝ လက်ဆောင်ပေးမယ်။ ဘယ်လိုလဲ ဟဲ... ဟဲ"

အရှောင်၏ အဆီတဝင်းဝင်းဖြစ်နေသော မျက်နှာကြီးက အာသာငမ်းငမ်းနှင့် ဖြစ်နေသလို ထိုကန့်လန့်ကာကြားမှ မင်းသမီးမှာလည်း အရှောင်၏ မက်လုံးပေးပြီး ဖြားယောင်းနေသည့်စကားတွေပေါ်မှာ သာယာ၍နေလေသည်။

"ကျွန်မတို့က ထောင်ကဲတို့ မေတ္တာရှိလို့ ပေးကမ်းကြတဲ့ပစ္စည်းဆိုရင် ဘာတစ်ခုမှ မငြင်းဝံ့ပါဘူးတော်။ ထောင်ကဲတို့ ပေးမှ ကမ်းမှလည်း ကျုပ်တို့ ဇာတ်သမတွေက တင့်တင့်တယ်တယ်ဖြစ်မှာကိုး... မဟုတ်ဘူးလားရှင့်၊ ဟင်း... ဟင်း"

ထိုသို့ အပေးအယူမျှနေသည့် တရုတ်ကြီးအရှောင်နှင့် ဇာတ်သမကို ခပ်လှမ်းလှမ်းမှကြည့်နေသည့် ဘိုးစံဖျားနှင့် ဘိုးလေးထွန်းတို့မှာ အဃည်အယားယားနှင့် တောက်တခေါက်ခေါက်တွေ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ...၊ ဒီခေတ်မိန်းကလေးတွေများ လွယ်လိုက်ကြတာ မပြောပါနဲ့ဗျာ။ ကြာရင် ကျုပ်တို့ ဇာတ်သဘင်ကြီးတော့ ဟိုဟာ သဘင်ကြီး ဖြစ်တော့မှာပဲ"

ထိုသို့ညည်းညူလိုက်သည့် ဘိုးစံများ၏ စကားအဆုံးတွင်တော့ အပျိုတော်ယိမ်းကပြီးသွားကြသည့် ယိမ်းသမတွေမှာ ကန့်လန့်ကာကြား သို့ အတင်းတိုးဝင်ပြေးလာကြသည်။ သူတို့၏ကိုယ်မှာလည်း ချွေး တစ်လုံးလုံးတွေနှင့် ဖြစ်နေပြီး မျက်နှာအမှုအရာတွေက တစ်စုံတစ်ရာကို ကြောက်လန့်တုန်လှုပ်သလို ရေးကြီးသုတ်ပျာ နိုင်နေကြလေသည်။

ရွာစားကလည်း ကားလိပ်ကြီး နစ်ဖက်စေ့သွားသည်အထိ တီးပေး နေလေရာ အချိန်ကာလအတော်ကြာ ဆိုင်းသံမှုံသံနှင့် ဝေးခဲ့ရသော ဗီးတောကွင်းပြင်ကြီးမှာ ရွှေဒေါင်းယဉ် ဇာတ်အဖွဲ့ကြီး၏ သည်းထိတ်ရင်ဖို စရာ အဖြစ်အပျက်တွေကြောင့် တဖြည်းဖြည်း ပြန်ပြီး အသက်ဝင်လာ ခဲ့တော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဆိုင်းဆရာ ရွှာစားစိန်ဆေးရိုး၏ ဆိုင်းသံက နောက်တစ်ချီ ပွဲထွက်မည့် ရှေ့ထွက်မင်းသား တောကျော်အတွက် တီးလုံးတီးကွက်တွေကို ရှေ့မှပျိုးပြီး တီးပေးနေ၏။ မင်းသားတောကျော်မှာလည်း သူထွက်ရမည့်အချိန်ကိုစောင့်ကာ ဇာတ်စင်၏ တစ်ဖက်ထောင့်စွန်းမှ ဟန်ရေး တပြင်ပြင်နှင့် ဖြစ်နေလေသည်။

ဒါ့အပြင် ရွှာစားစိန်ဆေးရိုး၏ ဆိုင်းသံတွေနှင့်အတူ ပွဲခင်းကြီး အတွင်းမှ ပွဲတောင်းနေကြသည့် ပရိသတ်အသံတွေကိုလည်း မင်းသား တောကျော်၏ နားထဲတွင် အုန်းအုန်းကျွက်ကျွက်နှင့် ကြားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအသံတွေက ဇာတ်စင်နှင့်နီးလာလိုက် ... ဝေးသွားလိုက် ... တစ်ခါတစ်ခါ ဇာတ်စင်နောက်ဘက်နှင့် ဘေးဘက်တွေကပါ ကြားနေရ၏။

ထိုအချိန်မှာပင် မင်းသားတောကျော်၏ မျက်နှာချင်းဆိုင်ရှိ ဇာတ်စင်၏ ပုဏ္ဏားကွယ်ထောင့်မှ ကားဆွဲ တေ့တ်ဖြိုးမှာလည်း ကန့်လန့်ကာစကြီး နှစ်ဖက်ကို တီးလုံးတီးကွက်နှင့်အညီ ဆွဲဖွင့်လိုက်ရန် အသင့်အနေအထားဖြစ်၍နေလေသည်။

မကြာမီ ...

"တိန် ... တိန် ... ဗြောင် ... ပတ် ... ဗြောင်"

"တိန် ... တိန် ... တိန်"

ရှာစားစိန်ဆေးရိုး၏ မင်းသားအပေါ် တီးလုံးသံနှင့်အတူ ကားဆွဲ တေ့တ်ဖြိုးက ကန့်လန့်ကာစကြီးနှစ်ဖက် ဆိုင်းထားသည့်ကြိုးကို ဆွဲပြီး ဖွင့်လိုက်လေသည်။

"တိန် ... ဗြောင် ... ပတ် ... ဗေ"

"ဗြောင် ... ဗြောင် ... ဗြောင်"

"ဟင် ..."

လျှော်စကို သုံးပင်လိမ်ပြီး ကျစ်ထားသည့် ကားဆွဲကြိုးကြီးက တေ့တ်ဖြိုး၏လက်ထဲတွင် တင်းတင်းတောင့်တောင့်ကြီး ဖြစ်နေကာ တစ်စုံတစ်ရာနှင့် ငြိနေသလို ဘယ်လိုမှ ဆွဲဖွင့်၍မရဘဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် တေ့တ်ဖြိုးက လက်နှစ်ဖက်နှင့် ကြိုးစကို ရစ်ကာ နောက်တစ်ကြိမ်ထပ်ပြီး ဆွဲကြည့်ပြန်၏။ သို့သော် . . . ကန့်လန့်ကာ တဆတ်ဆတ်ယိမ်းထိုး လှုပ်ယမ်းသွားရုံမှလွဲ၍ ဘယ်လိုမှ ဆွဲဖွင့်၍ မရဘဲ ဖြစ်နေ၏။

"တိန် . . . တိန် . . . တိန် . . . ဗြောင်"

"ပတ် . . . ဗေ . . . ဗြောင် . . . ဗြောင်"

ကားဆွဲတေ့တ်ဖြိုးကို ကန့်လန့်ကာကြီးဖွင့်ရန် အချက်ပေးတီးနေသည့် ဆိုင်းသံကလည်း အဆက်မပြတ်ပေါ်ထွက်နေ၏။ ထိုအသံတွေနှင့်အတူ ဇာတ်စင်၏တစ်ဖက်ထောင့်မှ ပွဲထွက်ရန် တပြင်ပြင် ဖြစ်နေသော မင်းသားတောကျော်မှာလည်း ကားဆွဲ တေ့တ်ဖြိုးကို ကန့်လန့်ကာကြီးဖွင့်လိုက်ဖို့ ခြေဟန်လက်ဟန်ဖြင့် ဖွင့်ခိုင်းနေ၏။

သို့သော် တေ့တ်ဖြိုးမှာတော့ သူခြေစုံကန်ပြီးဆွဲဖွင့်နေသည့် ကန့်လန့်ကာကြီးနှစ်ဖက်က အခုအချိန်ထိ ပွင့်မလာသည့်အတွက် ချွေးတွေ တဒီးဒီးပင် ကျလာနေသည်။ တစ်ချိန်တည်းမှာပဲ စောစောက အပျိုတော်တွေ ယိမ်းကတုန်းက သက်သောင့်သက်သာဆွဲလို့ရသည့် ပိတ်ကားကြီးက ယခုတစ်ကြိမ်မှ ဘာကြောင့် ဆွဲမရ၊ ပြုမရ ဖြစ်သွားရသည်ကိုလည်း စဉ်းစားမရဘဲ ဖြစ်နေလေသည်။

"တောက် . . .၊ စောစောကတောင် ရှောရှောရှူရှူ ဖွင့်လို့ရတဲ့ ဥစ္စာ . . . အခုမှ ဒီကားလိပ်ကြီးက ဘယ့်နှယ်ဖြစ်ရတာလဲ"

ထိုကန့်လန့်ကာစကြီးနှစ်ဖက်က တစ်စုံတစ်ရာနှင့်ငြိနေသလို တစ်စက်ကလေးမှ ပွင့်ဟမလာချေ။ တေ့တ်ဖြိုး၏ လက်ဖဝါးတွေပင် ကျိန်းစပ်စပ်ဖြစ်လာပြီး ချွေးတွေက မြင်မကောင်းအောင် ပြိုက်ပြိုက်



www.burmeseclassic.com

www.burmeseclassic.com



ကျလာ၏။ တစ်ချိန်တည်းမှာပင် သူ့မျက်လုံးတွေက တင်းတောင့်ခံနေသော လိုက်ကာစကြီး နှစ်ဖက်ဆုံရာအပေါ်မှ ထုပ်တန်းဆီသို့ မော့ကြည့်လိုက်မိ၏။ ကညင်ဆီမီးတိုင် မှုန်ဝါးမှုန်ဝါးကြောင့်ပင် သူ့အမြင်မှားသလားမသိ။

ကတ္တီပါကားလိပ်ဆင်ထားသည့် ဟိုး . . . အပေါ် အမြင့်ကြီးက ထုပ်တန်းပေါ်တွင် ခြေတွဲလွဲချထိုင်နေသော ကိုယ်ဝန်ဆောင် မိန်းမကြီး တစ်ယောက်က သူ့ကို ငုံ့ကြည့်နေသည်။

"အား"

တေ့တ်ဖြိုး၏ သွေးပျက်မတတ် အော်လိုက်သံကြီးနှင့်အတူ ဆောင့်ဆွဲထားသည့် ကန့်လန့်ကာစကြီးနှစ်ဖက်မှာလည်း ရုတ်တရက် ဖမ်းဆုပ်ထားရာမှ ဖြည်လွှတ်လိုက်သလို ဘေးနှစ်ဖက်သို့ အရှိန်နှင့် ပွင့်ထွက်သွား၏။

ထိုမြင်ကွင်းကို ဘယ်လိုမှ မသိမမြင်လိုက်သည့် ရှေ့ထွက်မင်းသားတောကျော်ကတော့ ကားလိပ်ကြီး နှစ်ခြမ်းဖွင့်ဟသွားသည်နှင့် ဘုမသိဘမသိဝင်ပြီး ကလေတော့သည်။ ဆိုင်းဆရာ ရှာစားစိန်ဆေးရိုးကလည်း သူ၏ ပတ်လုံးတွေကို ခေါင်းပင်မဖော်ဘဲ တီးပေးနေရာ ပတ်ဝန်းကျင်တစ်ခုလုံးကို ဘာတစ်ခုမှ သတိမထားမိဘဲ ရှိနေလေသည်။

ကားဆွဲ တေ့တ်ဖြိုးကတော့ ထိုသွေးပျက်ဖွယ်မြင်ကွင်းကြီးကို မြင်လိုက်ရသည်နှင့် ဇာတ်စင်ပေါ်မှခုန်ချကာ ပြေးမိပြေးရာကို ဖွတ်ရွှတ်ပြီး ပြေးလေတော့သည်။

၁



www.burmeseclassic.com

www.burmeseclassic.com



•

လူရှင်တော်ကြာစိနှင့် ဖန်းကြီးတို့နှစ်ယောက် တဖြည်းဖြည်း လျှောက်လာရာ လမ်းတစ်လျှောက်လုံးမှာ လရောင်က မှုန်မွှားမွှားကျနေသဖြင့် မြင်ကွင်းကို သဲသဲကွဲကွဲကြီး မမြင်ရ။ သို့သော် လမ်းက ညနေက ရေတွင်းရှိရာသို့ သူတို့နှစ်ယောက်လာသည့် လမ်းဖြစ်နေ၍ ဘယ်နေရာတွင် ဘာရှိသည်ကို သိကျွမ်းထားနှင့်ပြီးဖြစ်၏။

သည်လိုနှင့် စကားတပြောပြော လျှောက်လာကြသော ဖန်းကြီးနှင့် ကြာစိမှာ ညနေက သူတို့ရေချိုးခဲ့သည့် ရေတွင်းလေးအနီးသို့ပင် ရောက်လာကြသည်။ ထိုရေတွင်းကိုလွန်ပြီး အနည်းငယ်ဆက် လျှောက်သွားလျှင်တော့ သူတို့ ဖာတ်လှည်းကြီး ဖြတ်မောင်းလာတုန်းက တွေ့ခဲ့ရသည့် ရွာကလေးကို ရောက်ပြီ ဖြစ်၏။

တဖြည်းဖြည်းနှင့် ခရီးက တိစ်ဝက်ကျိုးလာလေလေ • • • အရက်သောက်ချင်သည့်စိတ်တွေက ဘယ်လိုမှချုပ်တည်းလို့ မရနိုင်လောက်အောင် အာသာချဉ်ခြင်း တပ်လာလေလေ ဖြစ်နေကြ၏။ ထို့အတွက်ကြောင့် တိုင်ပင်မထားပါဘဲ သူတို့၏ ခြေလှမ်းတွေကို ခါတိုင်းထက်ပိုပြီး မြန်မြန်ကြီး လျှောက်လိုက်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာသို့ရောက်ခါမှ ရေတွင်းပေါင်ကိုမှီပြီး ထိုင်နေကြသောလူနှစ်ယောက်ကို ဘွားခနဲတွေ့လိုက်ရလေသည်။

"ဟင် ••• ခင် ••• ခင်ဗျားတို့နှစ်ယောက်က ••• ညနေက ကျုပ်တို့ဇာတ်အဖွဲ့ကို ရေထမ်းပေးကြတဲ့ နှစ်ယောက် မဟုတ်လား •••။ ဘာတဲ့ ••• နာမည်က ••"

ရုတ်တရက်ကြီး တွေ့လိုက်ရသည့် ဖန်းကြီးနှင့်ကြာစိတို့မှာ ထိုလူတွေ၏ နာမည်ကိုပင် မေ့တေ့တေ့ဖြစ်နေမိကြ၏။ ရေတွင်းပေါင်ကို မှီထိုင်နေကြသော ရေထမ်းသမားနှစ်ယောက်က ဖန်းကြီးနှင့် ကြာစိတို့ အနီးသို့ ထလာပြီး •••

"ကျုပ်က မောင်ဖေရှား •••၊ သူက မောင်ဘစီလေ ••• ဟင်း ဟင်း ••• ဟင်း"

ဖန်းကြီးနှင့် ကြာစိတို့နှစ်ယောက်မှာ ထိုအခါမှ နာမည်များကို မှတ်မိသွားပြီး

"အဲ ••• ရုတ်တရက်ဆိုတော့ ခင်ဗျားတို့နာမည်တွေ မေ့သွားလို့ပါ •••။ စိတ်မရှိပါနဲ့"

ထိုအခါမှ လူရွှင်တော်ကြာစိကလည်း သူတို့နှစ်ယောက်ရှေ့မှာ ရယ်မောနေသည့် မောင်ဖေရှားနှင့် မောင်ဘစီတို့ကို လက်မထောင်လျက် ပါးစပ်နားသို့ တေ့ပြလိုက်ရင်း •••

"အော် ••• ဒါနဲ့ ••• ခင်ဗျားတို့ ဒါလေး ဘာလေး လုပ်တတ်တယ် မဟုတ်လား။ လုပ်ရင် ကျုပ်တို့နဲ့ ဟိုနားကရွာကို လိုက်ခဲ့ကြလေ၊ ကျုပ်တို့ တိုက်မှာပါဗျ ••• ဟဲ ••• ဟဲ ••• ဟဲ"

ထိုနှစ်ယောက်ကတော့ လူရွှင်တော် ကြာစိ၏စကားကို အင်းလည်း



www.burmeseclassic.com

www.burmeseclassic.com


မလုပ်၊ အဲလည်း မလုပ်ဘဲ ရယ်မောရှိသာနေကြလေသည်။ တကယ်တော့ ထိုသူနှစ်ဦးက ဘာတစ်ခွန်းမှမပြောဘဲ ရယ်မောနေကြသည်ကိုပင် ဗန်ကြီးနှင့် ကြာစိတို့မှာ သူတို့ကိုအားနာပြီး အရက်လိုက်မသောက်ကြခြင်း ဖြစ်သည်ဟုထင်ကာ မရမက ဖွတ်အတင်းခေါ်နေကြပြန်၏။

"လာစမ်းပါဗျ ... ကျုပ်တို့က ခင်ဗျားတို့နှစ်ယောက်ကို မိတ်ဖြစ်ဆွေဖြစ်တိုက်မှာပါဗျ။ ပိုက်ဆံပါပါတယ်"

"ဟုတ်သားပဲ နောင်ကြီးတို့ရာ ...၊ ကျုပ်တို့က လာသာလာရတယ်။ ဟောဟိုက မြင်နေရတဲ့ရွာထဲမှာ အရက်ဆိုင် ဘယ်နေရာရှိမှန်း ကျုပ်တို့က သိတာမဟုတ်ဘူး။ နောင်ကြီးတို့နှစ်ယောက်ပဲအားကိုးပြီး သွားရမှာ ... လာပါဗျ"

ဗန်ကြီးနှင့် ကြာစိတို့၏ လောကွတ်စကားတွေကြောင့် ရေထမ်းသမားနှစ်ဦးမှာ ဘာစကားတစ်ခွန်းမှမပြောဘဲ သူတို့နောက်သို့လိုက်ဖို့ ခြေဟန်လက်ဟန်ပြပြီး ရှေ့မှ သွားနှင့်ကြလေသည်။

ခပ်လှမ်းလှမ်းမှရွာဆီသို့ ဦးဆောင်ပြီးသွားနေကြသော ရေထမ်းသမားနှစ်ယောက်မှာ နောက်မှ ကပ်လျက်လိုက်ပါလာကြသည့် ဗန်ကြီးနှင့် ကြာစိတို့ကို တစ်ချက်ကလေးမှ လှည့်မကြည့်ပဲ သူတို့အချင်းချင်းသာ တီးတိုးစကားတွေ ပြောဆိုရင်း ရှေ့မှလျှောက်နေကြ၏။

လူရွှင်တော်နှစ်ယောက်မှာလည်း ရွာနှင့်နီးလာလေ အရက်သောက်ချင်သည့် စိတ်တွေက မရိုးမရွနှင့် ဖြစ်လာလေ ဖြစ်နေကြ၏။

သည်လိုနှင့် ...

ရွာအဝင်လမ်းချိုးလေးသို့ ချိုးကွေ့ပြီး ဝင်လိုက်ကြ၏။

ထိုရွာကလေးမှာကား ညအမှောင်အောက်တွင် ခပ်ကုတ်ကုတ်နှင့်


www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်တိတ်ဆိတ်နေပြီး မီးခွက်၊ မှန်အိမ် ထွန်းညှိထားသည့်အိမ်က တစ်အိမ်စ၊ နှစ်အိမ်စသာရှိနေ၏။

ထိုအချိန်မှာပင်

"ဝူး ... အူး ... အူး ... ဝူး"

"အူး ... ဝူး ... ဝူး"

ရွာလမ်းကလေးထဲသို့ ချိုးဝင်လိုက်ကာမှ ဆွဲဆွဲငင်ငင်ကြီးတွေ အူလိုက်ကြသည့် ခွေးတစ်အုပ်ကြောင့် ဗန်းကြီးနှင့် ကြာစိတို့မှာ ဘာရယ်မဟုတ်ဘဲ တစ်ယောက်မျက်နှာကို တစ်ယောက် လှည့်ကြည့်လိုက်ကြ၏။ သူတို့လိုပင် ရှေ့ကလျှောက်နေသော ရေထမ်းသမားနှစ်ယောက်ကတော့ အခုလို ခွေးအူသံကြီးတွေကို ရိုးပင်ရိုးနေ၍လားမသိ နည်းနည်းမှပင် ဂရုမစိုက်ဘဲ ခပ်ငိုက်ငိုက် ဆက်လျှောက်နေကြလေသည်။

ထိုအချိန်မှာပင် ဗန်းကြီးက

"ဗျို့ ... ရှေ့ကဆရာတို့ အမြည်းကောင်းကောင်းရတဲ့ဆိုင်သာ တန်းသွားဗျို့။ ကျုပ်တို့က အရက်ကိုသာ ချဉ်ချဉ်တူးတူး မူးရင် ပြီးရော သဘောထားကာ အမြည်းကိုတော့ ကောင်းကောင်း စားရမှ ... ဗျ။ ဟီ ... ဟီ"

လူရွှင်တော်ပီပီ အရွှန်းအဖောက်တွေ ပြောဆိုရင်း လျှောက်လာနေသည့် ဗန်းကြီးနှင့်ကြာစိမှာ အရက်သောက်ဖို့ကလွဲလျှင် ပတ်ဝန်းကျင်ကိုလည်း ဂရုမထား၊ သူတို့နှင့်အတူလိုက်ပါလာသည့် ရေထမ်းသမားနှစ်ယောက်ကိုလည်း တစ်စက်လေးမှ သတိမပြုမိကြ။

"အူ ... ဝူး ... ဝူး"

"ဝူး ... ဝူး"



www.burmeseclassic.com

www.burmeseclassic.com

''ဝုတ်...ဝုတ်...ဂူး...အူး''

ရှုံထိပ်မှစပြီး အူလိုက်သည့် ခွေးအူသံတွေက သူတို့ ရွာအလယ်သို့ ရောက်သည့်တိုင် မရပ်မနားဆက်တိုက်အူနေ၏။ ထိုခွေးအူသံတွေက သူတို့သွားရာနောက်မှ တကောက်ကောက်လိုက်ပါရင်း အသံမျိုးစုံဖြင့် အူနေကြလေရာ ရွာလမ်းတစ်လျှောက်လုံးကျွက်ကျွက်ပင် ဆူနေတော့သည်။

ထိုစဉ် ရှေ့ကသွားနေသည့် ရေထမ်းသမားနှစ်ယောက်က အိမ်ခြံဝိုင်းကြီးတစ်ခုအတွင်းသို့ ချိုးကွေ့ပြီး ဝင်လိုက်ကြသည်။

ထိုခြံဝိုင်းအစပ်နှင့် မလှမ်းမကမ်းမှာတော့ သက်ကယ်ကျူဖျာများမိုးထားသော အိမ်ကလေးတစ်လုံးကို လှမ်းတွေ့လိုက်ရပြီး ထိုအိမ်ထဲမှာလည်း မီးခွက်၊ မှန်အိမ်များ ချိတ်ဆွဲထားသည်ကို လှမ်းတွေ့လိုက်ရ၏။

''ရောက်ပြီထင်တယ် ဗန်းကြီးရ၊ အရက်တော့ သောက်ရချည်သေးကွာ''

ကြာစိ၏စကားသံ အဆုံးမှာပင် ထိုအိမ်ထဲမှထွက်လာကြသည့် လူလေးငါးဆယ်ယောက်ကို တွေ့လိုက်ကြရသည်။ ထိုသူတွေမှာလည်း မီးတုတ်များ ကိုင်ဆောင်ထားလျက် ခြံဝမှ လျှောက်လာနေကြသော လူရှင်တော်ဗန်းကြီးနှင့် ကြာစိတို့ကို နားမလည်နိုင်သည့် မျက်လုံးများဖြင့် ဝိုင်းပြီး ကြည့်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် ထိုအိမ်နှင့်ကပ်လျက်က ညိုမှောင်မှောင်နှင့် အုံ့ဆိုင်းနေသော သစ်ပင်ကြီးတစ်ပင်မှာလည်း အောက်လင်းမီးအိမ်ကြီးတစ်လုံးကို ချိတ်ဆွဲထားကာ ယောက်ျားသုံးလေးယောက်က တစ်စုံတစ်ရာကို တူနှင့် ထုရိုက်နေ၏။

မြိုင်ပိုင်းရှေ့သို့ ထွက်လာကြသော လူစုထဲမှ အသက်အရွယ် ခပ်ကြီးကြီးနှင့် လူကြီးတစ်ယောက်က ဗန်းကြီးတို့ ရှေ့သို့အရောက်တွင် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး

"ဒီ ... ဒီက မောင်ရင်တို့က"

အံ့အားသင့်နေသလို အမူအရာနှင့် အထစ်ထစ်အငေါ့ငေါ့ မေးလိုက်သော ထိုလူကြီးစကားကြောင့် ဗန်းကြီးနှင့် ကြာစိတ်တို့မှာ ကြောင်စီစီနှင့် ဖြစ်သွားကြပြီး

"ဟို ... ကျုပ်တို့ အရက်လာသောက်ကြတာပါ၊ ဒါ ... ဒါ ... အရက်ဆိုင် မဟုတ်လားဟင်"

"ဘာ ..."

ရုတ်တရက် ထိုလူကြီး၏အသံက အနည်းငယ်ပင် ကျယ်လောင်သွားသည်ဟု ထင်ရသည်။ ထို့နောက် ထိုလူကြီးက စိတ်ဆိုး မာန်ဆိုး မျက်နှာနှင့်

"ဒါ အရက်ဆိုင်မဟုတ်ဘူးကွ၊ မသာအိမ် ... မသာအိမ်"

"ဟင်"

ဗန်းကြီးနှင့် ကြာစိတ်တို့၏ပါးစပ်မှ 'ဟင်' ဆိုသည့် အာမေဋိတ်သံက စောစောကလူကြီးမင်း၏ 'ဘာ' ဆိုသည့် အသံထက်ပင် ကျယ်လောင်သွားကာ နှစ်ယောက်စလုံး၏ ခေါင်းနပန်းတွေ ကြီးသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူတို့နှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီးအောက်မှလူတွေကို လှမ်းပြီးကြည့်လိုက်မိရာ ထိုသူတွေက အသုဘခေါင်းတစ်ခုကို အားချင်း ပြုလုပ်နေကြသည်ကို တွေ့လိုက်ရ၏။

"ဒါ ... ဒါ ... ဒါဆို ... ဟို လူနှစ်ယောက်"

တစ်ချိန်တည်းမှာပဲ ဗန်းကြီးနှင့် ကြာစိတို့၏မျက်လုံးတွေက စောစော က သူတို့ကို ဦးဆောင်ပြီးခေါ်လာကြသည့် ရေထမ်းသမား နှစ်ယောက်ကို လူအုပ်ကြားထဲမှာ ဟိုဟိုဒီဒီကြည့်ပြီး ပျာပျာသလဲနှင့် ရှာဖွေလိုက်ကြ၏။

သို့သော် ...

သို့သော် ... မောင်ဖေရှားနှင့် မောင်ဘစီဆိုသည့် ရေထမ်းသမားနှစ် ယောက်ကိုတော့ ဘယ်လိုမှ ရှာမတွေ့တော့ချေ။

ထိုအခါမှာပင် လူရွှင်တော်ဗန်းကြီးက

"ဟို ... ဟို ...၊ တောင်း ... တောင်းပန်ပါတယ် ဘကြီး ရယ် ...၊ ကျုပ်တို့ကို ဒီအိမ်ဟာ အရက်ရောင်းတဲ့ အိမ်ဆိုပြီး ရှေ့က ဦးဆောင်ခေါ်လာတဲ့ လူနှစ်ယောက်ကြောင့်ပါ ...။ ကျုပ်တို့ က ဒီနယ်ကလည်း မဟုတ်ပါဘူး။ ဟောဟို ဖီးတောကွင်းကြီးမှာ ဖာတ်လာကတဲ့ အဖွဲ့ထဲက လူရွှင်တော်တွေပါ"

"ဟင် ..."

ဒီတစ်ခါတော့ စောစောကလူကြီးအပါအဝင် အိမ်အတွင်းမှ ထွက် လာကြသော အားလုံးမှာ တအံ့တသြတွေ့နှင့် ဖြစ်ကုန်ကြသည်။

"ဟုတ် ... ဟုတ်ပါတယ်ဗျာ ...၊ ဒီကိုခေါ်လာတဲ့ လူနှစ်ယောက် နာမည်က ဟို မောင်ဖေရှားနဲ့ မောင်ဘစီဆိုလား"

လူရွှင်တော်ကြာစိထံမှ ထပ်ပြီးကြားလိုက်ရသည့်နာမည်တွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက နောက်သို့ ဖျတ်ခနဲပင် ဆုတ်လိုက်မိကြသည်။ ပြီးတော့ သူတို့၏ မျက်နှာတွေပေါ်မှာလည်း ဘယ်လိုမှ ဖုံးဖိ၍မထားနိုင်သည့် ကြောက်လန့်တုန်လှုပ်သွားသော အမူအရာတွေက ထင်းထင်းကြီး ပေါ်နေ၏။

"ဘာ ••• မောင်ဖေရှားနဲ့ မောင်ဘစီ ဟုတ်လား"

"အင်း ••• ဟုတ်ပါတယ်၊ အခု အဲဒီလူနှစ်ယောက်က ကျုပ်တို့နဲ့ အတူ ဒီခြိုင်းကြီးထဲဝင်လာပြီးမှ ဘယ်ရောက်သွားကြတယ် မသိဘူး"

ထိုစကားတွေကို ကြားလိုက်ရပါမှ အိမ်ကြီးအတွင်းမှ ထွက်လာကြသူတွေ အားလုံးမှာ ဇာတ်ရည်လည်သွားကြသည်။

ထို့နောက် ဗန်းကြီးနှင့်ကြာစိတို့ရှေ့တွင်ရပ်နေသည့်လူကြီးက •••

"အိမ်း ••• မင်းတို့နှစ်ယောက်ကတော့ ကောင်းကောင်းကြီး လှည့်စားခံလိုက်ရပြီ၊ အဲဒီ မောင်ဖေရှားနဲ့ မောင်ဘစီဆိုတဲ့ နာမည်နှစ်ခုကို မောင်ရင်တို့ဇာတ်ကတဲ့ ဇီးတောအတွင်းကြီးထဲက အုတ်ဂူနှစ်လုံးမှာ ကမ္ပည်းထိုးထားတာများ မတွေ့မိကြလေရော့သလား ကွယ်ရို့"

"ဗျာ ••• "

ဗန်းကြီးနှင့် ကြာစိတို့မှာ ကြားလိုက်ရသောစကားကြောင့် သူတို့နားကိုပင် သူတို့ ဘယ်လိုမှမယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြ၏။ တစ်ချိန်တည်းမှာပဲ သူတို့၏နှလုံးအိမ်မှ သွေးကြောတွေကို ဆောင့်ဆွဲခံလိုက်ရသလို မိုက်ခနဲပင်ဖြစ်သွားကာ တစ်ကိုယ်လုံး ပျော့ခွေညွတ်ကျမတတ် ဖြစ်ကုန်ကြ၏။

ထို့နောက် သူတို့ရှေ့မှာရပ်နေသည့် လူကြီးက



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . ဒါမှမဟုတ် တို့ရွာထဲက လူပြောင်၊ လူနောက် နှစ်ယောက်ကများ သူတို့ကိုယ်သူတို့ ဖေရှားနဲ့ ဘစီဆိုပြီး မောင်ရင်တို့ကို ကျီစယ် ခြောက်လှန့်တာများလားကွယ်။ အင်းလေ . . . ကံသေကံမတော့ မပြောနိုင်ဘူးပေါ့။ ဘာပဲဖြစ်ဖြစ် မောင်ရင်တို့ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကတော့ ချောက်ချားစရာပါပဲ၊ သတိတော့ ထားကြပေါ့လေ . . .။ မောင်ရင်တို့ အခုဇာတ်ကရတဲ့ ဇီးတောကွင်း ဆိုတာက ချောက်တဲ့ လှန့်တဲ့နေရာမှာ ရာဇဝင်နဲ့ကွယ့်။ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်တုန်းက အဲဒီ ဇီးတောကွင်း ဇရပ် ဒါယိကာဖြစ်ခဲ့တဲ့ ဇာတ်မင်းသားကြီး စိန်ပိုးသာတို့ ဇာတ်တစ်ဖွဲ့လုံး ပလိပ်ရောဂါနဲ့ အတုံးအရုံး သေကြပြီးတဲ့နောက် . . ."

ဟု အစချီကာ ဇီးတောကွင်းနှင့် ပတ်သက်သမျှ ချောက်ချားဖွယ်ရာ တစ်ချိန်တုန်းက အဖြစ်အပျက်တွေကို တစ်လုံးမကျန် ပြောလိုက်ပါလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ထိုသို့ ...

လူရွှင်တော်ဗန်းကြီးနှင့် ကြာစိတ်နှစ်ယောက် သွေးပျက်ထိတ်လန့် စရာတွေ တွေ့ကြုံကြရသည့် အချိန်မှာတော့ ဇာတ်စင်ကြီးပေါ်မှာ ပွဲထွက်သူက ထွက်၊ ပွဲထွက်ရန် အလှည့်စောင့်ရင်း ယာယီ အခန်းငယ် လေးတွေထဲမှာ ဇီးတောကွင်းကြီးအတွင်း ဖြစ်ပျက်လာခဲ့သမျှ အကြောင်း စုံကို သည်းထိတ်ရင်ဖို ပြန်ပြောသူက ပြောနှင့် ဟိုနားစုစု သည်နားစုစု ဖြစ်နေကြ၏။

ဇာတ်ဆရာ တိုင်းချစ်ရွှေမြားက လက်နှစ်ဖက်ကို နောက်သို့ပစ်ရင်း ဇာတ်စင်နောက်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လျှောက်နေရင်းလည်း သူ့အတွေးတွေက ဇီးတောကွင်းကြီး အတွင်းမှာ ရင်ဆိုင်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ချောက်ချား တုန်လှုပ်စွာ ပြန်တွေးမိနေ၏။

"ငါတို့ . . . ဘာတွေဖြစ်နေကြတာလဲ။ ဘာလို့များ ဒီလို ကြောက်စရာ အဖြစ်အပျက်တွေကို ကြုံနေကြရတာလဲ"

ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်အလီလီ ပြန်မေးလိုက်တိုင်း တိကျသည့်အဖြေက ဘယ်လိုမှ ထွက်မလာ . . .။

တကယ်တော့ ဦးရွှေမြှားကိုယ်တိုင် ဇာတ်ထောင်စားလာသည့် နှစ်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ်အတွင်း ယခုကဲ့သို့ ထိတ်လန့် ချောက်ချားစရာအဖြစ်တွေကို တစ်ကြိမ်တစ်ခါမှ မကြုံဖူး။ ယုတ်စွအဆုံး ဒီလိုသွေးပျက်ထိတ်လန့်စရာအဖြစ်မျိုးတွေကို အိပ်မက်ပင် မမက်ဖူးခဲ့ချေ။

ထိုစဉ် . . .

သူ့နံဘေးသို့ လာပြီးရပ်လိုက်သည့် အရိပ်မည်းကြီးနှစ်ခုကြောင့် အတွေးတွေက မြုန်းခနဲလွင့်စင်သွား၏။ ထိုအရိပ်ကြီးနှစ်ခုကို ထိတ်ထိတ် ပျာပျာနှင့် စောင်းငဲ့ပြီးကြည့်လိုက်လေရာ . . .

ဘိုးစံဗျားနှင့် ဘိုးလေးထွန်း . . .။

သူ့အနားသို့လာရပ်သည့် ဘိုစံဗျားနှင့် ဘိုးလေးထွန်းတို့က မျက်စိ ပျက်၊ မျက်နှာပျက်တွေနှင့် ဖြစ်နေကြပြီး အကြောင်းတစ်စုံတစ်ရာ ကိုလည်း အရေးတကြီးနှင့် ပြောချင်နေပုံရ၏။

ထို့နောက် ဘိုးစံဗျားက ကွမ်းငုံထားသောအသံကြီးနှင့်

"ဇာတ်ဆရာ . . . ငါတို့တော့ ဒီ ဇီးတောကွင်းကြီးမှာ ဇာတ်လာက မိတာ မှားပြီနဲ့တူတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အစချီကာ ညနေက ဇရပ်ပေါ် တက်လာပြီး ထမင်းထုပ်တွေကို ယူသွားကြသည့် ရေထမ်းသမားနှစ်ယောက်အကြောင်းကို အသည်း တယားယားဖြင့် ပြန်ပြောပြလိုက်လေသည်။

ထိုအခါမှ ဦးရွှေမြားမှာလည်း သူ ထမင်းစားမသွားခင်က စဉ့်အိုးကြီး လေးလုံးထဲကို ရေဖြည့်ပေးနေကြသည့် လူရွယ်နှစ်ယောက်၏ မျက်နှာ တွေကို ပြေးမြင်လိုက်မိပြီး အံ့အားသင့်သွားရတော့၏။ တစ်ဆက်တည်း မှာပင် ဘိုးစံဖျား၏စကားထဲမှ ထမင်းကျန် သွားစွန့်မိခဲ့သည်ဆိုသော အုတ်ဂူမှာလည်း သူ ညနေကတွေ့ခဲ့သည့် ဇာတ်စင်နောက်ဘက်မှ အုတ်ဂူတွေများ ဖြစ်နေမလားဆိုသည့် အတွေးက ခေါင်းထဲသို့ ချက်ချင်း ရောက်လာ၏။

ထိုအခိုက်အတန့်မှာပင် ဇာတ်စင်နောက်ဘက်မှ သေလုမြောပါး တွေနှင့် ဝရုန်းသုန်းကားပြေးတက်လာကြသော လူရွှင်တော်ဗန်းကြီးနှင့် ကြာစိတ်တို့ကို တွေ့လိုက်ရသည်။

သူတို့နှစ်ယောက်၏ မျက်နှာတွေက သွေးရူးသွေးတန်းတွေနှင့် ဖြစ်နေပြီး အသားတွေ တဆတ်ဆတ်တုန်နေကာ ချွေးသီးချွေးပေါက်တွေ ကျလျက် မောဟိုက်နေကြသည်။

"ဟင် ... ဟော့ကောင်တွေ ... မင်းတို့ ဘာ ... ဘာဖြစ်လာကြ တာလဲ"

ဗန်းကြီးနှင့်ကြာစိတ်တို့က သေလုမြောပါးမောဟိုက်နေသည့် လေသံ များဖြင့်

"ဟောဟဲ ... ဟောဟဲ ... ကျုပ် ... ကျုပ်တို့ ဒီတစ်ခါတော့ ကိုယ်ကျိုးတွေ နည်းကုန်ကြပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ဘယ်လို . . .၊ မြန်မြန်ပြောစမ်းပါကွာ၊ ဘယ်လိုတွေ ကိုယ်ကျိုးနည်းကုန်တာလဲ"

ဘိုးစံဗျားကလည်း အလျင်စလိုနှင့် စိတ်မရှည်ဘဲ တစ်မေးတည်း မေးနေပြန်၏။

"ဟို . . . ဟို . . . ကျုပ်တို့ကို ရေထမ်းပေးကြတဲ့ မောင်ဖေရှားနဲ့ မောင်ဘစီဆိုတဲ့ လူနှစ်ယောက်ကို ကျုပ်တို့ . . . ကျုပ်တို့ . . ."

"ဟင် . . ."

လူရှင်တော်ကြာစိစကားမဆုံးခင် ကြားလိုက်ရသည့် နာမည်များကြောင့် ဇာတ်ဆရာ ဦးရွှေမြား ခေါင်းနပမ်းကြီးသွား၏။ တကယ်တော့ ဒီနာမည်တွေက ခပ်စောစောကတည်းက သူ့မျက်လုံးထဲမှာ စွဲထင်ရစ်နေသော နာမည်တွေ မဟုတ်ပါလား။

ထိုအချိန်မှာပဲ လူရှင်တော်ပမ်းကြီးနှင့် ကြာစိတို့က အရက်ဆိုင် အမှတ်နှင့် ရောက်သွားခဲ့သော အသုဘအိမ်မှ ရွာသားတွေပြောပြလိုက်သည့် ဇီးတောကွင်းခေါ် ဆိုင်းမတီးရွာ၏ အထူးအဆန်း အဖြစ်အပျက်တွေ အကုန်လုံးကို တစ်လုံးမကျန် ပြန်ပြောပြလိုက်လေတော့သည်။

ထိုအခါမှ . . .

ဇာတ်ဆရာဦးရွှေမြား၊ ဘိုးစံဗျားနှင့် ဘိုးလေးထွန်းတို့ သုံးယောက်သားမှာ ဘယ်လိုမှ တွေးထင်မထားခဲ့မိသည့် သူတို့ဇာတ်ကနေရာ ဇီးတောကွင်းကြီးမှ သွေးပျက်ချောက်ချားဖွယ်ရာအဖြစ်တွေကြောင့် ခန္ဓာကိုယ်တွေ အေးစက်တောင့်တင်းသွားကြကာ ဘာဆက်လုပ်၍ လုပ်ရမှန်းပင် မသိဘဲ ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ဒီလိုသွေးပျက်ချောက်ချားဖွယ်ရာ အဖြစ်အပျက်တွေကို မပြောဘဲ နှုတ်ပိတ်လျက် လှုံ့လှုံ့ဝှက်ဝှက်နိုင်လှသော ဇီးတောဆယ်ရွာမှ ရွာသားများနှင့် ဇာတ်ပွဲကို မရမက ပွဲသွင်းသော မောင်စံတင်ဆိုသူတို့၏ အကြောင်းတွေကလည်း ဇာတ်ဆရာ တိုင်းချစ်ရွှေမြား၏ ခေါင်းထဲသို့ တန်းစီပြီးဝင်လာ၏။

ထိုသို့ ဇာတ်ဆရာ ဦးရွှေမြားနှင့် ဘိုးစံပျားတို့လူကြီးများ စင်အနောက်ဘက်တွင် အထိတ်တလန့် ခေါင်းချင်းရိုက်နေချိန်မှာတော့ ဇာတ်စင်၏ ရှေ့ဘက်မှာ မင်းသားတောကျော်က အဆိုအပြောများနှင့် ကပြဖျော်ဖြေလျက် ရှိနေတုန်းပင် ဖြစ်၏။

ဇာတ်စင်အောက်မှ ပရိသတ်တွေကလည်း မင်းသားတောကျော်၏ ဆိုဟန်ဆိုပေါက်တွေကြောင့် လက်ခုပ်လက်ဝါးတွေတီးကာ အော်ဟစ်ပြီး အားပေးနေကြသည်။ ထိုအသံတွေက မိန်းကလေးအသံတွေချည်း ဖြစ်နေ၍လည်း မင်းသားတောကျော်မှာ သူ့ဉာဉ်အတိုင်း ညုတုတုအသံတွေနှင့် ပြောရင်းဆိုရင်း မမောနိုင် မပန်းနိုင်ဘဲ ဖြစ်နေလေသည်။

ထိုအချိန်မှာပင် ဇာတ်ဆရာဦးရွှေမြား မစုံစုံအောင် ဆွဲခေါ်လာခဲ့ရသည့် အခြားဇာတ်အဖွဲ့ထဲမှ လူရွှင်တော်နှစ်ယောက်က မင်းသားတောကျော် ကနေရာနေရာသို့ ချဉ်းကပ်လာပြီး လေသံတီးတိုးနှင့် ထိတ်ထိတ်ပျာပျာ ပြောလိုက်ကြ၏။

"ဗျို့ . . . ကိုတောကျော် . . . ခင်ဗျား သိပ်လည်း ညုတုတုတွေ လုပ်မနေနဲ့ဗျ။ စင်အောက်က ပရိသတ်ကိုလည်း ကြည့်လိုက်ဦး . . . အားလုံးက ကိုယ်ဝန်ဆောင် မိန်းမတွေချည်းပဲ"

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မင်းသားတောကျော်မှာ ဇာတ်စင်အောက်တွင် လက်ခုပ်လက်ဝါးတွေတီးပြီး ရင်ခေါင်းသံကြီးတွေနှင့် အော်ဟစ်အားပေးနေကြသည့် ပရိသတ်တွေကို သေချာကြည့်လိုက်လေရာ ••• ကိုယ်ဝန်အရင့်အမာကြီးတွေနှင့် မိန်းမများက ထဘီတွေကို ရင်လျားထားလျက် ပွဲခင်းတစ်ခုလုံး ပြည့်နှက်နေသည်ကို တွေ့လိုက်ရသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသည်နှင့် တောကျော်မှာ ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်းထသွားပြီး မျက်စိပျက် မျက်နှာပျက်နှင့် ကန့်လန့်ကာ နောက်သို့ ကမျောသောပါး ပြေးဝင်သွား၏။

တစ်မုဟုတ်ချင်းဆိုသလို ပျံ့လွင့်သွားသော ဗန်းကြီးနှင့်ကြာစိတို့၏စကားတွေကြောင့် တစ်ဖက်မှ ရင်ကွဲဇရပ်အိုပေါ်တွင် ရှိနေကြသောဇာတ်သူဇာတ်သားတွေမှာ ပြူးပြူးပျာပျာနှင့် ရတ်ရတ်သဲသဲတွေ ဖြစ်ကုန်ကြသည်။ နဂိုကတည်းက သွေးပျက်ချောက်ချားနေကြသည့် မင်းသမီးတွေကလည်း ဇာတ်ဆရာ ဦးရွှေမြှားဆီသို့ အားကိုးတကြီးနှင့် ပြေးလာကြရာ ဇာတ်စင်တစ်ခုလုံး ရှုန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ကြတော့သည်။

ထိုအထဲမှ အချို့မင်းသမီးတွေ၊ ယိမ်းသမများကလည်း တုန်တုန်ယင်ယင်ဖြင့်

"ဘုရား ••• ဘုရား •••၊ ဒုက္ခတွေတော့ ရောက်ကုန်ကြပါပြီ •••၊ အခု ဘယ်လိုလုပ်ကြမတုံး •••"

ထိုသို့ နေစရာမရှိအောင် ကြောက်လန့်နေကြသော ဇာတ်အဖွဲ့သားများကို ဇာတ်ဆရာက •••

"ကိုင်း ••• ဟေ့၊ တို့အဖွဲ့သားတွေ ••• ဘာမှမကြောက်ကြနဲ့ဟန်မပျက် ဆက်ပြီးက။ ဖြစ်လာရင် ဖြစ်သလို ရင်ဆိုင်ကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဘိုးစံဗျားတို့လည်း ဝန်မင်းနှစ်ပါးထွက်ဖို့ အသင့်ပြင်ကြပါ"

ထို့နောက် ဦးရွှေမြှားက လူစုကြီးအတွင်းမှာ မအူမလည်နှင့် ယောင်နနဖြစ်နေသော ထမ်းဆင့်သမား သောမောင်ကို

"ဟေ့ . . . သောမောင် . . . ပွဲခင်းထဲမှာ ဟိုပွဲငှားလာတဲ့ စံထင် ဆိုတဲ့ကောင်ကို အခုချက်ချင်းသွားရှာပြီး ခေါ်လာခဲ့စမ်း"

ဇာတ်ဆရာ ဦးရွှေမြှား၏အသံတွေက ဟန်လုပ်ကာ တင်းမာနေသယောင် ရှိသော်လည်း သူကိုယ်တိုင်က အခုလို အခြေအနေမျိုးကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်နေ၏။ ပြီးတော့ မတီးရ မဆိုရ မကရဟု အစဉ်အလာရှိခဲ့သော ဗီးတောကွင်းကြီးအတွင်းမှာ ဇာတ်လာကမိကြသည့် သူတို့ဇာတ်အဖွဲ့ကြီး၏ ကံကြမ္မာကိုလည်း တွေးတွေးပြီး အလိုလို ကြောက်ရွံ့နေမိလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

အောက်လင်းမီးတွေ ထိန်နေအောင် ထွန်းညှိထားသော ကစားဝိုင်းများတွင် ထိုးသားတွေက ထင်သလောက်မရှိသည့်အတွက် ထမ်းဆင့်သောမောင်မှာ ထိုဝိုင်းထဲမှ စံတင်ဆိုသည့်လူကို လွယ်လွယ်နှင့်ပင် တွေ့လိုက်ရ၏။

စံတင်ကလည်း သူကပ်ဖားလုပ်နေသည့် တရုတ်သူဌေးအရှောင်၏ ဘေးတွင် ထိုင်လျက် ကစားဝိုင်းကို စိတ်ဝင်တစားတွေနှင့် ကြည့်နေ၏။

ထိုအချိန်မှာပင် ... အလှည့်တိုင်းလိုလို ငွေစတွေကို ပေးလျော်နေရသည့် ဒိုင်ကို တရုတ်ကြီးအရှောင်က အားမလို အားမရနှင့် ဝင်ပြောလိုက်၏။

"ဟဲ့ ချင်အင်း ... နင် ဒိုင်လုပ်နေပုံကလည်း အီရင်းပါ ပြုတ်မဲ့ပုံပဲ ဟာ ... ဖယ်စမ်းပါ ချင်အင်းရာ ငါ ဒိုင်ကိုင်ပြစမ်းပါမယ် ..."

ဟုဆိုကာ တရုတ်ကြီးအရှောင်က အလှည့်တိုင်းပေးလျော်နေရသည့် ဒိုင်နေရာတွင် မူးမူးနှင့် ဝင်ပြီးထိုင်လေသည်။ ထိုဂျင်ဒိုင်တွေမှာလည်း တရုတ်အရှောင်၏ လူများသာဖြစ်နေကြရာ အရှောင်က ထိုကဲ့သို့ ဖွတ်

www.burmeseclassic.com

www.burmeseclassic.com



အတင်းဝင်ပြီး ဒိုင်ကိုင်မည်ဟု ဆိုလိုက်သည်နှင့် ဘာတစ်ခွန်းမှ မပြောရဲ မဆိုရဲဘဲ ဘေးသို့ထွက်ပေးလိုက်ရ၏။

ထို့နောက် အရှောင်က ထိုးသားတွေကို ကြေးမြှင့်ပြီး ထိုးကြဖို့ ပြောလိုက်ပြီး ဂျင်ကို သူကိုယ်တိုင် လှည့်လေသည်။

ထိုးသားအချို့မှာ မြွေ၊ ဖားနှင့် ငါးတို့ကို စိတ်ထင်ရာမှန်းပြီး တစ်လှည့်စီ ထိုးနေကြသော်လည်း ထိုအထဲမှ တစ်ယောက်ကတော့ ကြက်ကိုသာ အလှည့်တိုင်း အောပြီး ထိုးနေ၏။ ထိုလူထိုးနေသည့် ငွေသားပမာဏမှာလည်း တခြားထိုးသားတွေ ထိုးနေသည့် ငွေစတွေ ထက် ပိုများနေသဖြင့် ဒိုင်လုပ်သူအရှောင်က မျက်စိကျလျက်ရှိနေသည်။

အုပ်ကိုင်က အုပ်ကိုဖွင့်လိုက်ရာ ကြက်ပေါ်သွားသဖြင့် အရှောင်က ထိုကြက်ကို အောထိုးသူအား ငွေသား တော်တော်များများ ပေးလျော် လိုက်ရသည်။

ထိုမြင်ကွင်းကို ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသော ထမ်းဆင့်သမား သောမောင်မှာ စိတ်တင်ကို လှမ်းမြင်နေရသော်လည်း ခေါ်ဖို့ မဝံ့မရဲဖြစ် နေမိ၏။

သည်လိုနှင့် အလှည့်တိုင်းလိုလို ကြက်ကို ထိုးနေသည့်လူအား ငွေစတွေ ပေးလျော်နေရသော အရှောင်မှာ မျက်နှာကြီးတစ်ခုလုံး ရဲရဲနီ နေပြီး သူ့အုပ်ကိုင်ကိုလည်း ရှုံးမဲမဲပြီး ဖိဟောက်၍သာ နေလေ၏။

"နင်ကလဲ ... တော်တော်အသုံးမကျလှဲ့ကောင်ပဲ တီခြားငါးတို့ ...၊ ဖားတို့ မဖွင့်ဘဲ ကြက်တွေချည်းပဲ ဘာလို့ဖွင့်နေရတာလဲ"

"မ ... မဟုတ်ဘူး ထောင်ကဲ ... သူ့အလိုလို ကြက်တွေချည်းပဲ ကျနေတာ"



www.burmeseclassic.com

www.burmeseclassic.com



စေခိုင်းချက်အရ မင်းသမီးရွှေခြံသန်းသန်းမှာ ပဒ္မာစာရီ ဇာတ်ထုတ်ကို ဘိုးစံဖျားတို့ ဘိုးလေးထွန်းတို့နှင့်အတူ စင်ရှေ့မှာ ခင်းပြနေလေသည်။

ထိုပဒ္မာစာရီ ဇာတ်ထုတ်ထဲတွင် သားနှစ်ယောက်လုံးကလည်း သေ၊ လင်သည်ကလည်း မြွေပေါက်၍ ဆုံးပြန်သောကြောင့် သွက်သွက်ခါအောင် ရူးနေသော ဇာတ်ရုပ်ကို ရွှေခြံသန်းသန်းက အငို၊ အပြော၊ အရှိုက်အပင့်၊ အဖြတ်အတောက်တွေနှင့် ငိုချင်းချနေလေသည်။

ထိုသို့ သွက်သွက်ခါအောင် ရူးနေသောအခန်းတွင် ရွှေခြံသန်းသန်းက ကလေးသဏ္ဍာန်လုပ်ထားသော အဝတ်စုတ်များထည့်ထားသည့် စောင်ထုပ်ကိုလည်း လက်ကပွေ့ချီထားလေသည်။

ထို့နောက် ရွှေခြံသန်းသန်းက စောင်ထုပ်ကို လက်တစ်ဖက်က ပွေ့ပိုက် ထားရင်း

"အမလေး ... ငါကြိုတွေ့ရ ရင်ငွေ့လှုံရယ်လေ မျက်နှာရွှေစင် ကြေးမုံပြင် ထင်စာရေး ... မှန်ပုံပြင် မေမြင်သေးလို့ ...၊ မေလေး ငယ်မှ မယ့်ရှင် ..."

ဟု ငိုချင်းတစ်ပုဒ်ကို သီဆိုလိုက်ကာ စောင်ထုပ်ထဲမှ ကလေး၏ မျက်နှာကို လက်တစ်ဖက်ဖြင့်လှပ်ပြီး ကြည့်သည့်ဟန်ဖြင့် သရုပ်ဆောင် လိုက်လေရာ ...

"ဟင်"

သူလှပ်ပြီးကြည့်လိုက်သည့် စောင်ထုပ်ထဲမှာတော့ အဝတ်စုတ်တွေ မဟုတ်ဘဲ တကယ့်ကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုကလေး၏ မျက်နှာက စောစောက သူ ဇီးတောကွင်းကြီးအတွင်းမှာ ချိုးပိုးလိုက်မိသည့် ကလေး၏ မျက်စိပေါက်သေးသေး ကျူတ်ချွတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးပင်ဖြစ်နေပြီး ထိုကလေးက သူ့ကို ရယ်ပြနေလေသည်။

"အား . . ."

သွေးပျက်ရူးသွပ်မတတ်လန့်ပြီး အော်လိုက်သံနှင့်အတူ လက်ထဲမှာ ပွေ့ပိုက်ထားသော စောင်စုတ်ကိုလည်း အောက်သို့လွှတ်ချကာ ရွှေခြိသန်းသန်းမှာ ဇာတ်စင်ပေါ်မှ သွေးရူးသွေးတန်း အော်ဟစ်ပြီး ပြေးဆင်းသွားလေတော့သည်။

"အောင်မယ် . . . လေး . . ."

ငယ်သံပါအောင် အော်ဟစ်လိုက်သော ရွှေခြိသန်းသန်း၏ အသံကြောင့် ဇာတ်အဖွဲ့တစ်ဖွဲ့လုံးမှာ ရှိသည့်လူတွေ အကုန်လုံးမှာ နဂိုကတည်းက သွေးလန့်နေကြသူတွေဖြစ်ရာ ဝရုန်းသုန်းကားတွေ ဖြစ်ကုန်ကြပြီး ပြေးမိပြေးရာကို အော်ဟစ်ပြီး ပြေးကုန်ကြ၏။

တစ်ချိန်တည်းလိုလို

ဆိုင်းဆရာ ရွှာစားစိန်ဆေးရိုးကလည်း ပဋ္ဌာစာရီ၏ ဝိုချင်းကို တီးပေးနေရင်း ရုတ်တရက် သူ့ဆိုင်းဝိုင်းကြီးအတွင်းမှ ပတ်လုံးတွေကို လိုက်ပြီးတီးနေသည့် လက်ကြမ်းကြီးတွေကို အုပ်မိ၊ ထိမိ၊ ရိုက်မိပြန်သည်။ ဒီတစ်ကြိမ် ထိမိနေသည့်လက်တွေက အရင်တစ်ခါလို မဟုတ်။

ရွှာစားစိန်ဆေးရိုးမှာ နလုံးခုန်တွေပင် ရပ်တန့်သွားမတတ် ကြောက်ရွံ့သွားပြီး တီးနေသည့်လက်တွေကို တန့်ခနဲ ရပ်လိုက်ကာ အသံကုန်ဟစ်ပြီး ကုန်းအော်လိုက်တော့၏။

"အောင်မလေး လုပ် . . . လုပ် . . . လုပ်ကြပါဦး . . . လုပ်ကြပါအုံး ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ရှာစားစိန်ဆေးရိုးမှာ ထိုသို့ အသံကုန်ဟစ်အော်လိုက်ရင်း ဆိုင်းဝိုင်းကြီးအတွင်းမှခုန်ထွက်ကာ ပုဆိုးမနိုင်၊ ပဝါမနိုင်ဖြင့် ပြေးမိပြေးရာသို့ ပြေးလေသည်။

စိန်ဆေးရိုး ထိုသို့ထွက်ပြေးသည်နှင့် တစ်ပြိုင်နက် သူ့အဖွဲ့မှ အတီးသမားများမှာလည်း နဂိုကတည်းက ကိုယ့်အတွေးနှင့်ကိုယ် ချောက်ချောက်ချားချား တီးမှုတ်နေကြသည်ဖြစ်ရာ နဲ့ လင်းကွင်းနှင့် စည်းတွေ၊ ဝါးတွေကို ပစ်ချပြီး ရှေ့မှလူတွေပြေးသည့်နောက်သို့ ဒလမန်းကြမ်းပြေးလိုက်ကုန်ကြသည်။

လျှပ်တစ်ပြက်အတွင်းမှာ ရုန်းရင်းဆန်ခတ်တွေနှင့် အော်ဟစ်ရင်းပြေးကြ၊ လွှားကြသည့် အသံတွေ၊ မမြင်မစမ်းတွေနှင့် ပြေးမိပြေးရာကိုစွတ်ပြီး ပြေးကြရင်း တစ်ယောက်နှင့်တစ်ယောက် ဝင်တိုက်မိကြသည့် အသံတွေက ဇာတ်စင်တစ်ဝိုက်မှာ ကျွက်ကျွက်ညံနေ၏။

ဇာတ်စင်ကြီးအနီးမှာ စိုက်ထူထွန်းညှိထားသည့် ကညင်ဆီမီးတိုင်ကြီးတွေကိုလည်း ဝင်တိုက်မိကြရာ အလဲလဲ၊ အပြိုပြိုဖြစ်ကုန်ပြီး မီးတွေ တဟုန်းဟုန်း တောက်လောင်ကုန်သည်။

ရွှေဒေါင်းယဉ်ဇာတ်အဖွဲ့ကြီးတစ်ခုလုံး ကစဉ့်ကလျားနှင့် အိုးနင်းခွက်နင်း ပြေးနေရချိန်မှာတော့ . . .

လူမရှိတော့သည့် ဇာတ်စင်ကြီးတစ်ခုလုံးမှာလည်း မီးတဟုန်းဟုန်းကျွမ်းစွဲလောင်မြိုက်ကာ ဖရိုဖရဲပြိုကျသွားလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ၃ နှစ်ခန့်အကြာတွင်...။

၁၉၃၀ ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက်နေ့တွင် ၂၆ ဒသမ ၆၂ မိုင်ရှည်လျားသော မြို့သာမြို့နှင့် ပလိပ်မြို့တို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းဖွင့်ပွဲကို ကျင်းပခဲ့လေသည်။

ထိုမီးရထားလမ်းဖွင့်ပွဲသို့ အမျိုးသားရဲတပ် ဗိုလ်ချုပ် ဆာမောင်ကြီး ကိုယ်တိုင် တက်ရောက်ခဲ့သည်။ ဆာမောင်ကြီးနှင့်အတူ လမ်းအင်ဂျင်နီယာ မစ္စတာဘာရေးဆိုသူလည်း ပါလာသည်။ လမ်းအင်ဂျင်နီယာ မစ္စတာဘာရေး၏တာဝန်မှာ ငါန်းဖွန်မြို့မှ မြင်းခြံ အထိ ထို့နောက် မြင်းခြံမှ ကျောက်ပန်းတောင်းအထိ မီးရထားလမ်း ဖောက်လုပ်ရန်အတွက် လမ်းအူကြောင်း ရှာဖွေရန်အတွက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းတာတွက်ချက်ထားသော မြေပုံများအရ ထို လမ်းအူ ကြောင်းသည် ဖီးတောရွာ (၁၀) ရွာ၏ အတွင်းဘက် ၂ မိုင် အကွာခန့်မှ ဖြတ်သန်းသွားရမည်ဖြစ်သည်။ ထို့ကြောင့်ပင် တိုးတိုးတိတ်တိတ် သတင်း ကြီးနေသော ဖီးတောကွင်းဆီသို့ ဆာမောင်ကြီးနှင့် မစ္စတာဘာရေးတို့၏ အင်ဂျင်နီယာတစ်ဖွဲ့ ရောက်လာခဲ့လေတော့သည်။

အရှေ့ဖီးပင်ကုန်းရွာသူကြီး ဦးပျော့၏ ခြံဝင်းအတွင်း၌ ဝန်စည် စလယ်များကို နေရာချပြီးသည့်နောက် မစ္စတာဘာရေးတို့ အင်ဂျင်နီယာ အဖွဲ့ကား လက်ဆွဲဘာဂျာ တီးသူတီး၊ မယ်ဒလင်တီးသူတီးဖြင့် စိတ် လွတ် ကိုယ်လွတ် ပျော်ရွှင်စွာ အနားယူကြလေတော့သည်။

"ကီးကော်... ကီးကော်... ဝွမ်း... ဝွမ်း"

"တန့်... တန်... တန်... တီးတီး... တန့်"

မကြာပါချေ။ ဆာမောင်ကြီးက အခေါ်ခိုင်းလိုက်သဖြင့် ဖီးတော (၁၀) ရွာမှ ရွာသူကြီးများ ရောက်လာကြလေတော့သည်။ ဆာမောင်ကြီး ၏ အပါးတော်မြဲက–

"အနောက်ဖီးပင်ကုန်း ရွာသူကြီးရော ဘယ်မှာတုန်း။ မတွေ့ ပါကလား"

"ကျွန်တော်မျိုးပါ ဘုရား။ ကျွန်တော်မျိုးနာမည် ကျော်ဒွန်းလို့ ခေါ်ပါတယ်။"

"ဟဲ့... အရင်တုန်းက အနောက်ဖီးပင်ကုန်းရွာသူကြီးက ဦးဖိုးဆိုင် မဟုတ်လား။ သူက ဘယ်ရောက်သွားလို့တုန်း"

ထိုမေးခွန်းကြောင့် သူကြီးများအားလုံး အဖြေရခက်သော တဆတ်ဆတ်တုန်ယင်သော နှုတ်ခမ်းများဖြင့် တစ်ဦးကိုတစ်ဦး ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အိုမင်းမွဲသီသော မျက်လုံးအိမ်ထဲမှာ မျက်ရည်စတချို့ပင် ဝေ့ဝဲလာကြသည်။

တိတ်ဆိတ်နေသည်မှာ အချိန်အတော်ကြာသွားသဖြင့်–

"မေးနေတာ ဖြေကြလေ။ ဘာလုပ်နေကြတာတုန်း"

ခပ်ငေါက်ငေါက် မေးလိုက်သောအခါတွင်မှ အရှေ့ဖီးယင်ကုန်းရွာသူကြီး ဦးပျော့က တုန်တုန်ယင်ယင်လေသံဖြင့်–

"ကိုဖိုးဆိုင် ကွယ်လွန်တာ ၃ နှစ်ရှိသွားပါပြီ ဘုရား"

"ဟင်... ဘယ်လိုဖြစ်ရတာလဲ"

"လွန်ခဲ့တဲ့ ၃ နှစ်က အရေးပိုင်အမိန့်နဲ့ ဖီးတောကွင်းထဲမှာ အာဝါဒေးပွဲ လုပ်ရာကနေ ပွဲခင်းတစ်ခုလုံး မီးလောင်ပြီး သေသူသေ၊ ကြေသူကြေ ဖြစ်ခဲ့ရပါတယ် ဘုရား။ သေတဲ့ သူတွေထဲမှာ မြင်းခြံမြို့ပေါ်က တရုတ်သူဌေးတစ်ယောက် တောင် ပါပါသေးတယ်"

"အဲဒီတော့..."

"အဲဒီကိစ္စပေါ်လို့ အစိုးရမင်းများ အပြစ်ဒဏ်သင့်မှာ ကြောက်ပြီး နောက်တစ်နေ့မှာတင် ဖီးတောကွင်း ဇရပ်ဘေးက ကုက္ကိုပင်မှာပဲ ကိုဖိုးဆိုင်တစ်ယောက် ကြိုးဆွဲချ သတ်သေသွားတော့ တာပါပဲ ဘုရား"

"အလို... ဖြစ်မှဖြစ်ရလေ"

❑



www.burmeseclassic.com

www.burmeseclassic.com



မီးရထားလမ်း ဖောက်ရန်ကိစ္စကို ဇီးတော (၁၀)ရွာမှ သူကြီး များအားလုံးကို အသိပေးပြီးနောက် မြေအနေအထားကို အကဲခတ်ရန် ဇီးတောကွင်းဆီသို့ အားလုံး ထွက်လာခဲ့ကြသည်။

ဇီးတောရွာသူကြီးများခမျာလည်း ဝတ္တရားအရ မလွှဲမရှောင်သာသဖြင့် ကြောက်ကြောက်နှင့်ပင် မစ္စတာဘာရေးတို့ အင်ဂျင်နီယာအဖွဲ့နောက်မှ ကျုံ့ကျုံ့ယုံ့ယုံ့ လိုက်ပါလာကြရလေတော့၏။

သူတို့၏ မျက်လုံးများကတော့ မစ္စတာဘာရေးတို့ အဖွဲ့သားများ၏ လက်ထဲမှ လက်ဆွဲဘာဂျာများ၊ မယ်ဒလင်များဆီသို့ ကွက်ကြည့်ကွက်ကြည့်ဖြင့် ရင်တမမ ဖြစ်နေကြရရှာ၏။ နောက်... သူကြီးဦးပျော့ကိုလည်း တံတောင်ဖြင့် မသိမသာတွတ်ရင်း လေသံတိုးတိုးဖြင့်

"ကိုရင်...။ သူတို့လက်ထဲက ဟိုဟာတွေကို မတီးဖို့ပြောမှ ဖြစ်မယ်ထင်တယ်လဗျာ။ နို့မို့ရင် ဒုက္ခများကုန်လိမ့်မဗျ"

သူကြီးဦးပျော့ခမျာလည်း မျက်နှာဖြူအရာရှိများကို မည်သို့မည်ပုံ ပြောရမည်မသိဘဲ အကြီးရခက်ကာ ခေါင်းကိုသာ တဗျင်းဗျင်း ကုတ်ရင်း ကြောက်စိတ်နှင့် လွန်ဆွဲနေရရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဥ်မှာပင် ဆာမောင်ကြီးက

"ကျွန်တော်တို့ ငယ်ငယ်တုန်းက ဟောဒီ မြင်းခြံနယ်တစ်ဝိုက်မှာ အင်မတန်နာမည်ကြီးတဲ့ ဓာတ်မင်းသားကြီး ဦးစိန်ဖိုးသာ အနိစ္စရောက်သွားတာ ဒီ ဗီးတောရွာမှာပဲ မဟုတ်လား"

ဟု မေးလိုက်၏။

ထိုအခါကျမှ သူကြီးဦးပျော့ကလည်း စကားပြောခွင့်သာပြီဟု တွက်လိုက်မိပြီး

"ဟုတ်... ဟုတ်ပါတယ်။ ဟောဟို ဗီးတောကွင်းအလယ်က မီးသင့်ထားတဲ့ ဇရပ်ကြီးဟာ မင်းသားကြီး ဦးစိန်ဖိုးသာ ဆောက်ခဲ့တာပေါ့။ အဲဒီဇရပ်ကြီးဆောက်ပြီး လှူမယ့်ဆဲဆဲမှာ သူ့ခမျာ ကံဆိုးရှာတာပါပဲ။ အလှူရေစက်တောင် မချလိုက်ရရှာဘူး။ သူတို့ ဓာတ်အဖွဲ့တစ်ဖွဲ့လုံး ဇရပ်ပေါ်မှာ ရက်ရှည်တည်းနေကြတဲ့အခိုက်မှာပလေ...။ ပလိပ်ရောဂါဆိုးကြီး ဖြစ်လိုက်တာ နေ့တောင်မကူးပါဘူး။ တစ်ယောက်ပြီး တစ်ယောက် အတုံးအရုံး သေကုန်ကြတော့တာပဲ။

မင်းသားကြီး စိန်ဖိုးသာရဲ့ သမီးနှစ်ယောက်စလုံးကလည်း အဲဒီအချိန်မှာ ကိုယ်ဝန်နဲ့ဆိုတော့ ပိုပြီး စိတ်ထိခိုက်စရာကောင်းတာပေါ့လေ။ ဗိုက်ထဲက ကလေးတွေပါ အဆစ်ပါသွားရရှာတာကိုး။ သူတို့ ဓာတ်တစ်ဖွဲ့လုံးမှာ မသေဘဲ ကျန်နေခဲ့တာဆိုလို့ နှစ်ယောက်လား၊ သုံးယောက်လားပဲ ရှိတယ်။ ဇရပ်ကြီးကိုလည်း အလှူရှင်မရှိတော့ဘူးဆိုတော့ ဘယ်သူကမှ ရေစက်ချတာတွေ၊ အမျှဝေတာတွေ မလုပ်ဖြစ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီနောက်ပိုင်းမှာတော့ ဒီဇရပ်ကြီးနဲ့ ဇီးတောကွင်းတစ်ဝိုက်မှာ မြေကြမ်းတယ်လို့ ရွာသားတွေက ယုံကြည်လာကြတယ်။ ပြီးတော့ ဒီကွင်း၊ ဒီမြေပေါ်မှာ တီးတာ၊ မှုတ်တာ၊ ကတာ၊ ခုန်တာတွေ မကြိုက်ဘူးဆိုတဲ့ အစွဲအလမ်း ဖြစ်လာတော့တာပဲ။ အင်း… ဖြစ်မယ်ဆိုလည်း ဖြစ်စရာပေါ့လေ”

သူကြီးဦးပျော့က သူ့စကားကို အဆုံးသတ်သလိုလို၊ မသတ်သလိုလိုဖြင့် ဘေးဘီဝဲယာကို မသိမသာ အကဲခတ်လိုက်၏။

မြန်မာစကားကို နားလည်နေကြသော မစ္စတာဘာရေး၏ အင်ဂျင်နီယာအဖွဲ့သားများကတော့ သူတို့ကိုင်ထားသည့် တူရိယာပစ္စည်းများကို တို့ထိ လက်ကစားခြင်း မပြုတော့ဘဲ အသာပင် ငြိမ်ငြိမ် သက်သက် ကိုင်ထားလိုက်ကြသည်ကို တွေ့လိုက်ရသည်။

ဆာမောင်ကြီးကတော့ ယုံတယ်ဟုလည်း မပြော၊ မယုံဘူးဟုလည်း မပြောဘဲ ခေါင်းကိုသာ တညိတ်ညိတ်လုပ်နေတော့သည်။

❑


www.burmeseclassic.com

www.burmeseclassic.com





နောက် ၄ လခန့်အကြာတွင် မီးရထားလမ်းဖောက်လုပ်ရန်အတွက် ဗီးတောကွင်းအလယ်တွင်ရှိသော ဇရပ်အိုကြီးကို ဖြိုဖျက်ပစ်လိုက်ကြသည်။ ထိုအခါ ဇရပ်လှေကားခုံအောက်ကို တူးလိုက်ရာတွင် တစ်ထွာကျော်ကျော်ခန့် အရွယ်အစားရှိသော ဖုံသေးသေးလေးတစ်လုံးကို တွေ့ရသည်ဟု ပြောကြသည်။

ကိုယ်တွေ့မြင်လိုက်ရသူများ၏ အပြောအရဆိုလျှင် ထိုဖုံ၏ မျက်နှာဝကို ကျက်ထားသော သားရေသည် ရိုးရိုးဖုံများမှာလို နွားသားရေ မဟုတ်ဘဲ မပြောစကောင်းသည့် သားရေတစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်ဟု ဆိုကြသည်။

ထိုစကား မှန်၊ မမှန်ကိုမူ သက်သေပြနိုင်မည့်သူဟူ၍ တစ်ယောက်မှ မရှိတော့ပါ။ ထိုဖုံကလေးကို မည်သူကရသွားပြီး တစ်နည်း တစ်ဖုံ ဖျက်ဆီးလိုက်သလား သို့မဟုတ် ယနေ့တိုင် ရှိနေဆဲလားဆိုသည်ကိုလည်း မည်သူကမှ မသိနိုင်တော့ပါ။

ဆိုင်းမတီးရွာဟု နာမည်ကြီးလှသော ဗီးတောကွင်းမှ ထိတ်လန့်ချောက်ချားဖွယ် အဖြစ်ဆိုးများကတော့ ထိုကတည်းကပင် ရပ်တန့်ကွယ်ပျောက်သွားခဲ့ပါတော့သည်။ ။

သဂြိုးတောဝ

www.burmeseclassic.com

## ကြိုးကြာနီစာပေမှ ဆက်လက်ထွက်ရှိမည့် စာအုပ်များ



**ဇော်နိုင်ငံစိုး**

**သူယောင်မယ် လူသတ်သမနှင့်**
**မြွေသူတော်မောင်ခြိမ့်**




*လော့ကာ (Locker) ထဲမှ*
*အနက်ရောင် ကြောင်ကြီးမှာ*
*ပြာလဲ့ စူးရှနေသော မျက်လုံးအစုံဖြင့်ကြည့်ရင်း*
*အပြင်သို့ လှမ်းခနဲ ခုန်ထွက်လာသည်။*
*ပြီးနောက် ကျွန်တော့် မျက်စိရှေ့မှောက်မှာပင်*
*တဖြည်းဖြည်း ကြီးထွားလာကာ*
*အနက်ရောင် လူရိပ်တစ်ရိပ်အဖြစ်*
*ပြောင်းလဲသွားလေသည်။*

**သတိုးဝေဇ**

**ကြမ္မာပြောင်းသူ**




*"ကိုးရက်တိတိ နိုင်မယ်... ၊*
*ကိုးဖဲနဲ့ပဲ နိုင်မယ်။*
*နေ့ ဆယ့်နှစ်နာရီနဲ့ ည ဆယ့်နှစ်နာရီကြားမှာ*
*ကိုးပွဲပဲ ကစား။*
*နောက်တစ်ခုက*
*ကစားပွဲပြီးတိုင်းမှာ*
*မင်း အနီရှာရုံတွေကို မြင်ရလိမ့်မယ်"*

**သတိုးဝေဇ**

**မိစ္ဆာတစ်ကောင်ရဲ့ အာခံတွင်းထဲမှာ**
**ဝှက်ထားတဲ့ သေမိန့်**



www.burmeseclassic.com